မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

## အကျိုးစီးပွားဖြစ်ထွန်းနိုင်

မိမိရရှိထားသော ဥစ္စာပစ္စည်းတို့သည် လည်းကောင်း၊ သဒ္ဓါတရားတို့သည် လည်းကောင်း ပိုင်ဆိုင်ထားရုံ၊ မိမိနှင့် အတူရှိရုံမျှနှင့် အကျိုးမရှိချေ။ ယင်းတို့ကို အသုံးပြု၍ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်နိုင်ခြင်းသည်သာလျှင် အကျိုးစီးပွားဖြစ်ထွန်းနိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)

၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၃ ရက် | ၂၀၁၈ ခုနှစ်၊ ဩဂုတ် ၉ ရက်၊ ကြာသပတေးနေ့ | အတွဲ (၅၇)၊ အမှတ် (၃၁၁)

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးသံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးနိုင်ငံ သံအမတ်ကြီး H.E. Mr. Daniel Zonshine အား လက်ခံတွေ့ဆုံစဉ်။** သတင်းစဉ်

**နေပြည်တော် ဩဂုတ် ၈**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးနိုင်ငံ သံအမတ်ကြီး H.E. Mr. Daniel Zonshine အား ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-အစ္စရေး နှစ်နိုင်ငံဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှု ပိုမိုမြှင့်တင်ရေး၊ စိုက်ပျိုးရေးကဏ္ဍ၊ စက်မှုကဏ္ဍ၊ နည်းပညာကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေး၊ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် ပိုမိုပူးပေါင်းဆောင်ရွက်ရေး စသည့်ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

## ပြည်ထောင်စုလွှတ်တော် နာယက ဦးတီခွန်မြတ် ရှစ်လေးလုံး ဒီမိုကရေစီ အရေးတော်ပုံ နှစ်(၃၀)ပြည့် အခမ်းအနားသို့ သဝဏ်လွှာ ပေးပို့

စာ ၄




## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ရှစ်လေးလုံး ဒီမိုကရေစီ အရေးတော်ပုံ နှစ်(၃၀)ပြည့် အခမ်းအနားသို့ သဝဏ်လွှာ ပေးပို့

စာ ၅



KBZ BANK
STRENGTH OF MYANMAR
BEST BANK IN MYANMAR
Awarded by World Finance
Awarded by Euromoney
Awarded by The FinanceAsia

မြန်မာ့အလင်း

# မြန်မာ-ဂျပန်နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာတာရိုခိုနိုတို့က နှစ်နိုင်ငံပူးတွဲသတင်းစာရှင်းလင်းပွဲတစ်ရပ်ကို ၂၀၁၈ ခုနှစ် သြဂုတ်လ ၆ ရက်နေ့က နေပြည်တော်တွင် ကျင်းပခဲ့ပါသည်။ အဆိုပါနှစ်နိုင်ငံပူးတွဲသတင်းစာရှင်းလင်းပွဲသည် နှစ်နိုင်ငံကြားသမိုင်းစဉ်ဆက်တည်ရှိခဲ့သည့် ချစ်ကြည်ရင်းနှီးမှုနှင့် အနာဂတ်ကာလတွင် တိုးတက်ဖြစ်ထွန်းပေါ်ပေါက်လာမည့် ချစ်ကြည်ရင်းနှီးမှုတို့ကို ထင်ဟပ်ဖော်ပြလျက်ရှိပါသည်။

နှစ်နိုင်ငံပြည်သူများ ရင်ဆိုင်ခံစားရလျက်ရှိသော ရေဘေးဒုက္ခအပေါ် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဂျပန်နိုင်ငံခြားရေးဝန်ကြီးတို့က စာနာမိကြောင်း အပြန်အလှန်နွေးနွေးထွေးထွေးဖော်ပြခဲ့ခြင်းသည် နှစ်နိုင်ငံဆက်ဆံရေး၏ နက်ရှိုင်းခိုင်မာမှုကို လှစ်ဟဖော်ပြနေပါသည်။ ဂျပန်နိုင်ငံခြားရေးဝန်ကြီးက ဇူလိုင်လခရီးစဉ်အတွင်း ကတိကဝတ်ပြုခဲ့သော ရန်ကုန်မြို့ပြဖွံ့ဖြိုးတိုးတက်ရေး၊ သယ်ယူပို့ဆောင်ရေးနှင့် လျှပ်စစ်ကဏ္ဍများ၌ မြန်မာပြည်သူတို့၏ နေထိုင်မှုဘဝအဆင့်မြှင့်တင်ရေးတို့အား ထပ်လောင်းအာမခံပြောကြားခဲ့ပါသည်။

ဂျပန်နိုင်ငံခြားရေးဝန်ကြီးသည် နိုင်ငံတော်အစိုးရက အကောင်အထည်ဖော်လျက်ရှိသည့် လွတ်လပ်သောစုံစမ်းရေး ကော်မရှင်ဖွဲ့စည်းမှုအပါအဝင် ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် နားလည်မှုစာချွန်လွှာ (MoU) ရေးထိုးခဲ့ခြင်းအပေါ် အသိအမှတ်ပြုတန်ဖိုးထားကြောင်း ဖွင့်ဟပြောဆိုခဲ့ပါသည်။ ထို့အပြင် ဂျပန်နိုင်ငံခြားရေးဝန်ကြီးက ရခိုင်ပြည်နယ်တစ်ခုလုံး၏ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအပါအဝင် ပြည်သူလူထု၏နေထိုင်မှုဘဝအဆင့်မြှင့်တင်ရေး အရေးပါပုံကိုလည်း အသိအမှတ်ပြုပြောကြားခဲ့ပါသည်။ ဤကဲ့သို့ အသိအမှတ်ပြုပြောကြားခြင်းနှင့်အတူ ဂျပန်နိုင်ငံခြားရေးဝန်ကြီးက ရထားလမ်း၊ ကားလမ်းများတည်ဆောက်ရေးနှင့် လျှပ်စစ်မီးရရှိရေးအပါအဝင် ကျောင်းဆောက်လုပ်ရေးလုပ်ငန်းများအတွက် ကူညီပံ့ပိုးမှုများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကတိကဝတ်ပြု ပြောကြားခဲ့ပါသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုအား ခိုင်မာသည်ထက်ခိုင်မာစေရေးဆောင်ရွက်ရာ၌ ရုပ်ပိုင်းဆိုင်ရာကိစ္စရပ်များသာမက စိတ်ပိုင်းဆိုင်ရာကိစ္စရပ်တို့၏အရေးပါပုံကို အလေးအနက်ထား ပြောကြားခဲ့ပါသည်။ စိတ်ပိုင်းဆိုင်ရာကိစ္စရပ်ဟူသည် နှစ်နိုင်ငံပြည်သူလူထုကြား ပိုမိုနားလည်ခင်မင်မှုရှိရေးဖြစ်ကြောင်းကိုပါ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က အဓိပ္ပာယ်ဖွင့်ဆိုပြောကြားခဲ့ပါသည်။ ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ဒေါက်တာကိုဖီအာနန်ကော်မရှင်၏ အကြံပြုချက် (၈၈)ချက် အနက် (၈၁)ချက် အကောင်အထည်ဖော်ပြီးဖြစ်သည်ကို ထောက်ပြပြောဆိုခဲ့ပါသည်။ ကျန်ရှိသော (၇)ချက်က ရေရှည်အကောင်အထည်ဖော်မှုဖြစ်မြောက်နိုင်မည်ကိုလည်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ရှင်းလင်းပြောဆိုခဲ့ပါသည်။ ရခိုင်ပြည်နယ်အရေး၏ ရေရှည်ကိုင်တွယ်ဖြေရှင်းရန် လိုအပ်ပုံကိုလည်း ဂျပန်နိုင်ငံခြားရေးဝန်ကြီးက လက်ခံအသိအမှတ်ပြု ပြောကြားခဲ့ပါသည်။ ဤနှစ်နိုင်ငံပူးတွဲသတင်းစာရှင်းလင်းပွဲက မြန်မာ-ဂျပန်နှစ်နိုင်ငံ၏ စဉ်ဆက်မပြတ် ခိုင်မာတောင့်တင်းလျက်ရှိသော ချစ်ကြည်ရင်းနှီးမှုကို ဖော်ပြနေပါကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ ။

**စာပေမြင့်မှ လူမျိုးတင့်မည်**

## နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းပြုလုပ်ပေး

**နေပြည်တော် သြဂုတ် ၈**

နေပြည်တော် ဇေယျာသီရိမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနရုံးမှ အသက် ၁၀ နှစ် ပြည့်ပြီးသော ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းကို ယနေ့ နံနက်က ကျောက်ချက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

အဆိုပါဆောင်ရွက်မှုတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး ညွှန်ကြားရေးမှူး ဦးထိန်ဝင်း၊ ဒက္ခိဏခရိုင်ဦးစီးမှူးနှင့် ဥတ္တရခရိုင်ဦးစီးမှူးတို့က ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်
လူငယ်
ဘက်စုံဖွံ့ဖြိုးရေးပွဲတော်
(မန္တလေး)
၂၀၁၈ ခုနှစ်၊ သြဂုတ်လ (၁၁၊ ၁၂၊ ၁၃)ရက်၊ (စနေ၊ တနင်္ဂနွေ၊ တနင်္လာ)
နံနက်(၉)နာရီမှ ညနေ (၅)နာရီအထိ မန္တလေးတက္ကသိုလ်ဝင်းအတွင်း ကျင်းပမည်ဖြစ်၍မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။

# လေကြောင်းလမ်းညွှန်ထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးစည်းဝေး

**ရန်ကုန် သြဂုတ် ၈**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက (၆)ကြိမ်မြောက် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ မြန်မာနှင့် ထိုင်းနိုင်ငံတို့၏ လေကြောင်းထိန်းသိမ်းရေးဆိုင်ရာအစည်းအဝေး ATM Coordination Group Meeting (BIMT/6) အား မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် ရန်ကုန်မြို့ Novotel Yangon Max တွင် သြဂုတ် ၇ ရက်မှ ၈ ရက်အထိ ကျင်းပခဲ့သည်။

အဆိုပါ အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က စတင်ကျင်းပခဲ့ရာ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းလွင်က (၆) ကြိမ်မြောက် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ မြန်မာနှင့် ထိုင်းနိုင်ငံတို့၏ လေကြောင်းထိန်းသိမ်းရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေး ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ပြောကြားသည်။




ယင်းအစည်းအဝေးသို့ သက်ဆိုင်ရာနိုင်ငံများမှ မြို့ပြ လေကြောင်းအာဏာပိုင်အဖွဲ့ကိုယ်စားလှယ်များ၊ အပြည်ပြည်ဆိုင်ရာ လေကြောင်းပို့ဆောင်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူများနှင့် အခြားဖိတ်ကြားထားသော အဖွဲ့အစည်းများမှ ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

အဆိုပါ အစည်းအဝေးကို ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ မြန်မာနှင့် ထိုင်းနိုင်ငံတို့အကြားတွင် လေကြောင်းလမ်းညွှန်ထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်နှင့် ပိုမိုပူးပေါင်း ဆောင်ရွက်နိုင်ရန် ICAO ၏ လမ်းညွှန်မှု အရ ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရန်ပုံငွေလွှဲပြောင်း

**ရမ်းဗြဲ သြဂုတ် ၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့က မြို့နယ်ကျေးလက်ဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းမောင်ဦးက အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဦးစီးမှူး ဦးအောင်ထွန်းက ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းကိစ္စရပ်များ၏ ရည်ရွယ်ချက်များကို ကဏ္ဍတစ်ခုချင်းအလိုက် ရှင်းလင်းပြောကြားကာ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရန်ပုံငွေရရှိသည့် ကျေးရွာသုံးရွာဖြစ်သော သစ်ပုတ်တောင်ကျေးရွာ၊ ဖက်ကြပ်ကျေးရွာ၊ ကျက်သရေကျေးရွာတို့အား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရွှေလှအောင်၊ မြို့နယ်ကျေးလက်ဦးစီးမှူးတို့က ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဥက္ကဋ္ဌများထံသို့ ရန်ပုံငွေကျပ်သိန်း ၁၀၀စီကိုပေးအပ်ခဲ့ပြီးမြို့နယ်အုပ်ချုပ်ရေးမှူးက ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း လုပ်ငန်းကိစ္စရပ်များနှင့် ဆက်စပ်၍ လုပ်ငန်းများပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားကြရန် ပြောကြားခဲ့ကြောင်း သိရသည်။

**အောင်လှဖြူ(ရမ်းဗြဲ)**

## ကျောင်းစာအပြင် ပြင်ပဗဟုသုတရရှိရေး စာသင်ကျောင်းများသို့ နယ်လှည့်ကွင်းဆင်းဆောင်ရွက်

**ချောင်းဆုံ သြဂုတ် ၈**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်တွင် ကျောင်းသား ကျောင်းသူများအား ကျောင်းစာအပြင် ပြင်ပဗဟုသုတရရှိစေရန်အတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက စာသင်ကျောင်းများတွင် Mobile စာကြည့်တိုက်ဖွင့်လှစ်ခြင်း၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြသခြင်းများကို လစဉ်ဆောင်ရွက်လျက်ရှိရာ ယမန်နေ့က အဘစ် (နီးမုတ်) အ.မ.က ကျောင်းနှင့် အဘစ် (အ.မ.က) ကျောင်းတို့တွင် ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်မိသူဇာက ကျောင်းသား ကျောင်းသူများအား စာပေဖတ်ရှုခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများနှင့်ပတ်သက်ပြီး ပြောကြားကာ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးနံရံကပ်စာစောင်များ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေး နံရံကပ်စာစောင်များ၊ စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုမှတ်တမ်းများ ပြသပေးခဲ့သည်။

ဆက်လက်၍ စာဖတ်ဝိုင်းများ ပြုလုပ်ပေးခဲ့ပြီး မှတ်ဉာဏ်စွမ်းအား အကောင်းဆုံး ကျောင်းသား ကျောင်းသူများအား စာရေးကိရိယာများ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ချင်းပြည်နယ် အသက်မွေးဝမ်းကျောင်း ပြန်လည်ထူထောင်ရေး အရေးပေါ်ကူညီထောက်ပံ့မှု စီမံကိန်းဆွေးနွေး

**ဟားခါး သြဂုတ် ၈**

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ပေါင်းစုလုပ်အားအကူအညီပေးရေးအဖွဲ့(NAG)တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော ချင်းပြည်နယ် အသက်မွေးဝမ်းကျောင်း ပြန်လည်ထူထောင်ရေး အရေးပေါ် ကူညီထောက်ပံ့မှုစီမံကိန်း၏ ကျေးရွာအုပ်စုအဆင့် ဘေးအန္တရာယ်လျှော့ချရေး အစီအစဉ်များ ရေးဆွဲခြင်း ဆွေးနွေးပွဲကို ယမန်နေ့ နံနက်က ဟားခါးမြို့ CACC ခန်းမ၌ ကျင်းပရာ ဌာနဆိုင်ရာများ၊ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေး အဖွဲ့ဝင်များနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ တက်ရောက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးက ၂၀၁၅ ခုနှစ်က ချင်းပြည်နယ်တွင် ကြုံတွေ့ခံစားနေရသည့် သဘာဝဘေးအန္တရာယ်ကြောင့် ယခု ADB ထောက်ပံ့ရန်ပုံငွေဖြင့် ချင်းပြည်နယ် အသက်မွေးဝမ်းကျောင်း ပြန်လည်ထူထောင်ရေး အရေးပေါ်ထောက်ပံ့မှု စီမံကိန်း၏ လုပ်ငန်းစဉ်ဖြစ်သော ရပ်ရွာအခြေပြု ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးလုပ်ငန်းများကို ဟားခါးမြို့နယ်အတွင်း ကျေးရွာအုပ်စု ၁၃ အုပ်စု၊ ကျေးရွာ ၂၈ ရွာကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်းနှင့် လမ်း၊ တံတားတည်ဆောက်ခြင်း၊ ပြုပြင်ခြင်းလုပ်ငန်းနှင့် ရေပေးရေး၊ မီးလင်းရေးလုပ်ငန်းများကို UNOPS နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းဆွေးနွေးသည်။



ထို့နောက် DRM Planning National Specialist မှ ဦးမင်းမင်းထိုက်က စီမံကိန်း၏ ရည်ရွယ်ချက်နှင့် ဆွေးနွေးပွဲကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး DRM Planning National Specialist မှ ဦးရဲရင့်သူက စီမံကိန်း၏ ချဉ်းကပ်မှုနှင့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ DRM Planning National Specialist မှ ဦးဒုထန်လျန်က ကျေးရွာအုပ်စုများတွင် ရေးဆွဲထားခဲ့ကြသော ဘေးအန္တရာယ်လျှော့ချရေး အစီအစဉ်များကို ဆွေးနွေးကြပြီး တက်ရောက်လာသူများက ကျေးရွာအုပ်စုအဆင့် အစီအစဉ်များပေါ် မူတည်၍ သုံးသပ်ဆွေးနွေးခဲ့ကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**



ပြည်ထောင်စုဝန်ကြီး
ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း



ပြည်ထောင်စုဝန်ကြီး
ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်



ပြည်ထောင်စုဝန်ကြီး
ဒေါက်တာအောင်သူ



ပြည်ထောင်စုဝန်ကြီး
ဦးသန့်စင်မောင်



ပြည်ထောင်စုဝန်ကြီး
ဒေါက်တာမျိုးသိမ်းကြီး



ပြည်ထောင်စုဝန်ကြီး
ဒေါက်တာမြင့်ထွေး

◆ *ကျောဖုံးမှ*

အဆိုပါ ရေဘေးသင့်ပြည်သူများအတွက် ဘေးအန္တရာယ်ကျရောက်ပါက တုံ့ပြန်ဆောင်ရွက်နိုင်ရန် မူလကတည်းက ချမှတ်ထားပြီး အစီအမံများအတိုင်း အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများ၊ ထောက်ပံ့မှုလုပ်ငန်းများကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲကော်မတီနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များက ပံ့ပိုးကူညီထောက်ပံ့မှုများ ပြုလုပ်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီကို ၂၀၁၆ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ယင်းကော်မတီအောက်တွင် လုပ်ငန်းကော်မတီ ၁၂ ခုကို ဖွဲ့စည်းကာ သဘာဝဘေးကာကွယ်ရေး၊ ကယ်ဆယ်၊ ကူညီရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါကြောင်း။

**ကျန်ရှိနေသေးသည့် မိုးရာသီကာလအတွက် ကြိုတင်ပြင်ဆင်**

ယခုအခါ ပျက်စီးဆုံးရှုံးနစ်နာမှုများကို ပြန်လည်ကုစားပေးရမည့်အချိန်ဖြစ်သည့်အတွက် "ဘေးသင့်ဒေသများ အမြန်ပြန်လည်ထူထောင်ရေး ပေါင်းစပ်ညှိနှိုင်းမှုအဖွဲ့"ကို ဖွဲ့စည်းနိုင်ရေး၊ သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသဖြစ်ကြောင်း သတ်မှတ်ခြင်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်းပြီး ဆွေးနွေးနိုင်ရေးနှင့် လက်ရှိသဘာဝဘေးဒဏ် ခံစားခဲ့ရမှု၊ ထောက်ပံ့ကူညီဆောင်ရွက်ပေးထားမှု၊ ဆက်လက်ဆောင်ရွက်ပေးမည့် အစီအစဉ်များနှင့် ကျန်ရှိနေသေးသည့် မိုးရာသီကာလအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်သွားကြမည့် အစီအမံများကို ဝိုင်းဝန်းဆွေးနွေးအကောင်အထည်ဖော်နိုင်ရေးအတွက် ယခုအစည်းအဝေးကို ခေါ်ယူကျင်းပရခြင်း ဖြစ်ပါကြောင်း။

**ဘေးသင့်ဒေသများ အမြန်ပြန်လည်ထူထောင်ရေး ပေါင်းစပ်ညှိနှိုင်းမှုအဖွဲ့ကို ဖွဲ့စည်း**

သဘာဝဘေးတစ်ခုဖြစ်ပေါ်ပြီး အရေးပေါ်ရှာဖွေကယ်ဆယ်ရေး၊ ထောက်ပံ့ကူညီရေးလုပ်ငန်းများ ဆောင်ရွက်မှုအပြီးတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အဆိုပါလုပ်ငန်းများအတွက် လုပ်ငန်းကော်မတီ ၁၂ ခုတွင် ပါရှိသော "ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီ"နှင့် "အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီ"နှစ်ခုက အဓိကဆောင်ရွက်သွားမည် ဖြစ်သော်လည်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို မြန်မြန်ဆန်ဆန် ထိထိရောက်ရောက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရေး၊ ကူညီပံ့ပိုးပေးနိုင်ရေးနှင့် လိုအပ်ချက်များ ပြန်လည်သုံးသပ် ဖြည့်ဆည်းပေးနိုင်ရေးတို့အတွက် "ဘေးသင့်ဒေသများ အမြန်ပြန်လည်ထူထောင်ရေး ပေါင်းစပ်ညှိနှိုင်းမှုအဖွဲ့"ကို ဖွဲ့စည်းတာဝန်ပေးအပ်သွားမည်ဖြစ်ပါကြောင်း။



ပြည်ထောင်စုဝန်ကြီး
ဦးစိုးဝင်း



ပြည်ထောင်စုဝန်ကြီး
ဦးဟန်ဇော်



ပြည်ထောင်စုဝန်ကြီး
ဒေါက်တာဝင်းမြတ်အေး

နိုင်ငံတော်အတွင်း သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသဖြစ်ကြောင်း ကြေညာနိုင်သည့် အခြေအနေနှင့်ပတ်သက်ပြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေနှင့် နည်းဥပဒေများတွင် သတ်မှတ်ပြဋ္ဌာန်းပြီးဖြစ်ပါကြောင်း။

**ဘေးအန္တရာယ်ကျရောက်သောဒေသများအဖြစ် သတ်မှတ်**

၂၀၁၅ ခုနှစ် ဇွန်နှင့် ဇူလိုင်လများတွင် ရေကြီး၊ ရေလျှံ၊ မြေပြိုမှုများ ဖြစ်ပွားခဲ့စဉ်က ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့ကို သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများအဖြစ် သတ်မှတ်ခဲ့ပါကြောင်း၊ ယခုရေကြီးမှု ဖြစ်စဉ်တွင်လည်း ပျက်စီးဆုံးရှုံးမှုပမာဏ၊ ဘေးသင့်လူဦးရေ၊ အိမ်ထောင်စု၊ သေဆုံးမှုတို့အပေါ် မူတည်ပြီး ယခင်ဆောင်ရွက်ခဲ့မှုအခြေအနေနှင့် နှိုင်းယှဉ်သုံးသပ်၍ ဆွေးနွေးအကြံပြုပေးကြရန် ပြောကြားသည်။

ယင်းနောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီ ဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ဘေးသင့်ဒေသများရှိ ရေဘေးသင့်လူဦးရေ၊ ပြောင်းရွှေ့အိမ်ထောင်စု၊ လယ်ယာမြေများ ရေနစ်မြုပ်မှု၊ ပညာရေးနှင့် ကျန်းမာရေးအဆောက်အအုံများ၊ လမ်းတံတားများ၊ ရေတွင်းရေကန်များပျက်စီးဆုံးရှုံးမှုအခြေအနေ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့မှု၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ထောက်ပံ့မှုအခြေအနေ၊ ဘေးသင့်ဒေသများ အမြန်ပြန်လည်ထူထောင်ရေး ပေါင်းစပ်ညှိနှိုင်းမှုအဖွဲ့ ဖွဲ့စည်းနိုင်ရေးနှင့် ပြန်လည်ထူထောင်ရေး ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

**၂၀၁၈ ခုနှစ် ရေဘေးဖြစ်ပွားခဲ့သည့်**
**တိုင်းဒေသကြီးနှင့် ပြည်နယ်များ**

ဆက်လက်၍ စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးစိုးအောင်က သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေနှင့် နည်းဥပဒေတို့တွင် ပြဋ္ဌာန်းချက်များအရ သဘာဝဘေးအန္တရာယ်တစ်ရပ်ရပ်ကြောင့် လူနှင့်တိရစ္ဆာန်အများအပြား သေကျေပျက်စီးဆုံးရှုံးခြင်း၊ အခြေခံအဆောက်အအုံ၊ ပစ္စည်းဥစ္စာနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆိုးရွားစွာ ထိခိုက်ပျက်စီးဆုံးရှုံးခြင်း၊ လုံခြုံရေး၊ ပညာရေးနှင့် ကျန်းမာရေးအပါအဝင် လူမှုရေးကိစ္စများ ဆိုးရွားစွာထိခိုက်ဆုံးရှုံးခြင်း၊ သဘာဝပတ်ဝန်းကျင်ကို ဆိုးရွားစွာထိခိုက်ပျက်စီးစေခြင်း၊ ဘေးသင့်ဒေသ၏ အခြေအနေသည် မူလအခြေအနေသို့ အမြန်ပြန်လည်ရောက်ရှိစေရန် ဆောင်ရွက်ရာတွင် အခက်အခဲရှိခြင်းစသည့် ထူးခြားသောအခြေအနေများဖြစ်ပေါ်မှသာ အဆိုပါဒေသကို သဘာဝဘေးအန္တရာယ်ကျရောက်သည့် ဒေသအဖြစ် ကြေညာနိုင်မည့် အခြေအနေ၊ ၂၀၁၅ ခုနှစ်တွင် သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသဖြစ်ကြောင်း ကြေညာခဲ့သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ပျက်စီးဆုံးရှုံးမှုနှင့် ယခု ၂၀၁၈ ခုနှစ် ရေဘေးဖြစ်ပွားခဲ့သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ပျက်စီးဆုံးရှုံးမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

**နိုင်ငံတကာမှအကူအညီများပေးအပ်ရန် ကမ်းလှမ်းလာ**

ယင်းနောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက မြစ်ကြောင်းများ ထိန်းသိမ်းရမည့် အခြေအနေ၊ လမ်း၊ တံတားပျက်စီးမှုအား ပြန်လည်ပြင်ဆင်ပေးနေမှုနှင့် ဘဏ္ဍာငွေလိုအပ်မှုအခြေအနေ၊ မျိုးစပါးစုဆောင်းထားမှု၊ မျိုးစပါးနှင့် ဓာတ်မြေဩဇာများ ဖြန့်ဝေပေးနိုင်မည့် အခြေအနေ၊ လယ်ယာသုံးစက်ယန္တရားများဖြင့် လယ်ယာမြေများကို ထွန်ယက်ပြုပြင်ပေးသွားမည့် အခြေအနေ၊ ကနဦးလိုအပ်ချက် စစ်တမ်းကောက်ယူမှု၊ ပျက်စီးဆုံးရှုံးမှု အတည်ပြုမှုအခြေအနေ၊ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်မှု၊ ပျက်စီးသွားသည့် စာသင်ကျောင်းများ ပြုပြင်ဆောင်ရွက်နေမှု၊ ဖတ်စာအုပ်နှင့် စာရေးကိရိယာများထောက်ပံ့မှု၊ လျှပ်စစ်ဓာတ်အား ပြန်လည်ရရှိမှု၊ နိုင်ငံတကာမှအကူအညီများ ပေးအပ်ရန် ကမ်းလှမ်းလာမှု၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများအတွက် စုဖွဲ့ထားမှု၊ သဘာဝဘေးဖြစ်ပေါ်လာပါက ဝန်ကြီးဌာနအလိုက် ဆောင်ရွက်ပေးနေမှုများနှင့် ကြိုတင်ပြင်ဆင်ထားမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတက ရှင်းလင်းတင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး ဆောင်ရွက်ရန် လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းပေးကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဒေါက်တာအောင်သူ၊ ဦးသန့်စင်မောင်၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဒေါက်တာမြင့်ထွေး၊ ဦးစိုးဝင်း၊ ဦးဟန်ဇော်၊ ဒေါက်တာဝင်းမြတ်အေး၊ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ ဦးကျော်လင်း၊ ဦးစိုးအောင်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

# လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ မြန်မာနိုင်ငံအတွင်း ဖြစ်ပွားလျက်ရှိသော ရေဘေးသင့်ဒေသများအတွက် အလှူငွေပေးအပ်

**နေပြည်တော် ဩဂုတ် ၈**

မြန်မာနိုင်ငံအတွင်း ဖြစ်ပွားလျက်ရှိသော ရေဘေးသင့်ဒေသများအတွက် Thai Business Association of Myanmar မှ အလှူငွေကျပ် ၈၆၆၀၀၀၀၀၊ Myanmar C.P. Livestock Co. Ltd မှ အလှူငွေကျပ် ၂၀၀၀၀၀၀၊ Royal Thai Embassy,Yangon မှ အလှူငွေကျပ် ၁၀၀၀၀၀၀၊ Bangkok Bank မှ အလှူငွေ အမေရိကန်ဒေါ်လာ ၁၀၀၀၀၊ PTTEP မှ အလှူငွေ အမေရိကန်ဒေါ်လာ ၁၅၀၀ တို့ကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ ထိုင်းသံရုံး ယာယီတာဝန်ခံ Mr. Narong Boonsatheanwong ဦးဆောင်သောအဖွဲ့မှ နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ လာရောက်ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(ယာပုံ)** **သတင်းစဉ်**




## တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဩဂုတ် ၈**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ ကယားပြည်နယ်တွင် နေရာကွက်ကျား၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့် တောင်ပိုင်း)တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ကြာအင်းဆိပ်ကြီးမြို့တွင် ၄ ဒသမ ၀၆ လက်မ၊ ခရမ်းမြို့တွင် ၃ ဒသမ ၃၅ လက်မ၊ မုဒုံမြို့တွင် ၂ ဒသမ ၈၃ လက်မ၊ ကော့သောင်းမြို့တွင် ၂ ဒသမ ၈၀ လက်မ၊ သထုံမြို့တွင် ၂ ဒသမ ၆၈ လက်မ၊ ကော့ကရိတ်မြို့နှင့် ပိုင်ကျုံမြို့တို့တွင် ၂ ဒသမ ၆၀ လက်မစီ၊ လောင်းလုံးမြို့တွင် ၂ ဒသမ ၄၄ လက်မ၊ လှိုင်းဘွဲ့မြို့တွင် ၂ ဒသမ ၄၀ လက်မ၊ ကတိုင်တီတွင် ၂ ဒသမ ၃၀ လက်မနှင့် မြိတ်မြို့တွင် ၂ ဒသမ ၂၄ လက်မတို့ ဖြစ်ကြသည်။

မိုး/ဇလ

# ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ် ရှစ်လေးလုံး ဒီမိုကရေစီ အရေးတော်ပုံ နှစ်(၃၀)ပြည့် အခမ်းအနားသို့ သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၈

**ပြည်ထောင်စုလွှတ်တော်နာယကထံမှ ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံ နှစ်(၃၀)ပြည့် အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**

### ပြည်ထောင်စုလွှတ်တော် နာယက ဦးတီခွန်မြတ်က ရှစ်လေးလုံးအရေးတော်ပုံ နှစ်(၃၀) ပြည့် အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာ

ယနေ့ ကျင်းပပြုလုပ်တဲ့ ရှစ်လေးလုံးအရေးတော်ပုံ နှစ်(၃၀)ပြည့် အခမ်းအနားသို့ တက်ရောက်လာကြတဲ့ အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များနဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့ရင်း နှုတ်ခွန်း ဆက်သအပ်ပါတယ်။

လွှတ်တော်များဟာ ဒီမိုကရေစီစနစ်ရဲ့အခြေခံအုတ်မြစ် ဖြစ်သလို နိုင်ငံတစ်နိုင်ငံ၏ အသက်ဝိညာဉ်၊ အသက်သွေးကြော များ ဖြစ်တယ်လို့ ပြောစမှတ်ပြုကြပါတယ်။ ဥပဒေပြုအာဏာ ကို ကျင့်သုံးကြရတဲ့ လွှတ်တော်များဟာ ပြည်သူများကို ကိုယ်စားပြုပြီး ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒ၊ ပြည်သူ့ သဘော ထားနဲ့ ပြည်သူများရဲ့ လိုအပ်ချက်များကို သိရှိခံစားပြီး ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်အောင် ကြိုးစားဆောင်ရွက် လျက်ရှိပါတယ်။

နိုင်ငံတော်က ချမှတ်ထားတဲ့ မူဝါဒ၊ လုပ်ငန်းစဉ်များကို အခြေခံပြီး ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကြီး ဖြစ်ထွန်း ပေါ်ပေါက်လာရေးအတွက် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များနဲ့အတူ မိမိ၏ ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေတာကို အားလုံး အသိပဲ ဖြစ်ပါတယ်။

ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးမှာ ပြည်သူလူထုက ချက်ချင်းအကောင်အထည်ပေါ်လာမှုကို မြင်တွေ့လိုကြသော် လည်း ဒီမိုကရေစီ၏ ပင်ကိုအခြေခံသဘောတရားအရ တစ်ခါတစ်ရံမှာ လက်ငင်းအဖြေထွက်ဖို့ထက် အချိန်ကာလ တစ်ခုယူရန် လိုအပ်တာကိုလည်း သတိပြုကြရမှာဖြစ်ပါတယ်။ မည်သို့ပင်ဆိုစေကာမူ ၂၁ ရာစု၏ စိန်ခေါ်မှုများကို ရင်ဆိုင် ဖြေရှင်းနိုင်ရန် စစ်မှန်သော ဒီမိုကရေစီစနစ်မှတစ်ပါး အခြား စနစ် မရှိတော့ပါကြောင်း ပြောကြားလိုပါတယ်။

ဒီမိုကရေစီစနစ် ပိုမိုခိုင်မာလာအောင် အရှိန်အဟုန် မြှင့်တင်ပြီး ဆက်လက်လုပ်ဆောင်သွားကြရမှာ ဖြစ်သလို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးညှိနှိုင်း အဖြေရှာပြီး ပူးပေါင်းဆောင်ရွက်မှုများကိုလည်း မဖြစ်မနေ ဆက်လက်ဆောင်ရွက်သွားကြရဦးမှာ ဖြစ်ပါတယ်။

နိုင်ငံသားအားလုံးကလည်း တည်ဆဲဥပဒေများကို လေးစားလိုက်နာပြီး ပြည်သူများရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုး တိုးတက်ရေးကို ရည်ရွယ်၍ ပါတီစွဲ၊ လူမျိုးစွဲ၊ ဒေသစွဲ၊ ဘာသာစွဲ၊ အယူဝါဒစွဲများ မထားရှိကြဘဲ နိုင်ငံတော်နှင့် ပြည်သူလူထုအကျိုးစီးပွား ဖြစ်ထွန်းမှုအတွက် မိမိတို့ အားလုံးအတူ ဝိုင်းဝန်းကူညီပူးပေါင်း လုပ်ဆောင်သွားကြဖို့ လိုအပ်မှာ ဖြစ်ပါတယ်။

ဒါကြောင့် ကျွန်တော်တို့ရဲ့ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး ခရီးစဉ်ကို ကြိုးပမ်းဖော်ဆောင်ကြရာမှာ မိမိတို့ကျရာ အခန်းကဏ္ဍကနေပြီး နိုင်ငံတော်နဲ့ ပြည်သူများအပေါ် စိတ်ရင်း စေတနာ မှန်ကန်စွာနဲ့ အမြော်အမြင်ရှိရှိ နည်းလမ်းမှန်မှန်ဖြင့် ကိုယ်စီတာဝန်များ ကျေပွန်အောင် ဆက်လက်ကြိုးပမ်း ဆောင်ရွက်ကြခြင်းဖြင့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စု တစ်ရပ် ပေါ်ထွန်းလာရေးလုပ်ငန်းစဉ်များ ပိုမိုတိုးတက်လာ မည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း နှုတ်ခွန်းဆက်စကား ပြောကြားလိုက်ပါတယ်။

**ဦးတီခွန်မြတ်**
**နာယက**
**ပြည်ထောင်စုလွှတ်တော်**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၈**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးနိုင်ငံ သံအမတ်ကြီး H.E. Mr. Daniel Zonshine အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

တွေ့ဆုံစဉ် အစ္စရေး-မြန်မာ နှစ်နိုင်ငံလွှတ်တော်အချင်းချင်း၊ ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက် ရေးဆိုင်ရာ ကိစ္စရပ်များ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးရေးကဏ္ဍဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးနိုင်ငံ သံအမတ်ကြီး H.E. Mr. Daniel Zonshine အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေနှင့်အဖွဲ့ (၇)ကြိမ်မြောက် ဘာလီလုပ်ငန်းစဉ် ဝန်ကြီးအဆင့်ညီလာခံတက်ရောက်

**ရန်ကုန် ဩဂုတ် ၈**

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးကျော်ဆွေ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ် အဖွဲ့သည် အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့ Bali International Convention Centre တွင် ဩဂုတ် ၇ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ကျင်းပသည့် လူမှောင်ခို၊ လူကုန်ကူးမှုနှင့် ဆက်စပ်သော နိုင်ငံဖြတ်ကျော်မှုခင်းများ ဆိုင်ရာ (၇)ကြိမ်မြောက် ဘာလီလုပ်ငန်းစဉ် ဝန်ကြီးအဆင့် ညီလာခံနှင့် အစိုးရများနှင့် စီးပွားရေးလုပ်ငန်းရှင်များအကြား ဝန်ကြီးအဆင့်ဖိုရမ်သို့ တက်ရောက်သည်။ **(ယာပုံ)**

**ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်**

အဆိုပါ ဘာလီလုပ်ငန်းစဉ် ဝန်ကြီးအဆင့် ညီလာခံနှင့် ဖိုရမ်တို့တွင် အင်ဒိုနီးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mrs. Retno Marsudi၊ ဩစတြေးလျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mrs. Julie Bishop တို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်၍ ဘာလီလုပ်ငန်းစဉ်အဖွဲ့ဝင် ၄၅ နိုင်ငံတို့မှ ဝန်ကြီး အဆင့်များ၊ UNHCR၊ UNDP နှင့် IOM တို့မှ အကြီးအကဲ များ တက်ရောက်သည်။

နိုင်ငံများအလိုက် ဆွေးနွေးမှုတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် လူမှောင်ခို၊ လူကုန်ကူးမှုများတိုက်ဖျက် ရေးတွင် ကြိုးပမ်းဆောင်ရွက်နေမှုများ၊ ဒေသတွင်း၊ နိုင်ငံတကာ နှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွား သူများ ပြန်လည်လက်ခံရေးတို့နှင့် စပ်လျဉ်း၍ နှစ်နိုင်ငံ သဘော တူညီချက်များ လေးစားလိုက်နာရေးတို့ကို ဆွေးနွေး ပြောကြားသည်။

ဘာလီလုပ်ငန်းစဉ် ဝန်ကြီးအဆင့် ညီလာခံ၊ ဖိုရမ်တို့နှင့် စပ်လျဉ်းသည့် အဆင့်မြင့်အရာရှိကြီးများအဆင့် အစည်းအဝေး ကို ဩဂုတ် ၆ ရက် နံနက် ၉ နာရီမှ ညနေ ၃ နာရီခွဲအထိ အဆိုပါ စင်တာတွင် ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယ ရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦး ဦးဆောင်သည့် မြန်မာကိုယ်စား လှယ်အဖွဲ့ တက်ရောက်ခဲ့ပြီး ဝန်ကြီးအဆင့်ညီလာခံ၏ ထုတ်ပြန်ကြေညာချက်(မူကြမ်း) လူမှောင်ခို၊ လူကုန်ကူးမှုများနှင့် ပုံမှန်မဟုတ်သော ရွှေ့ပြောင်းသွားလာသူများနှင့် ပတ်သက်၍ မြန်မာနိုင်ငံမှ ပူးပေါင်းဆောင်ရွက်ချက်များကို ဖြည့်စွက် ဆွေးနွေးသည်။



**ပူးပေါင်းဆောင်ရွက်မှုဖြင့်သာ ဖြေရှင်းနိုင်**

ပြည်ထောင်စုဝန်ကြီးသည် ဘာလီလုပ်ငန်းစဉ် ဝန်ကြီး အဆင့် ညီလာခံနှင့် ဖိုရမ်သို့ တက်ရောက်စဉ်အတွင်း အင်ဒိုနီးရှား နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး၊ ဩစတြေးလျနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးနှင့် UNHCR မဟာမင်းကြီး Mr. Filippo Grandi တို့အား သီးခြားစီတွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများနှင့် စပ်လျဉ်း၍ ဖြစ်ရပ်မှန်များနှင့် ပကတိအခြေအနေများ၊ နိုင်ငံတကာ၏ ပြစ်တင်ဝေဖန်မှုများနှင့် ဖိအားများကြောင့် ပိုမိုရှုပ်ထွေးစေပြီး ပြဿနာများ တိုးပွားလာ စေပါကြောင်း၊ အပြုသဘောဆောင်သည့် ပူးပေါင်းဆောင်ရွက် မှုဖြင့်သာ ပြေလည်အောင် ဖြေရှင်းနိုင်မည်ဟု ယုံကြည်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်အပြည်ပြည် ဆိုင်ရာလေဆိပ်သို့ ယနေ့ ညနေ ၄ နာရီခွဲတွင် ပြန်လည် ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အတွင်းရေး မှူးနှင့် ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ကြိုဆိုခဲ့ကြ ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ရှစ်လေးလုံးဒီမိုကရေစီ အရေးတော်ပုံ နှစ်(၃၀)ပြည့် အခမ်းအနားသို့ သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၈

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းထံမှ ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံ နှစ်(၃၀)ပြည့် အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-**

## ရှစ်လေးလုံးအရေးတော်ပုံ နှစ်(၃၀)ပြည့် အခမ်းအနားဖြစ်မြောက်ရေးကော်မတီသို့ ပေးပို့သော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ သဝဏ်လွှာ

၂၀၁၈ ခုနှစ်၊ ဩဂုတ်လ (၈)ရက်နေ့တွင် ကျရောက်သော ရှစ်လေးလုံးအရေးတော်ပုံ နှစ်(၃၀)ပြည့် အခမ်းအနားသို့ ဂုဏ်ယူဝမ်းမြောက်စွာဖြင့် သဝဏ်လွှာပေးပို့အပ်ပါသည်။

မြန်မာနိုင်ငံ၏ ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံမှသည် တစ်ပါတီစနစ်မှ ပါတီစုံဒီမိုကရေစီစနစ်သို့ ကျင့်သုံးရန် ဦးတည်နိုင်ခဲ့ပြီး ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေး လမ်းကြောင်းပေါ်သို့ ရောက်ရှိခဲ့ကြပြီဖြစ်ပေသည်။

မြန်မာနိုင်ငံ၌ နှစ်အတော်ကြာ ပျောက်ကွယ်ခဲ့သည့် နိုင်ငံရေးမျိုးဆက်တို့ ပြန်လည်ရှင်သန်ခွင့်ရရှိခဲ့ပြီး ဒီမိုကရေစီ တောင်းဆိုမှု၏ အကြီးမားဆုံးလူထုလှုပ်ရှားမှုကြီးအဖြစ် ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံတွင် တည်ရှိခဲ့ပြီး ဖြစ်ပေသည်။

ပြည်သူလူထုကြီးတစ်ရပ်လုံး နှစ်ပေါင်းများစွာ မျှော်လင့်တောင့်တလျက်ရှိသည့် ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ပေါက်လာစေရန် ယခုအချိန်တွင် ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲများ၊ စိန်ခေါ်မှုများ၊ ပဋိပက္ခများ မည်မျှပင်ကြုံတွေ့စေကာမူ ယုံကြည်ခြင်းကို သစ္စာပြု၍ အန္တိမရည်မှန်းချက်ကို အတူတကွ စုပေါင်းအင်အားဖြင့် တွဲလက်မဖြုတ်စတမ်း ကြိုးပမ်းတည်ဆောက်သွားကြရမည်ဖြစ်ပေသည်။

ရှစ်လေးလုံးအရေးတော်ပုံ နှစ်(၃၀)ပြည့် အခမ်းအနားမှသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး အမျိုးသားပြန်လည်သင့်မြတ်ရေးကို အလေးထားဆောင်ရွက်ပြီး အနာဂတ်ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီးဆီသို့ နိုင်ငံသားတိုင်း မိမိတို့တတ်စွမ်းသည့်ဘက်မှ နိုင်ငံတော်အတွက် အုတ်တစ်ချပ်၊ သဲတစ်ပွင့်ပမာ ပါဝင်အထောက်အပံ့ပြုနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် သဝဏ်လွှာပေးပို့အပ်ပါသည်။

**မန်းဝင်းခိုင်သန်း**
**ဥက္ကဋ္ဌ**
**အမျိုးသားလွှတ်တော်**



ရှစ်လေးလုံး ဒီမိုကရေစီ အရေးတော်ပုံ နှစ်(၃၀)ပြည့် အခမ်းအနား ဖြစ်မြောက်ရေး ကော်မတီ ကိုယ်စား ဦးမင်းကိုနိုင် နှုတ်ခွန်းဆက် စကား ပြောကြားစဉ်။



ရှစ်လေးလုံး ဒီမိုကရေစီ အရေးတော်ပုံ နှစ်(၃၀)ကာလ ပြန်လည် သုံးသပ်ခြင်း ဆွေးနွေးပွဲမှ ရရှိလာသော သုံးသပ် အကြံပြုချက် များကို ဦးသက်ထွန်း ဖတ်ကြားစဉ်။



ရှစ်လေးလုံး ဒီမိုကရေစီ အရေးတော်ပုံ နှစ်(၃၀)ပြည့် အခမ်းအနားတွင် ဦးကိုကိုကြီး ကျေးဇူးတင် စကား ပြောကြားစဉ်။

❊ ကျောဖုံးမှ

ရဟန်းရှင်လူ ပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုက်ပွဲဝင် ခွပ်ဒေါင်းအလံအား အလေးပြုပြီးနောက် ခေတ်အဆက်ဆက် ဒီမိုကရေစီတိုက်ပွဲများတွင် ကျဆုံးခဲ့သော ရဟန်းရှင်လူ ကျောင်းသားပြည်သူများကို ဦးညွှတ်ဂုဏ်ပြုသောအားဖြင့် ရှစ်စက္ကန့် ငြိမ်သက်ခဲ့ကြသည်။

ယင်းနောက် ရှစ်လေးလုံးဒီမိုကရေစီ အရေးတော်ပုံနှစ် (၃၀)ပြည့် အခမ်းအနား ဖြစ်မြောက်ရေးကော်မတီ ကိုယ်စား ဦးမင်းကိုနိုင်က နှုတ်ခွန်းဆက် အမှာစကား ပြောကြားသည်။

ထို့နောက် ရှစ်လေးလုံးဒီမိုကရေစီ အရေးတော်ပုံ နှစ် (၃၀)ပြည့် အခမ်းအနားသို့ ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ် ပေးပို့သည့် သဝဏ်လွှာကို ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ကျောင်းသားသမဂ္ဂမှ ကိုစည်သူထွန်းက ဖတ်ကြားသည်။

**(ပြည်ထောင်စုလွှတ်တော် နာယက၏သဝဏ်လွှာကို စာမျက်နှာ ၄ တွင် ဖော်ပြထားပါသည်)**

ဆက်လက်၍ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ပေးပို့သည့် သဝဏ်လွှာကို သန်လျင်နည်းပညာတက္ကသိုလ် ကျောင်းသားသမဂ္ဂမှ ကိုလင်းထက်က ဖတ်ကြားသည်။

**(အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ၏ သဝဏ်လွှာကို သီးခြားဖော်ပြထားပါသည်)**

အလားတူ ရှစ်လေးလုံးဒီမိုကရေစီ အရေးတော်ပုံ နှစ်(၃၀)ပြည့် အခမ်းအနားသို့ နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ နိုင်ငံတကာသံရုံးများနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းအသီးသီးတို့က သဝဏ်လွှာများ ပေးပို့ခဲ့ကြပြီး သဝဏ်လွှာများအား မှတ်တမ်းတင်ထားရှိမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ရှစ်လေးလုံးဒီမိုကရေစီ အရေးတော်ပုံ နှစ် (၃၀) ကာလ ပြန်လည်သုံးသပ်ခြင်း ဆွေးနွေးပွဲမှ ရရှိလာသော သုံးသပ်အကြံပြုချက်များကို ရှစ်လေးလုံး ဒီမိုကရေစီ အရေးတော်ပုံ နှစ် (၃၀) ပြည့် အခမ်းအနားဖြစ်မြောက်ရေး ကော်မတီ ကိုယ်စား ဦးသက်ထွန်းက ဖတ်ကြားပြီး ဦးကိုကိုကြီးက ကော်မတီကိုယ်စား ကျေးဇူးတင်စကားပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံ နှစ် (၃၀) ပြည့် အခမ်းအနားကို ပထမဆုံးအကြိမ်အဖြစ် ဩဂုတ် ၆ ရက်မှ ၈ ရက်အထိ သုံးရက်တိုင် ရန်ကုန်တက္ကသိုလ် အပန်းဖြေရိပ်သာတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ခြင်းဖြစ်ပြီး ရှစ်လေးလုံးအရေးတော်ပုံမတိုင်မီ နိုင်ငံရေးအခြေအနေများ၊ အရေးတော်ပုံကာလအတွင်း လှုပ်ရှားမှုပုံရိပ် မှတ်တမ်းဓာတ်ပုံများ၊ အရေးတော်ပုံကာလအတွင်း အသုံးပြုခဲ့သည့် အသုံးအဆောင်ပစ္စည်းများနှင့်အလံများ၊ အရေးတော်ပုံနှင့် ပတ်သက်သည့် ကာတွန်းပိုစတာများကို အများပြည်သူများ လာရောက်ကြည့်ရှုနိုင်ရန် ခင်းကျင်းပြသထားသည်။

**သတင်းစဉ်**



ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံ နှစ်(၃၀)ပြည့် အခမ်းအနားတွင် ပြသထားသော ပြခန်းများရှိ မှတ်တမ်းဓာတ်ပုံများကို ပြည်သူများ ကြည့်ရှုနေစဉ်။ သတင်းစဉ်

# တတိယအကြိမ် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကဏ္ဍ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ စည်းဝေး



**နေပြည်တော် ဩဂုတ် ၈**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၏ တတိယအကြိမ်မြောက် အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲက နေပြည်တော် ရုံးအမှတ်(၂၈) ကျွန်းရွှေဝါခန်းမ၌ ကျင်းပရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ဥက္ကဋ္ဌ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။ **(ဓါတ်ပုံ)**

ပြည်ထောင်စုဝန်ကြီးက ၂၀၁၇ ခုနှစ်အတွင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့သည် အစည်းအဝေးကို နှစ်ကြိမ် ကျင်းပနိုင်ခဲ့ပြီး ပထမအကြိမ်တွင် အဖွဲ့ဝင်များ၊ ကဏ္ဍခွဲများ ဖွဲ့စည်းနိုင်ရေးကို ဆွေးနွေးခဲ့ပါကြောင်း၊ ဒုတိယအကြိမ်တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့နှင့် ၎င်းအဖွဲ့အောက်ရှိ အဖွဲ့ခွဲများအတွက် ဖွံ့ဖြိုးမှုမိတ်ဖက်များဘက်မှ ဆက်သွယ်ဆောင်ရွက်မည့်သူများ သတ်မှတ်နိုင်ခဲ့ပါကြောင်း၊ ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာ မူဝါဒနှင့်အညီဖြစ်စေရန်၊ ဖွံ့ဖြိုးမှုအကူအညီများ ထိရောက်စွာအသုံးချရန်၊ မိမိတို့ကဏ္ဍ၏ ဦးစားပေးစီမံကိန်းများ ဖော်ထုတ်ရန် ရည်ရွယ်၍ ဤအစည်းအဝေးကို ကျင်းပခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အစည်းအဝေးတွင် သစ်တောကဏ္ဍခွဲပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ဥက္ကဋ္ဌ၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်၊ ပတ်ဝန်းကျင်ကာကွယ်ရေးကဏ္ဍခွဲ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ ဥက္ကဋ္ဌ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမောင်သိန်းနှင့် အစိမ်းရောင်သတ္တုကဏ္ဍခွဲပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ဥက္ကဋ္ဌ၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲမြင့်ဆွေတို့က ကဏ္ဍခွဲပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ခွဲများ၏ အဆိုပြု ဦးစားပေးစီမံကိန်းများနှင့် ၎င်းတို့၏ ခန့်မှန်းကုန်ကျစရိတ်များကို တင်ပြဆွေးနွေးကြပြီး တက်ရောက်အဖွဲ့အစည်းအသီးသီးမှ ဦးစားပေးစီမံကိန်းများ ရွေးချယ်ရေး၊ ဦးစားပေးစီမံကိန်းများသည် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP) နှင့် လိုက်လျောညီထွေဖြစ်ရေး၊ လုပ်ငန်းအဖွဲ့ဖွဲ့စည်းရေး၊ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းများ စသည်တို့နှင့်ပတ်သက်၍ ဝိုင်းဝန်းဆွေးနွေး အကြံပြုခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမ ပုံမှန်အစည်းအဝေး သတ္တမနေ့ ကျင်းပ

**နေပြည်တော် ဩဂုတ် ၈**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမ ပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ကြယ်ပွင့်ပြမေးခွန်းများနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် အောင်သူ ရှင်းလင်းဖြေကြားခြင်းနှင့် အဆိုတစ်ခု ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ကလေးမဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ(ခ) ဒေါ်ရှားမီး၏ **နိုင်ငံ့ဝန်ထမ်းများ Passport လျှောက်ထားခွင့်နှင့် (VISA) ကင်းလွတ်ခွင့်ပြုထားသော နိုင်ငံများသို့ ခရီးသွားလာလိုလျှင် ပြည်ပထွက်ခွာခွင့် (Ex-Myanmar Leave) အား နေပြည်တော်ရုံးချုပ်အထိ တင်ရခြင်းမှ ကင်းလွတ်ခွင့်ပြုရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၇၃ နည်းဥပဒေခွဲ(က)တွင် အရာထမ်းအဆင့်ဝန်ထမ်းများအတွက် ခွင့်ကို သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအကြီးအမှူး သို့မဟုတ် လုပ်ပိုင်ခွင့်အပ်နှင်းထားခြင်းခံရသူ ခွင့်ပြုနိုင်သည်ဟူ၍ လည်းကောင်း၊ နည်းဥပဒေခွဲ(ခ)တွင် အမှုထမ်းအဆင့် ဝန်ထမ်းများအတွက် ခွင့်ကို ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး သို့မဟုတ် လုပ်ပိုင်ခွင့်အပ်နှင်းထားခြင်းခံရသူခွင့်ပြုနိုင်သည်ဟူ၍ လည်းကောင်း ပြဋ္ဌာန်းပါရှိပါကြောင်း။

## နိုင်ငံ့ဝန်ထမ်းများ ပြည်ပသို့ သွားရောက်သည့်အခါ ပြည်ပတွင် ကြုံတွေ့နိုင်သည့် အခက်အခဲများနှင့် အခြားအုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များကို သက်ဆိုင်ရာ ဝန်ကြီးဌာနအနေဖြင့် တာဝန်ယူဖြေရှင်းရမည်ဖြစ်

နိုင်ငံ့ဝန်ထမ်းများပြည်ပသို့သွားရောက်သည့်အခါ ပြည်ပတွင် ကြုံတွေ့နိုင်သည့် အခက်အခဲများနှင့် အခြားအုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များကို သက်ဆိုင်ရာ ဝန်ကြီးဌာနအနေဖြင့် တာဝန်ယူဖြေရှင်းရမည်ဖြစ်သဖြင့် သက်ဆိုင်ရာဝန်ကြီးဌာန နှင့် အဖွဲ့အစည်းအကြီးအမှူးတို့က တာဝန်ခံပြီး ပြည်ပခံစားခွင့် (Ex- Myanmar Leave) ကို ခွင့်ပြုခြင်းသာ ပိုမိုသင့်လျော်သည်ကို စိစစ်တွေ့ရှိရပါကြောင်း၊ ထိုသို့ တွေ့ရှိချက်အရ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့အနေဖြင့် နိုင်ငံ့ဝန်ထမ်းများ နိုင်ငံကူးလက်မှတ် လျှောက်ထားရာတွင် ပြည်ပခံစားခွင့် (Ex-Myanmar Leave)ကို မူဝါဒချမှတ်ထားခြင်း ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်ပနိုင်ငံများသို့ အကြောင်းအမျိုးမျိုးဖြင့် ခေတ္တသွားရောက်ရသည့် နိုင်ငံ့ဝန်ထမ်းများ လွယ်ကူအဆင်ပြေစေရန် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေပါ ခွင့်အမျိုးအစား ၁၀ မျိုးနှင့် လုပ်သက်ခွင့် သို့မဟုတ် လစာမဲ့ခွင့်များကို သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအကြီးအမှူးများက တာဝန်ခံ၍ ခွင့်ပြုပေးလျက်ရှိပါကြောင်း။

နိုင်ငံ့ဝန်ထမ်းများသည် Passport လျှောက်ထားခွင့်နှင့် ဗီဇာ (VISA) ကင်းလွတ်ခွင့်ပြုထားသော နိုင်ငံများသို့ ခရီးသွားလာလိုလျှင် ပြည်ပခံစားခွင့် (Ex-Myanmar Leave) အား သက်ဆိုင်ရာဝန်ကြီးဌာနသို့ တင်ပြရခြင်းမှ ကင်းလွတ်ခွင့်ပြုရန် အစီအစဉ်မရှိပါကြောင်း သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ပေါင်းစပ်ဖြေကြားချက်အရ ရှင်းလင်းဖြေကြားသည်။

## သပိတ်ကျင်းမြို့နယ်တွင် မူးယစ်တပ်ဖွဲ့စု ၁၆ ပြင်ဦးလွင်မှ အင်အားထုတ်နုတ်၍ နယ်မြေခံရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများနှင့် မူးယစ်ဆေးဝါးအသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိ

သပိတ်ကျင်းမဲဆန္ဒနယ်မှ ဒေါက်တာဦးအောင်နိုင်၏ **ပြင်ဦးလွင်ခရိုင် သပိတ်ကျင်းမြို့နယ်အတွင်း မူးယစ်ဆေးဝါးအန္တရာယ်ကို ထိရောက်စွာ နှိမ်နင်းနိုင်ရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် မြို့နယ်မူးယစ်အထူးတပ်ဖွဲ့ကို ဖွဲ့စည်းတာဝန်ချထားပေးနိုင်ခြင်းရှိ၊ မရှိ၊ မော်တော်ယာဉ်ဖြည့်ဆည်းပေးနိုင်မှု ရှိ၊ မရှိနှင့် ပြင်ဦးလွင်ခရိုင်ရုံးသို့ တရားစွဲဆို တင်ပို့ရာတွင် တွေ့ကြုံရသော အခက်အခဲကို မည်သို့ဖြေရှင်းဆောင်ရွက်ပေးနိုင်မည်ကို သိလိုခြင်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ပြင်ဦးလွင်ခရိုင် သပိတ်ကျင်းမြို့နယ်တွင် မူးယစ်တပ်ဖွဲ့စု ၁၆ ပြင်ဦးလွင်မှ အင်အားထုတ်နုတ်၍ အရာရှိနှင့် အခြားအဆင့် စုစုပေါင်း ၆ ဦးဖြင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများနှင့် မူးယစ်ဆေးဝါးအသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း။

သပိတ်ကျင်းမြို့နယ်အတွင်း မူးယစ်ဆေးဝါးပပျောက်ရေးအတွက် ကျောင်းသား၊ ကျောင်းသူ၊ ပြည်သူလူထုအတွင်း မူးယစ်ဆေးဝါးအသိပညာပေးခြင်းများကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့သို့ မော်တော်ယာဉ် ၁၉၄ စီး ထုတ်ပေးထားရာ သပိတ်ကျင်းမြို့နယ် ရဲတပ်ဖွဲ့အတွက် အသုံးပြုရန် Double Cab တစ်စီးနှင့် Foton အချုပ်ယာဉ်တစ်စီးကို လည်းကောင်း၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတပ်ဖွဲ့ခွဲ(၁) မန္တလေးကွပ်ကဲမှုအောက်ရှိ မူးယစ်တပ်ဖွဲ့စု (၁၆) ပြင်ဦးလွင်တွင် အသုံးပြုရန်အတွက် Double Cab ၁ စီးကို လည်းကောင်း ထုတ်ပေးထားရှိပြီးဖြစ်ပါကြောင်း၊ သပိတ်ကျင်းမြို့နယ်ရဲတပ်ဖွဲ့မှ ပြင်ဦးလွင်ခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ရသည့်အမှုများနှင့် ပတ်သက်၍ ဥပဒေအကြံပြုချက် တောင်းခံခြင်း၊ တရားခံပို့ဆောင်ခြင်း၊ သက်သေခံသွားရောက်ခြင်း၊ သက်သေခံပစ္စည်းများ တရားရုံးသို့တင်ပို့ရန် သယ်ဆောင်ခြင်းများပြုလုပ်ရာတွင်



ဒုတိယဝန်ကြီး
ဗိုလ်ချုပ် အောင်သူ



ဘီးလင်းမဲဆန္ဒနယ်မှ
ဦးတင်ကိုကိုဦး(ခ)ဦးအတွတ်

မော်တော်ယာဉ်ငှားရမ်းသုံးစွဲရသဖြင့် ခရိုင်တရားရုံး တရားစွဲတင်ပို့သောအမှုများအတွက် အသုံးပြုခြင်းများတွင် မော်တော်ယာဉ်လိုအပ်ချက်ရှိသည်ကို သိရှိရပါကြောင်း၊ သပိတ်ကျင်းမြို့နယ်ရဲတပ်ဖွဲ့မှ လိုအပ်သည့် မော်တော်ယာဉ် ဝယ်ယူဖြည့်တင်းပေးနိုင်ရန် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (မူလ) ခန့်မှန်းခြေစာရင်းတွင် တင်ပြတောင်းခံသွားမည် ဖြစ်ပါကြောင်း။

## မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲစခန်းများရှိ အမှုစစ်လုပ်ငန်းအတွက် ကြိုတင်ငွေများ ထုတ်ပေးထားရှိ

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲစခန်းများရှိ အမှုစစ်လုပ်ငန်းအတွက် ကြိုတင်ငွေများ ထုတ်ပေးထားရှိရာ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့မရဲစခန်းတစ်ခုအတွက် ငွေကျပ် ၈၀၀၀၀၀၊ နယ်မြေရဲစခန်းတစ်ခုအတွက် ငွေကျပ် ၂၅၀၀၀၀ ထုတ်ပေးထားရှိပြီး အမှုစုံစမ်းထောက်လှမ်းခြင်းအတွက် ကုန်ကျစရိတ်များကို ထုတ်ပေးထားရှိသည့်ငွေမှ သုံးစွဲခွင့်ပြုထားပြီးဖြစ်ပါကြောင်း၊ အမှုစုံစမ်းစစ်ဆေးရာ၌ ကုန်ကျစရိတ်များကို ၂၀၁၅ ခုနှစ်မှစ၍ ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ တရားခံသယ်ယူပို့ဆောင် စရိတ်အနေဖြင့် အမှုကြီး တစ်မှုအတွက် ငွေကျပ် ၅၀၀၀၀၊ အခြားအမှု တစ်မှုအတွက် ငွေကျပ် ၃၀၀၀၀၊ ကြိုတင်ကာကွယ်မှု တစ်မှုအတွက် ငွေကျပ် ၁၀၀၀၀၊ အမှုစုံစမ်းစစ်ဆေးစရိတ်အနေဖြင့် တစ်မှု ငွေကျပ် ၁၀၀၀၀ ခွင့်ပြုပေးလျက်ရှိပါကြောင်း။

## အမှုစုံစမ်းဖော်ထုတ်ဖမ်းဆီးရေး လုပ်ငန်းများအတွက် အမှန်ကုန်ကျစရိတ်များ ထုတ်ပေးနိုင်ရေး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှစတင်၍ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးများတွင် ငွေထုတ်စာရင်း ဖွင့်လှစ်ထားရှိ

သပိတ်ကျင်းမြို့နယ်အတွင်း မူးယစ်တပ်ဖွဲ့စု ၁၆ ပြင်ဦးလွင်မှ အရာရှိနှင့် အခြားအဆင့်များကို ထုတ်နုတ်၍ နယ်မြေခံရဲတပ်ဖွဲ့၊ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ သပိတ်ကျင်းမြို့နယ်ရဲတပ်ဖွဲ့အတွက် လိုအပ်မည့် မော်တော်ယာဉ်ဝယ်ယူရန်အတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်(မူလ) ခန့်မှန်းခြေစာရင်းတွင် တင်ပြတောင်းခံသွားမည်ဖြစ်ပါကြောင်း၊ အမှုစုံစမ်းဖော်ထုတ်ဖမ်းဆီးရေး လုပ်ငန်းများအတွက် အမှန်ကုန်ကျစရိတ်များကို အမှုစစ်များအား အချိန်မီ သက်ဆိုင်ရာငွေစာရင်းခေါင်းစဉ်အလိုက် ထုတ်ပေးနိုင်ရေးအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှစတင်၍ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးများတွင် ငွေထုတ်စာရင်းဖွင့်လှစ်ထားရှိပြီး ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

အလားတူ မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းငေါ်းဆိုင်ဟိန်း၊ လေးမျက်နှာမဲဆန္ဒနယ်မှ ဦးဇော်မင်းသိန်း၊ အင်းစိန်မဲဆန္ဒနယ်မှ ဦးမောင်မောင်ဦးနှင့် ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်တို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ရှင်းလင်းဖြေကြားသည်။

## One Stop Shop ကို One Stop Service သို့ အဆင့်မြှင့် အကောင်အထည်ဖော်ဆောင်ပေးပါရန် ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်းအဆို ဆွေးနွေး

ထို့နောက် ဘီးလင်းမဲဆန္ဒနယ်မှ ဦးတင်ကိုကိုဦး(ခ) ဦးအတွတ် တင်သွင်းသည့် **အစိုးရဌာနအဖွဲ့အစည်းများ၏ ဝန်ဆောင်ပေးမှုများကို ပြည်သူများ အမှန်တကယ် ရရှိခြင်းဖြင့် အစိုးရနှင့်ပြည်သူကြား အပြန်အလှန်ယုံကြည်မှု မြင့်တက်စေပြီး ဒီမိုကရေစီစနစ်ကို ပီပြင်စွာအကောင်အထည်ဖော်ရာတွင် အထောက်အကူပြုနိုင်သောကြောင့် One Stop Shop ကို One Stop Service သို့ အဆင့်မြှင့် အကောင်အထည် ဖော်ဆောင်ပေးပါရန် ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်း** အဆိုကို လွှတ်တော်ကိုယ်စားလှယ် (၆) ဦး ဆွေးနွေးကြသည်။

မောက်မယ်မဲဆန္ဒနယ် ဦးစိုင်းငေါ်းဆိုင်ဟိန်းက ဒီမိုကရေစီတိုင်းပြည်တွင် ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် ပြည်သူ့ဝန်ဆောင်မှုရုံးများ ဖွင့်လှစ်ပေးခြင်းကို မိမိတို့ လက်ခံကြိုဆိုရမည်ဖြစ်ပါကြောင်း၊ မူလရည်ရွယ်ချက် ပြည်သူများ၏ အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးရာတွင် အဆင်ပြေချောမွေ့စေသည့် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးနိုင်ရန် ဖြစ်ပါကြောင်း၊ အဂတိလိုက်စားမှု၊ လာဘ်ပေးလာဘ်ယူမှုများ ကင်းဝေးစေပြီး အစိုးရနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများအပေါ် ပြည်သူလူထုမှ ယုံကြည်အားကိုးမှုများ တိုးပွားလာစေပြီး ဌာနဆိုင်ရာများ အပြန်အလှန်ထိန်းကျောင်းမှုပြုနိုင်ရေးအတွက် ရည်ရွယ်ခဲ့ခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတချို့တွင်လည်း ပြည်သူ့ဝန်ဆောင်မှုရုံးများ ဖွင့်လှစ်ဆောင်ရွက်ကြသည်ကို သိရှိရပါကြောင်း။

အမှန်တကယ်ဖြစ်သင့်သည်မှာ One Stop Shop ဖွင့်လှစ်မည့်အစား One Stop Service ကဲ့သို့ ဝန်ဆောင်မှုအပြည့်အဝပေးနိုင်ခြင်းကို မိမိတို့ဌာနအတွင်း၊ ရုံးအတွင်းတွင်သာ အလုပ်ကျတာဝန် ပေးဆောင်ရွက်စေခြင်းက ပိုမိုအောင်မြင်နိုင်မည်ဖြစ်ပါကြောင်း၊ ပြည်သူလူထုသည် ဝန်ဆောင်မှုကောင်းမည်ဆိုပါက ယုံကြည်လက်ခံလာမည် ဖြစ်ပါကြောင်း၊ အားကိုးအားထားပြုကြမည်ဖြစ်ပါကြောင်း၊ ပြည်သူ့အတွက် (OSS) ဆိုသည့် ဆောင်ပုဒ်ကို မိမိတို့အကောင်အထည်ဖော်ဆောင်ရွက်ကြသည့်နေရာတွင် အသွင်ကူးပြောင်းရေးတစ်ရပ်အနေဖြင့် မိမိတို့သွားရမည် ဖြစ်ပါကြောင်း၊ ခေါက်ရိုးကျိုးနေသည့်အဖြစ်ကို အောင်မြင်စွာ ကျော်လွှားနိုင်ရန် လိုအပ်ပါကြောင်း၊ One Stop Shop များသည် လက်ရှိ မြေပြင်အနေအထား၌ ကာလဒေသနှင့် ကိုက်ညီမှုမရှိခြင်း၊ ပြည်သူလူထုထံသို့ ဦးတည်မှုအားနည်းခြင်း၊ ပြည်သူလူထုဘက်မှလည်း စိတ်ပါဝင်စားမှုနည်းပါးခြင်းစသည့် အားနည်းချက်များ ရှိသောကြောင့် အောင်မြင်မှုမရှိနိုင်ပါကြောင်း၊ ပြည်သူ့အကျိုး အမှန်တကယ်ပံ့ပိုးပေးနိုင်မည့် One Stop Service အဆင့်သို့ အဆင့်မြှင့်တင်အကောင်အထည်ဖော်ဆောင်ပေးရန် အမှန်တကယ်လိုအပ်နေပါကြောင်း ထောက်ခံအကြံပြု ဆွေးနွေးသည်။

အလားတူ ရွှေပြည်သာ မဲဆန္ဒနယ်မှ ဦးညဏ်လင်း၊ လှိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စည်သူ၊ ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီးနှင့် မိုင်းရယ်မဲဆန္ဒနယ်မှ စိုင်းသီဟကျော်တို့က ဆွေးနွေးကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် အောင်သူက ပြည်သူတို့၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေသည့် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးနိုင်ရန်၊ လာဘ်ပေးလာဘ်ယူမှု၊ အဂတိလိုက်စားမှုများကို တားမြစ်၍ ထိရောက်သောဝန်ဆောင်မှု အလေ့အကျင့်များကို ပြုစုပျိုးထောင်ပေးနိုင်ရန်၊ ပြည်သူများက အစိုးရနှင့် ဌာနဆိုင်ရာများအပေါ် အားကိုးယုံကြည်မှု တိုးပွားလာစေရန်နှင့် တာဝန်ထမ်းနေသော ဝန်ထမ်းများ၊ ဦးစီးဌာနများအလိုက် အပြန်အလှန်ထိန်းကျောင်းမှုများပြုနိုင်ရေး အထောက်အကူပြုနိုင်ရန်ဟူသည့် ရည်ရွယ်ချက် ၄ ရပ်ဖြင့် ပြည်သူ့ဝန်ဆောင်မှုရုံးများ One Stop Shop ထူထောင်ဖွင့်လှစ်အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၁၅ ခုနှစ် မေ ၂၀ ရက် ရက်စွဲဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး ၂၀၁၆ ခုနှစ် ဩဂုတ် ၂၃ ရက်တွင် ယင်းကော်မတီကို ပြန်လည်ပြင်ဆင်ဖွဲ့စည်းတာဝန်ပေးခဲ့ပါကြောင်း။

One Stop Service ဆိုသည်မှာ တစ်နေရာတည်းတွင် လုပ်ငန်းအကြောင်းအရာ တစ်ခုတည်းကို လုပ်ငန်းပြီးမြောက်စေရန် လိုအပ်သည့် စာရွက်စာတမ်း၊ ထောက်ခံချက်များကို သက်ဆိုင်ရာဌာနများသို့ သွားရောက်ဆောင်ရွက်ရန်မလိုဘဲ ဆောင်ရွက်ပေးခြင်းဖြစ်ပါကြောင်း၊ ယခုအခါ One Stop Service အဖြစ် သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီမှ ကုမ္ပဏီမှတ်ပုံတင်ခြင်းလုပ်ငန်းကို ဌာန ၉ ခုဖြင့် တစ်နေရာတည်း၌ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အလားတူ မူဆယ်မြို့ ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်တွင်လည်း သွင်းကုန်၊ ထုတ်ကုန်လိုင်စင်ထုတ်ပေးခြင်း လုပ်ငန်းကို ဌာန ၁၂ ခုဖြင့် တစ်နေရာတည်း၌ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ပြည်ပနိုင်ငံများ၏ ဆောင်ရွက်နေမှုများအပေါ် လေ့လာတွေ့ရှိချက်များအရ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ အောင်မြင်နိုင်ရန်အတွက် ဘဏ္ဍာငွေရန်ပုံငွေနှင့် IT နည်းပညာများ ပံ့ပိုးရန်လိုအပ်ကြောင်း၊ One Stop Shop ကို One Stop Service အဖြစ်သို့ ပြောင်းလဲပါက လုပ်ငန်းသဘောသဘာဝအရ မတူသည့်အတွက် လုပ်ငန်းခေါင်းစဉ်တစ်ခုတည်းကိုသာ ပြီးပြတ်အောင် ဆောင်ရွက်ပေးနိုင်မည့် အခြေအနေသို့ ရောက်ရှိသွားမည်ဖြစ်ပါကြောင်း၊ လက်ရှိအခြေအနေတွင် One Stop Service ကဲ့သို့ လုပ်ငန်းပေါင်း ၉၄ ခုကို ပြီးပြတ်အောင်ဆောင်ရွက်နေပြီး ကျန်ရှိသည့် လုပ်ငန်း ၆၆ ခုကို e-Government ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ လက်ရှိအခြေအနေတွင် လုပ်ငန်းအားလုံး ပြီးပြတ်အောင် ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးဘဲ အချိန်ယူပေါင်းစပ်ရမည့် ကိစ္စဖြစ်ခြင်း၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများနှင့်ပတ်သက်၍ ဥပဒေရေးဆွဲရန် ဆောင်ရွက်ခြင်းတို့ကြောင့် အဆိုအား မှတ်တမ်းတင်သင့်ကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအား မှတ်တမ်းတင် စောင့်ကြည့်မည်ဖြစ်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ဩဂုတ် ၁၀ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့် (သတင်းစဉ်)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၈**-မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။ နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မိုး/ဇလ

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမ ပုံမှန်အစည်းအဝေး သတ္တမနေ့ ကျင်းပ

နေပြည်တော် ဩဂုတ် ၈

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမ ပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် ဥပဒေကြမ်းကို တင်ပြခြင်းနှင့် ဥပဒေကြမ်း နှစ်ခု ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။**

အစည်းအဝေးတွင် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုင်းစံအောင်၏ **ရှမ်းပြည်နယ်၊ “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်ခရိုင်၊ ဟိုပန်မြို့နယ်မှ လားရှိုးမြို့နယ်သို့ တိုက်ရိုက်ဆက်သွယ် သွားလာနိုင်မည့် သံလွင်မြစ်ကူးတံတားတစ်စင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ဟိုပန်ခရိုင်အတွင်း ဟိုပန်မြို့နယ်မှ လားရှိုးမြို့နယ်သို့ တိုက်ရိုက်ဆက်သွယ်သွားလာနိုင်သည့် လမ်းမကြီးများပေါ်တွင် တံတားခံနိုင်ဝန် ၂၅ တန်အထိ ဖြတ်သန်းခွင့်ပြုထားသော သံလွင်မြစ်ကူး ကွမ်းလုံကြိုးတံတားနှင့် တံတားခံနိုင်ဝန် ၃၆ တန်အထိ ဖြတ်သန်းခွင့်ပြုထားသော နမ့်တိန်တံတားတို့မှာ လက်ရှိအသုံးပြုလျက်ရှိသော တံတားများဖြစ်ပါကြောင်း။



ဒုတိယဝန်ကြီး ဦးကျော်လင်း ဖြေကြားစဉ်။



ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးကျော်ကျော် မေးမြန်းစဉ်။

## သံလွင်မြစ်ကူး ကွမ်းလုံကြိုးတံတား၏ အထက်ဘက်တွင် တံတားအသစ်တစ်စင်း စတင်တည်ဆောက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိ

အဆိုပါ တံတားနှစ်စင်းအပြင် သံလွင်မြစ်ကူး ကွမ်းလုံကြိုးတံတား၏ အထက်ဘက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အစီအစဉ်ဖြင့် တံတားအသစ်တစ်စင်း စတင်တည်ဆောက်ရန် စီစဉ်ဆောင်ရွက်လျက် ရှိနေပါကြောင်း၊ ထို့ကြောင့် ဟိုပန် - မော်ဟွေး- နောင်ပော့-ဟတ်လုံး လမ်းကြောင်းမှ ကွမ်းလုံမြို့သို့ ဆက်သွယ်သွားလာနိုင်မည့် တံတားအသစ်တစ်စင်းအား လတ်တလော ဆောင်ရွက်ပေးရန် အစီအစဉ် မရှိသေးပါကြောင်း ဖြေကြားသည်။

## မြောက်ဦးမြို့ရှိ ကုန်သည်တန်း-ဗန္ဓုလ ချောင်းကူးသစ်သားတံတားကို သံကူကွန်ကရစ် တံတားအဖြစ် တည်ဆောက်ပေးရန် ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်

အလားတူ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးကျော်ကျော်၏ **ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့ရှိ ကုန်သည်တန်း-ဗန္ဓုလ ချောင်းကူးသစ်သားတံတားကို သံကူကွန်ကရစ် တံတားအဖြစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက အဆိုပါ တံတားကို သံကူကွန်ကရစ် တံတားအဖြစ် အသစ်ပြန်လည် တည်ဆောက်နိုင်ရန်အတွက် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ မူလရန်ပုံငွေတွင် လျာထားတင်ပြတောင်းခံ၍ ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက် ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့အတူ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါ်မမလေး၏မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း က **အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြန်မာနိုင်ငံ ခရီးသွားလာရေးလုပ်ငန်း ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်း** ကို အသိပေးတင်ပြ၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

## မြန်မာ့ပုလဲလုပ်ငန်း ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေး

ဆက်လက်၍ **မြန်မာ့ပုလဲလုပ်ငန်း ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဟန်ဝင်းသိန်း က သက်ဆိုင်ရာ တိုင်းဒေသကြီးအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးရမည်ဆိုသည့် အပိုဒ်ကို ထပ်မံဖြည့်စွက်လိုပါကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောထားမှတ်ချက်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မုတ်ကောင်ငုပ်ကွက် ကို အမိန့်ကြေညာစာ ထုတ်ပြန်သတ်မှတ်နိုင်သည်ဟု ပြင်ဆင်လိုပါကြောင်း၊ မုတ်ကောင်ငုပ်ကွက်သတ်မှတ်ခြင်းနှင့် စပ်လျဉ်း၍ နယ်နိမိတ်တိုင်းတာသတ်မှတ်ရေး လုပ်ငန်းများကို ဆောင်ရွက်ရန် ဦးဆောင်ညွှန်ကြားရေးမှူး ဦးဆောင်သော ကျွမ်းကျင်သူများနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးမှ ကိုယ်စားလှယ်များပါဝင်သည့် ကော်မတီကို ဖွဲ့စည်းတာဝန်ပေးရမည်ဟူ၍ ပြင်ဆင်ဖြည့်စွက်သင့်ပါကြောင်း၊ ထို့ပြင် ဝန်ကြီးဌာနသည် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောထားမှတ်ချက်၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မုတ်ကောင်ငုပ်ကွက် တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ် တစ်ဒေသကိုဖြစ်စေ ပြင်ဆင်သတ်မှတ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်ဆိုသည်ကို ပြင်ဆင်လိုပါကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၀)မှ ဦးစိုးသိန်း(ခ) ဦးမောင်စိုး ကလည်း ဆွေးနွေးသည်။

## ၂၀၁၇ ခုနှစ်၊ မြေသိမ်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေး

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ တောင်သူ လယ်သမားရေးရာကော်မတီ ဥက္ကဋ္ဌ ဦးဘမျိုးသိန်း တင်သွင်းသည့် **၂၀၁၇ ခုနှစ်၊ မြေသိမ်း ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြ သည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) မှ ဦးကြည်ဝင်း က ဥပဒေကြမ်း၏ အခန်း(၁၃) ပြစ်မှု၊ ပြစ်ဒဏ် ပြဋ္ဌာန်းချက် ပုဒ်မ-၆၃ တွင် ဥပဒေ၏ ပေးအပ်ထားသည့် လုပ်ငန်းတာဝန်များကို ထမ်းဆောင်လျက်ရှိသည့်အဖွဲ့ သို့မဟုတ် ပုဂ္ဂိုလ်များကို ဟန့်တားနှောင့်ယှက် ပိတ်ပင်တားဆီးမည်ဆိုပါက ထောင်ဒဏ် ၃ နှစ် အထက်မပိုသည့် ဒဏ်နှင့် ငွေကျပ် ၅ သိန်းထက်မပိုသည့် ငွေဒဏ်များချရန် ပြဋ္ဌာန်းထားပါကြောင်း၊ ထို့ပြင် လက်ရောက်မှု၊ ရာဇဝတ်မကင်းသည့် အနိုင်အထက်အမှုများကိုပါ ပြစ်မှုတွင် မကျန်စေရန် ထည့်ပေးသင့်ပါကြောင်း၊ ရာဇသတ်ကြီး ပုဒ်မ - ၃၅၃ နှင့် တူညီပါကြောင်း၊ ရာဇသတ်ကြီး ပုဒ်မ - ၃၅၃ ပြစ်ဒဏ်တွင် ၂ နှစ်အထိပင် သတ်မှတ်ထားခြင်းကြောင့် အဆိုပါ ရာဇသတ်ကြီးပုဒ်မတွင်ပြဋ္ဌာန်းထားသည့် ၂ နှစ်ကို ယခုဥပဒေကြမ်း၏ ပုဒ်မ- ၆၃(က)တွင် ထောင်ဒဏ် ၃ နှစ်အစား ၂ နှစ်ဟု ပြင်ဆင်သင့်ပါကြောင်း ဆွေးနွေးသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်မျိုး က တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရဌာနအဖွဲ့အစည်းမှ သင့်လျော်သော ပုဂ္ဂိုလ်များ၊ ကျွမ်းကျင်သူများ ပါဝင်သည့် မြေပြင်ကွင်းဆင်း စစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးရမည်ဟူ၍ ပြဋ္ဌာန်းထားပါကြောင်း၊ ထို့ပြင် အဆိုပါ မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့၏ လုပ်ငန်းတာဝန်များကိုလည်း ပြဋ္ဌာန်းထားပါကြောင်း၊ သို့သော် မြေပြင်ကွင်းဆင်းစစ်ဆေးရေအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်များကို အစီရင်ခံစာ တင်ပြရမည်ဆိုသည့် အပိုင်းမပါဝင်ပါကြောင်း၊ ထို့ကြောင့် မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့သည် ကွင်းဆင်းစစ်ဆေး တွေ့ရှိချက်များကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီသို့ ပြန်လည်အစီရင်ခံ တင်ပြရမည်ဟု ဖြည့်စွက်လိုပါကြောင်း။

ထို့ပြင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် နေပြည်တော်ကောင်စီဟူ၍ ခြေဆင်းရေးသားထားပါကြောင်း၊ မိမိဖြည့်စွက်လိုသည်မှာ သက်ဆိုင်ရာဌာန အဖွဲ့အစည်းမှ တာဝန်ရှိသူများ၊ မြေပိုင်ဆိုင်သူများ၊ ဒေသခံကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုးစု ကိုယ်စားလှယ်များနှင့် ကျွမ်းကျင်သူများ ပါဝင်သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မြေသိမ်းဆည်းမှု အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့နှင့် ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့ ဖွဲ့စည်းမည့် အဆိုပြုချက်လျာထားမှုကို တစ်ပါတည်း တင်ပြရမည်ဟု ဖြည့်စွက်လိုပါကြောင်း။

ပြဋ္ဌာန်းချက်တွင် မြေသိမ်းဆည်းမှု အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့သည် ယင်း၏လုပ်ငန်းတာဝန်များ စတင်ဆောင်ရွက်ခြင်းမပြုမီ သိမ်းဆည်းရန် လိုအပ်သည့် မြေနှင့်စပ်လျဉ်း၍ မြေပိုင်ဆိုင်သူနှင့် ညှိနှိုင်းပြီး ထိုမြေကို ဝယ်ယူလွှဲပြောင်းနိုင်ရေးအတွက် မြေသိမ်းဆည်းရန် အဆိုပြုသည့် ဌာန၊ အဖွဲ့အစည်းသို့ အကြောင်းကြားရမည်ဟူ၍ ပါဝင်ပါကြောင်း၊ ထို့ပြင် မြေသိမ်းဆည်းရန် အဆိုပြုသည့် ဌာန၊ အဖွဲ့အစည်း အနေဖြင့် အဆိုပြုသည့်မြေကို ဝယ်ယူရေးအတွက် မြေပိုင်ဆိုင်သူ နှင့် ညှိနှိုင်းသော်လည်း သဘောတူညီချက် မရသည့်အခါ မြေသိမ်းဆည်းမှု အကောင်အထည်ဖော် ဆောင်ရွက်ရေးအဖွဲ့က ယင်း၏လုပ်ငန်းတာဝန်များကို ဆက်လက်ဆောင်ရွက်စေရမည်ဟု ပြဋ္ဌာန်းထားပါကြောင်း။

ထို့ကြောင့် ဖြည့်စွက်ရန် လိုအပ်သည်မှာ သဘောတူညီချက်ရပါက မည်သို့ဆက်လက်ဆောင်ရွက်ရမည်၊ မည်သည့်အချက်များ တင်ပြရမည်ဆိုသည့် အပိုင်းများ လိုအပ်နေပါကြောင်း၊ မြေသိမ်းဆည်းရန် အဆိုပြုသည့် ဌာနသည် ထိုမြေကို ဝယ်ယူလွှဲပြောင်းနိုင်ရေးအတွက် မြေပိုင်ဆိုင်သူများနှင့် ညှိနှိုင်းရရှိမှုကို မြေသိမ်းဆည်းမှု အကောင်အထည်ဖော် ဆောင်ရွက်ရေးအဖွဲ့သို့ ညှိနှိုင်းသဘောတူ စာချုပ်နှင့်တကွ တင်ပြရမည်ဟု ဖြည့်စွက်လိုပါကြောင်း၊ ထို့ပြင်မြေသိမ်းဆည်းမှု အကောင်အထည်ဖော် ဆောင်ရွက်ရေးအဖွဲ့သည် တင်ပြလာသည့် ညှိနှိုင်းသဘောတူစာချုပ်ကို မြေပိုင်ရှင်တို့၏ သဘောဆန္ဒနှင့်အညီ ချုပ်ဆိုခြင်း ဟုတ်၊ မဟုတ် စစ်ဆေးရမည်ဟု ပြဋ္ဌာန်းလိုပါကြောင်း။

မြေပိုင်ရှင်တို့၏ လွတ်လပ်သော သဘောဆန္ဒနှင့်အညီ ချုပ်ဆိုသော သဘောတူစာချုပ်ဖြစ်ပါက ယင်းတို့၏ သဘောထားမှတ်ချက်နှင့်အတူ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ သို့မဟုတ် နေပြည်တော်ကောင်စီဟူ၍ ဆက်လက်တင်ပြရန် ဖြည့်စွက်လိုပါကြောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ သို့မဟုတ် နေပြည်တော်ကောင်စီသည် မြေသိမ်းဆည်းပေးရန် အဆိုပြုသည့်ဌာနအနေဖြင့် မြေအမည်ပေါက်ရရှိရေး ဆောင်ရွက်ပေးနိုင်ရန် ဗဟိုကော်မတီသို့ ဆက်လက်တင်ပြရမည်ဟုလည်း ဖြည့်စွက်ပြဋ္ဌာန်းလိုပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးစိုင်းဝမ်းလှိုင်းခမ်းနှင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဌေးဦးတို့ကလည်း ဆွေးနွေးကြသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ဩဂုတ် ၁၀ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်**

# ပြည်သူ့လွှတ်တော်၊ လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကြည်မိုးနိုင် Danayarzar Co.,Ltd အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၈**

ပြည်သူ့လွှတ်တော် လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးကြည်မိုးနိုင်သည် Danayarzar Co.,Ltd အဖွဲ့အား ယနေ့ မွန်းလွဲ၁နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အဆောင်အမှတ် (I-8) အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် Danayarzar ကုမ္ပဏီ၏ ရင်ဆိုင်ကြုံတွေ့နေရသော အခက်အခဲများ၊ ရှေ့ဆက်ဆောင်ရွက်ရန် လိုအပ်ချက်များ၊ CHINT Group မှ ထုတ်လုပ်သော လျှပ်စစ်ပစ္စည်း ထုတ်ကုန်များနှင့် Transformer ထုတ်လုပ်မှုအခြေအနေများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ တင်ပြဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



ပြည်သူ့လွှတ်တော် လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးကြည်မိုးနိုင် Danayarzar Co.,Ltd အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

# ၂၀၁၈ ခုနှစ်၊ ဧပြီလမှ မေလအတွင်း မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန်အခြေအနေ

**နေပြည်တော် ဩဂုတ် ၈**

၂၀၁၈ ခုနှစ်၊ မေလအတွက် မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉၃၃ ဒသမ ၀၉ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၅၈ ဒသမ ၃၅ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၃၉၁ ဒသမ ၄၄ သန်း ဖြစ်သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၆၉၉ ဒသမ ၆၁ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၇၀ ဒသမ ၅၃ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၉၇၀ ဒသမ ၁၄ သန်း ဖြစ်သည်။ သို့ဖြစ်ပါ၍ ၂၀၁၈ ခုနှစ်၊ မေလအတွက် စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၃၃၆၁ ဒသမ ၅၈ သန်းဖြစ်ပြီး စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၅၇၈ ဒသမ ၇၀ သန်းဖြစ်ပေါ်ခဲ့သည်။

၂၀၁၈ ခုနှစ်၊ ဧပြီလမှ မေလအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၆၇၄ ဒသမ ၅၅ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇၈၀ ဒသမ ၀၃ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂၄၅၄ ဒသမ ၅၈ သန်း တင်ပို့နိုင်ခဲ့သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၉၀၄ ဒသမ ၈၉ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၇၈ ဒသမ ၁၇ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၃၈၃ ဒသမ ၀၆ သန်း ဖြစ်သဖြင့် ၂၀၁၈ ခုနှစ်၊ ဧပြီလမှ မေလအတွင်း စုစုပေါင်းကုန်သွယ်မှုပမာဏမှာ ၅၈၃၇ ဒသမ ၆၄ သန်းဖြစ်ပြီး ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၉၂၈ ဒသမ ၄၈ သန်း ဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန် အခြေအနေအစီရင်ခံစာအရ သိရှိရသည်။

**သတင်းစဉ်**

# ရှစ်လေးလုံး ဒီမိုကရေစီ အရေးတော်ပုံ နှစ် (၃၀) ပြည့် အထိမ်းအမှတ် အခမ်းအနားများ ရန်ကုန်မြို့၌ စည်ကားသိုက်မြိုက်စွာကျင်းပ

**ရန်ကုန် ဩဂုတ် ၈**

ယနေ့သည် ရှစ်လေးလုံး ဒီမိုကရေစီ အရေးတော်ပုံ နှစ် (၃၀) ပြည့် ဖြစ်သည့်အားလျော်စွာ ရန်ကုန်တက္ကသိုလ် အပန်းဖြေရိပ်သာ(RC)၌ သုံးရက်ကြာ ကျင်းပသည့် ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံ နှစ်(၃၀)ပြည့် အထိမ်းအမှတ် အခမ်းအနားက ရဟန်းရှင်လူ၊ ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများဖြင့် အထူးစည်ကား သက်ဝင်လျက်ရှိသည်။

အခမ်းအနား မကျင်းပမီ ရှစ်လေးလုံး ဒီမိုကရေစီ အရေးတော်ပုံ နှစ်(၃၀)ပြည့်ကို ဂုဏ်ပြုသည့်အနေဖြင့် ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့မှ အခမ်းအနားကျင်းပရာ ရန်ကုန်တက္ကသိုလ် နယ်မြေအတွင်းသို့ စက်ဘီးစီးနင်းလာသည့် အဖွဲ့ဝင်များ ပန်းဝင်ရောက်ရှိလာမှုကလည်း ယနေ့ အခမ်းအနားကို ပိုမိုသက်ဝင်စေခဲ့သည်။

"ဒီမိုကရေစီတိုက်ပွဲက အချိန်အဟုန် မပျက်သေးပါဘူး။ ကောင်းနေသေးတဲ့အတွက် ကျွန်တော်တို့ အားလုံးဟာ မျှော်လင့်ချက်တွေ ရှိနေပါသေးတယ်။ နှစ်(၃၀)ပြည့် နိုင်ငံရေး ဆွေးနွေးပွဲတွေက ရရှိခဲ့တဲ့ ဆုံးဖြတ်ချက်တွေအားလုံးကို ခြုံကြည့်ရင် ဒီမိုကရေစီတိုက်ပွဲ ဆက်လက်လုပ်ဖို့ပါပဲ။ ဆက်လက်ချီတက်ဖို့ပါ။ အများကြီးအကျိုးရှိတဲ့ အခမ်းအနားပါ" ဟု အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူး အဖွဲ့ဝင် ဦးဉာဏ်ဝင်း က ပြောသည်။

ဇီးကုန်း-ရန်ကုန် ခရီးစဉ်ကို စက်ဘီးဖြင့် လာရောက်ခဲ့ကြသည့်အဖွဲ့မှ နိုင်ငံရေးအကျဉ်းသားဟောင်း ကိုထိုက်က "ရှစ်လေးလုံး အရေးတော်ပုံ နှစ်(၃၀)ပြည့် အထိမ်းအမှတ် အခမ်းအနားကို ဘယ်တုန်းကမှ လုပ်ခွင့်မရခဲ့တဲ့ ရန်ကုန်တက္ကသိုလ်ထဲမှာ အခုလုပ်ခွင့်ရတဲ့ အတွက်ရယ်၊ အရေးတော်ပုံမှာကျဆုံးသွားခဲ့ရရှာတဲ့ ရဲဘော်တွေကိုလည်း အလေးပြုချင်တဲ့အတွက် ဇီးကုန်း- ရန်ကုန် မိုင် ၁၃၀ ခရီးကို စက်ဘီးစီးပြီးလာခဲ့ကြတာပါ။ အခုကတော့ နှစ်(၃၀)ပြည့် အခမ်းအနားကို ဂုဏ်ပြုတာပါ။ ကျွန်တော်တို့နိုင်ငံမှာ ညီညွတ်မှုနဲ့ စည်းလုံးမှု လိုအပ်နေပါတယ်။ အကုန်လုံး စည်းလုံးညီညွတ်စေချင်ပါတယ်"ဟု ဆိုသည်။




ရှစ်လေးလုံး ဒီမိုကရေစီ အရေးတော်ပုံ နှစ် (၃၀) ပြည့် အထိမ်းအမှတ် အခမ်းအနား ရန်ကုန်မြို့တွင် စည်ကားစွာကျင်းပစဉ်။



ရှစ်လေးလုံး ဒီမိုကရေစီ အရေးတော်ပုံ နှစ်(၃၀)ပြည့်ကို ဂုဏ်ပြုသည့်အနေဖြင့် ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့မှ စက်ဘီးစီးနင်းလာသည့် အဖွဲ့ဝင်များ ရန်ကုန်တက္ကသိုလ် နယ်မြေအတွင်းသို့ ပန်းဝင်ရောက်ရှိလာစဉ်။

ရှစ်လေးလုံး လူထု အရေးတော်ပုံနှင့်ပတ်သက်၍ တစ်ချိန်က ကြားသိခဲ့ရသည်များကို ယခုပြခန်းများတွင် မျက်ဝါးထင်ထင် တွေ့မြင်ရ၍ လူထုအရေးတော်ပုံသမိုင်းကို ပိုမိုသိရှိလာခဲ့ရကြောင်း ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်မှ မထက်ထက်ဝင်းနိုင်ကဆိုသည်။

မထက်ထက်ဝင်းနိုင် ကဲ့သို့ပင် ယနေ့ ကျင်းပသည့် အခမ်းအနားကို မျိုးဆက်သစ်လူငယ်များ စိတ်ပါဝင်စားစွာဖြင့် ကြည့်ရှုလေ့လာပါဝင်ဆင်နွှဲခဲ့ကြသည်ကိုလည်း တွေ့မြင်ရသည်။

နှစ်ပေါင်းသုံးဆယ်ကြာမှ ရန်ကုန်တက္ကသိုလ်အတွင်းရှိ ကျောင်းနံရံများတွင် ဒေါင်းအလံများ တလူလူစိုက်ထူထားသည့် မြင်ကွင်းကလည်း ရှစ်လေးလုံး ဒီမိုကရေစီ အရေးတော်ပုံ နှစ်(၃၀)ပြည့် အခမ်းအနားကို အမှတ်တရ ဖြစ်စေသည်။

အလားတူ ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ မြို့တော်ခန်းမအနီး (မဟာဗန္ဓုလပန်းခြံရှေ့)တွင် ခေတ်အဆက်ဆက် ငြိမ်းချမ်းရေး၊ လူ့အခွင့်အရေး၊ ဒီမိုကရေစီရေးနှင့် ဒီမိုကရေစီအရေးတော်ပုံကြီးတို့တွင် အသက်ပေးလှူသွားကြသူများကို ရည်စူး၍ ရေစက်ချအမျှဝေခြင်းနှင့် ဂုဏ်ပြုလွှမ်းသူ့ပန်းခွေချသည့် အခမ်းအနားကိုလည်း ကျင်းပခဲ့သည်။

မွန်းလွဲပိုင်းတွင် ရှစ်လေးလုံး ဒီမိုကရေစီ အရေးတော်ပုံကာလအတွင်း သမိုင်းဝင်သီချင်းတစ်ပုဒ်ဖြစ်ခဲ့သည့် "ကမ္ဘာမကျေဘူး" သီချင်း နှစ်(၃၀)မြောက် ပုလဲရတု အထိမ်းအမှတ် အမှတ်တရ ပွဲကိုလည်း ရန်ကုန်မြို့ဗဟန်းမြို့နယ် GOETHE INSTITUT (ယခင် ပန်းချီပန်းပုကျောင်းနေရာ)၌ ကျင်းပခဲ့သည်။

ထို့အတူ ရှစ်လေးလုံး ဒီမိုကရေစီ အရေးတော်ပုံ နှစ်(၃၀)ပြည့် အထိမ်းအမှတ် အခမ်းအနားများကို ရန်ကုန်မြို့ရှိ သက်ဆိုင်ရာ နေရာအသီးသီးတွင် ယနေ့ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်**

## ရှစ်လေးလုံး ဒီမိုကရေစီ အရေးတော်ပုံ နှစ်(၃၀)ပြည့် အထိမ်းအမှတ်အခမ်းအနားများ ကျင်းပ

**မအူပင်**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့တွင် ရှစ်လေးလုံး နှစ်(၃၀)ပြည့် နှစ်ပတ်လည်နေ့အမှတ်တရအဖြစ် သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းခြင်းကို အမှတ်(၁၁)ရပ်ကွက် မှန်ပင်ကျောင်းတိုက် ဆွမ်းစားဆောင်တွင် နိုင်ငံရေးပါတီတာဝန်ရှိသူများက ကျောင်းတိုက်ဆရာတော်နှင့် သံဃာတော်အရှင်သူမြတ်များအား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းကာ ဆရာတော်ထံမှ သီလခံယူပြီး ရေစက်သွန်းချအမျှပေးဝေခဲ့ကြောင်း သိရသည်။

အလားတူ မအူပင်တက္ကသိုလ်၊ နည်းပညာတက္ကသိုလ်ကျောင်းသားသမဂ္ဂများကလည်း မအူပင် တိုးရွှေဝါခန်းမရှေ့တွင် အထိမ်းအမှတ်ကဗျာရွတ်ဆိုခြင်း၊ သီချင်းသီဆိုခြင်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**အောင်ခိုင်၊ အောင်မြင့်မြတ် (မအူပင်)**

**တောင်တွင်းကြီး**

ရှစ်လေးလုံး လူထုလှုပ်ရှားမှု ဒီမိုကရေစီ အရေးတော်ပုံ နှစ်(၃၀)ပြည့်အခမ်းအနားကို မကွေးခရိုင် တောင်တွင်းကြီးမြို့ ငါးဆင့်ပရဟိတကျောင်းတွင် ဩဂုတ် ၈ ရက် နံနက် ၉ နာရီခွဲက ကျင်းပရာ မြို့နယ် NLD နာယကများ၊ ဒုဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ စိတ်ပါဝင်စားသူ လူငယ်မောင်မယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ အခမ်းအနားတွင် အာဇာနည်ခေါင်းဆောင်ကြီးများနှင့် ကျောင်းသားသမဂ္ဂအလံအား အလေးပြုခြင်း၊ တော်လှန်မှုရှုတ်ချမှုအဆင့်ဆင့်တို့တွင် သွေးများပေးဆပ်ခဲ့ကြရသော ရဟန်းရှင်လူများအား သတိရအောက်မေ့ ဂုဏ်ပြုသောအားဖြင့် ခေတ္တငြိမ်သက်ခြင်း၊ သဘာပတိများဖြစ်သည့် ဦးဝင်းအောင်၊ ဦးမြင့်ဦး၊ ဦးကြင်အောင်တို့က အမှာစကား ပြောကြားခြင်း၊ ကျောင်းသားဟောင်းများဖြစ်သည့် ဦးသန်းနိုင်၊ ဦးဘိုစတီး၊ ဦးအောင်ကျော်ကျော်၊ ဦးဝင်းမောင်တို့က အမှတ်တရ စကားများ ပြောကြားကာ နှစ်(၃၀)ပြည့် ရှစ်လေးလုံး လူထုလှုပ်ရှားမှု ဒီမိုကရေစီ အထိမ်းအမှတ် ကဗျာများ ရွတ်ဆိုခဲ့ကြကြောင်း သိရသည်။ **ဇော်ဇော်(မြို့သစ်)**

# ရန်ကုန်တက္ကသိုလ်ကို မူလပုံရိပ်များ ပြန်လည်ရရှိစေရေးအတွက် ဝိုင်းဝန်းကြိုးပမ်းနေ

**ရန်ကုန် ဩဂုတ် ၈**

ရန်ကုန်တက္ကသိုလ်ကို တက္ကသိုလ်တစ်ခု၏ မူလပုံရိပ်များ ပြန်လည်ရရှိစေရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဖိုးကောင်းက ပြောကြားသည်။

"တက္ကသိုလ်မှာရှိတဲ့ ဆရာ၊ ဆရာမတွေရော၊ ကျောင်းသား ကျောင်းသူတွေရော ရန်ကုန်တက္ကသိုလ်ကို ကူညီတဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေရော၊ ပြည်တွင်း ပြည်ပအဖွဲ့အစည်းတွေကကော ဝိုင်းဝန်းကူညီကြတဲ့အတွက် ရန်ကုန်တက္ကသိုလ်ကို တက္ကသိုလ်တစ်ခုရဲ့ မူလပုံရိပ်တွေ ပြန်ရအောင် ကျွန်တော်တို့ ကြိုးစားနေပါတယ်" ဟု ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်က ပြောကြားသည်။

၂၀၁၇ ခုနှစ်တွင် ပြန်ကြားရေးဝန်ကြီးဌာန၏ ပံ့ပိုးမှုဖြင့် ပထမဆုံး လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကို ကျင်းပနိုင်ခဲ့သည်။ ၂၀၂၀ ပြည့်နှစ်တွင် ရန်ကုန်တက္ကသိုလ်သည် နှစ် ၁၀၀ ပြည့်မြောက်တော့မည်ဖြစ်ရာ ၂၀၁၄ ခုနှစ်ခန့်မှစတင်၍ ရာပြည့် အကြိုပွဲတော်များကို နှစ်စဉ် ဒီဇင်ဘာလ၌ တက္ကသိုလ်ပရိဝုဏ်အတွင်း ကျင်းပခဲ့ကြောင်း သိရသည်။ သိပ္ပံပွဲခင်းများ၊ ကျောင်းသား ကျောင်းသူများ၏ စွမ်းရည်ပြိုင်ပွဲများနှင့် ဘာသာရပ်ဆိုင်ရာ အသီးသီးတို့၏ ပြပွဲများ၊ စာတမ်းဖတ်ပွဲများ၊ နိုင်ငံတကာစာတမ်းဖတ်ပွဲများကို ကျင်းပခဲ့သည်။

နိုင်ငံတကာစာတမ်းဖတ်ပွဲများကို ရန်ကုန်တက္ကသိုလ်နှင့် မိတ်ဖက်ပူးပေါင်း ဆောင်ရွက်နေသော ပြည်ပတက္ကသိုလ်များ၏ ပါဝင်ကူညီမှုကြောင့် ကျင်းပနိုင်ခဲ့ခြင်းဖြစ်ပြီး စင်ထရယ်ယူရိုးပီးယမ်း ယူနီဗာစီတီ၊ အောက်စဖို့ ယူနီဗာစီတီ၊ ဩစတြေးလျ နေရှင်နယ် ယူနီဗာစီတီ၊ တိုကျိုယူနီဗာစီတီ၊ ကိုရီးယားနိုင်ငံရှိ တက္ကသိုလ်များက ဝိုင်းဝန်းကူညီကြလျက်ရှိကြောင်း သိရသည်။

ရန်ကုန်တက္ကသိုလ်၌ ယခုပညာသင်နှစ်မှစ၍ ငါးလုပ်ငန်းဆိုင်ရာဘာသာရပ်ကို ဘာသာရပ်အသစ်အဖြစ် ထပ်မံတိုးချဲ့နိုင်ခဲ့ပြီး သင်ရိုးညွှန်းတမ်းဖွံ့ဖြိုးမှုမှအစ အမေရိကန်နိုင်ငံရှိ အရီဇိုးနားတက္ကသိုလ်၊ ယူအက်စ်အိတ်အဖွဲ့နှင့် ဂျာမနီနိုင်ငံရှိ ဂျီအိုင်ဇက်အဖွဲ့များအပြင် ပြည်တွင်းရှိ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့ကလည်း ဝိုင်းဝန်းကူညီခဲ့ကြကြောင်း သိရသည်။

ရန်ကုန်တက္ကသိုလ်၏ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် ဝင်ခွင့်ရရှိသော ကျောင်းသား ကျောင်းသူများ၏ အပြီးသတ်အမည်စာရင်းများကို ဩဂုတ် ၁၅ ရက်တွင် ထုတ်ပြန်ပေးမည်ဖြစ်ကြောင်း သိရသည်။ **ထင်ပေါ်ဝင်း(ကမာရွတ်)**

**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**



၂၀၁၇ ခုနှစ်က လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကို ရန်ကုန်တက္ကသိုလ်၌ ကျင်းပခဲ့စဉ်။

## သန်လျင်အထက(၁)မှ ထူးချွန်ကျောင်းသား ကျောင်းသူများ စင်ကာပူနိုင်ငံသို့ လေ့လာရေးခရီးထွက်ခွာ

**ရန်ကုန် ဩဂုတ် ၈**

သန်လျင်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရရှိသူ တစ်ဦး၊ လူရည်ချွန်တစ်ဦးနှင့် တက္ကသိုလ်ဝင်တန်းကြိုးစားမှုစံပြအထူးဆုရရှိသူ တစ်ဦးတို့သည် ယနေ့ နံနက် ၇ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ စင်ကာပူနိုင်ငံသို့ လေ့လာရေးခရီးထွက်ခွာသွားကြသည်။

အဆိုပါ ထူးချွန်ကျောင်းသား ကျောင်းသူများအား မိဘဆရာကျောင်းအကျိုးဆောင်အဖွဲ့နာယက ဦးတင်ဝင်း၊ ဥက္ကဋ္ဌ ဦးမောင်မောင်တိုးနှင့်အဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီသန်း၊ မိဘဆွေမျိုးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပို့ဆောင်နှုတ်ဆက်ကြသည်။ ထူးချွန်ကျောင်းသား ကျောင်းသူများအား စင်ကာပူရောက်ကျောင်းသားဟောင်း ဦးဇော်ဝင်း(ဖြိုးမောက်ကုမ္ပဏီ)က တစ်ပတ်ကြာ လေ့လာရေးခရီးစဉ် ကူညီဆောင်ရွက်ပေးမည်ဖြစ်သည်။ **သန်းဝင်း(သန်လျင်)**

# ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံ နှစ်(၃၀) ပြည့် အခမ်းအနားကျင်းပပုံ မြင်ကွင်းအဖုံဖုံ

ဓာတ်ပုံ-သတင်းစဉ်၊ ရှစ်လေးလုံးဒီမိုကရေစီ အရေးတော်ပုံ နှစ်(၃၀) ပြည့် သတင်းပြန်ကြားရေးနှင့် မှတ်တမ်းဆပ်ကော်မတီ



ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံ နှစ်(၃၀) ပြည့် အခမ်းအနား၌ တက်ရောက်လာသူများက အရေးအခင်းအတွင်း ကျဆုံးသွားသူများအတွက် ရှစ်စက္ကန့် ငြိမ်သက်အလေးပြုကြစဉ်။



ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံ နှစ်(၃၀) ပြည့် အခမ်းအနား၌ ခင်းကျင်းပြသထားသည့် မှတ်တမ်းဓာတ်ပုံများ။



ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံ နှစ်(၃၀)ပြည့် အခမ်းအနားတွင် ပြသထားသော ပြခန်းများရှိ မှတ်တမ်းဓာတ်ပုံများကို အခမ်းအနားတက်ရောက်လာကြသူများ ကြည့်ရှုစဉ်။



ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံ နှစ်(၃၀) ပြည့် အခမ်းအနား ကျင်းပစဉ်။



ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံ နှစ်(၃၀) ပြည့် အခမ်းအနားသို့ တက်ရောက်လာသူအချို့လက်မှတ်ရေးထိုးစဉ်။



ရှစ်လေးလုံး ဒီမိုကရေစီ အရေးတော်ပုံ နှစ်(၃၀) ပြည့် အထိမ်းအမှတ် ဗိုးကုန်းမှ ရန်ကုန် တက္ကသိုလ် နယ်မြေသို့ စက်ဘီး စီးနင်း လာသူများ ပန်းဝင်လာစဉ်။



ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံ နှစ်(၃၀) ပြည့် အခမ်းအနားတွင် အခမ်းအနားဖြစ်မြောက်ရေးကော်မတီ ကိုယ်စား ဦးကိုကိုကြီး ကျေးဇူးတင်စကား ပြောကြားစဉ်။

# ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို ချမှတ်ဆောင်ရွက်နေပါတယ်

## စီးပွားရေးစကားဝိုင်း ဆွေးနွေး

ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နွဲ့နွဲ့ဝင်း၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်တင့်နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန (အကြံပေး) ဦးကြည်ရှိန်တို့ ပါဝင်သော စီးပွားရေးစကားဝိုင်းအစီအစဉ်ကို ဇူလိုင် ၅ ရက် နံနက်ပိုင်းက နေပြည်တော်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ပြုလုပ်ခဲ့ပါသည်။ အဆိုပါစကားဝိုင်းတွင် ဆွေးနွေးခဲ့သည်များကို ပြန်လည်ဖော်ပြအပ်ပါသည်။**

*ယမန်နေ့မှ အဆက်*



ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန



ဒေါ်နွဲ့နွဲ့ဝင်း၊ ရသုံးမှန်းခြေ
ငွေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်



ဦးမောင်မောင်တင့်၊ စီမံကိန်း
ရေးဆွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်



ဦးကြည်ရှိန်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊
ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန (အကြံပေး)

**အစီအစဉ်မှူး ॥ ॥ သက်ကြီးဘိုးဘွားတွေကို အရင်တုန်းက သိထားတာက အသက် ၉၀ ကျော်မှ ထောက်ပံ့တယ်လို့ သိရပါတယ်။ အခုက ဘယ်လိုထောက်ပံ့တာပါလဲ။**

**ညွှန်ကြားရေးမှူးချုပ်ဒေါ်နွဲ့နွဲ့ဝင်း ॥** ॥ မနှစ်က အထိက အသက်၉၀ အထိ ဖြစ်ပါတယ်။ ဒီနှစ်အစီအစဉ်ကတော့ ၈၅ နှစ် အထက်ဆိုပြီး တော့မှ အစီအစဉ်နဲ့ ထောက်ပံ့ဖို့ စီစဉ်ထားပါတယ်။ ပိုပြီးတော့မှ ထောက်ပံ့နိုင်ဖို့ဖြစ်ပါတယ်။

**အစီအစဉ်မှူး ॥ ॥ ဆရာကြီးအနေနဲ့ရော နိုင်ငံတော်အစိုးရရဲ့ဘဏ္ဍာရေးစည်းမျဉ်းနဲ့ အစိုးရရဲ့ငွေစာရင်းထိန်းသိမ်းခြင်းအကြောင်းကိုလည်း ရှင်းပြပေးပါ။**

**ဦးကြည်ရှိန် ॥** ॥ အမှန်တော့ ကျွန်တော်တို့ အခုဆွေးနွေးခဲ့တာတွေ အားလုံးက ပြည်သူ့ဘဏ္ဍာငွေတွေကို ကျွန်တော်တို့က ဘယ်လိုစီမံခန့်ခွဲတယ်။ ဘယ်လိုကြပ်ကြပ်မတ်မတ် ထိန်းထိန်းသိမ်းသိမ်း လုပ်နေတယ်ဆိုတဲ့ အပိုင်းပါပဲ။ ပြည်သူ့ဘဏ္ဍာငွေနဲ့ ပတ်သက်လို့ လုပ်ငန်းစဉ်တွေက ပထမ Planning ဆိုတဲ့ Plan လုပ်ပါတယ်။ စီမံကိန်းပေါ့။ တစ်နည်းအားဖြင့် ဘာအလုပ်တွေလုပ်မယ်ဆိုတာကိုပြောတဲ့ သဘောပါပဲ။ ဒုတိယက ဘတ်ဂျက်ပါ။ အဲဒီအလုပ်တွေလုပ်ရင် ငွေကြေးတွေ ဘယ်လောက် ကုန်ကျမလဲ။ ငွေတွေ ဘယ်လောက်ရမလဲ။ ဘယ်လောက်သုံးမလဲဆိုတဲ့အပိုင်းတွေ။ အဲဒါတွေက ဘတ်ဂျက်ရဲ့အပိုင်း ရောက်လာတာပါ။ ဘတ်ဂျက်လည်း အတည်ပြုလိုက်လို့ ဥပဒေလည်း အတည်ပြုလိုက်တဲ့ အချိန်ကျတော့ အကောင်အထည်ဖော်ပြီ။ အကောင်အထည်ဖော်ပြီဆိုရင် ရတာတွေကို ကောက်ချင်သလိုကောက်၊ သုံးတာတွေကို သုံးချင်သလို သုံးဆိုတာ မဖြစ်ရအောင် ထိန်းသိမ်းကွပ်ကဲပေးတာ ဘဏ္ဍာရေးစည်းမျဉ်းပါ။ ဘဏ္ဍာရေးစည်းမျဉ်းဆိုတာ နာမည်အနေနဲ့သာလျှင် စည်းမျဉ်းလို့ပြောတာပါ။ တကယ်တော့ ဘာသာရပ်တစ်ခုအနေနဲ့ ပြောတာပါ။ ဥပမာ ဝန်ထမ်းစည်းမျဉ်းရှိမယ်။ ဘဏ္ဍာရေးစည်းမျဉ်းရှိမယ်။ ငွေစာရင်းထားနည်းရှိမယ်၊ စသဖြင့်ပေါ့။ ဘာသာရပ်တစ်ခုအနေနဲ့သာလျှင် ဘဏ္ဍာရေး စည်းမျဉ်းလို့ပြောတာ။ အမှန်တော့ ဘဏ္ဍာရေးစည်းမျဉ်းထဲမှာ ဥပဒေတွေပါ အကုန်ပါပြီးသားပါ။ ဒုတိယဝန်ကြီး တင်ပြသွားတဲ့ အခွန်အကောက်ရငွေတွေနဲ့ ပတ်သက်တဲ့ အခွန်အကောက် ဥပဒေ၊ စီမံကိန်းဥပဒေ၊ ကျွန်တော်တို့ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ စသဖြင့် ငွေရေးကြေးရေးနဲ့ ပတ်သက်လာတဲ့ကိစ္စတွေ၊ ဥပဒေတွေအပြင် ညွှန်ကြားချက်တွေအထိ ဘဏ္ဍာရေး စည်းမျဉ်းထဲမှာ အကျုံးဝင်သွားပါတယ်။

### မှတ်တမ်းတင်ထိန်းသိမ်းထား

ပြည်သူ့ဘဏ္ဍာငွေ စီမံခန့်ခွဲတဲ့အထဲမှာ စီမံကိန်း ဘတ်ဂျက်၊ ဘဏ္ဍာရေးစည်းမျဉ်းရှိတယ်။ ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်းပြီးရင် ငွေစာရင်းထားနည်း လာတယ်။ ပြည်သူ့ဘဏ္ဍာတွေရတာ၊ သုံးတာတွေကို တကယ့်စနစ်တကျ စာရင်းနဲ့ပြန်ပြီး မှတ်တမ်းတင် ထိန်းသိမ်းထားရပါတယ်။ အဲဒီစာရင်းတွေကိုကြည့်ပြီး ဘယ်သူက စစ်လဲဆိုတော့ ဌာနတွင်းစာရင်းစစ်က စစ်တယ်။ ပြီးရင် မြန်မာနိုင်ငံစာရင်းစစ်ချုပ်ရုံးက စစ်တယ်။ စာရင်းစစ်ချုပ်ရုံး စစ်ပြီးတဲ့ အချိန်ကျတော့မှ တာဝန်ခံရတဲ့ပုဂ္ဂိုလ်တွေပေါ့။ ဘဏ္ဍာရေးကို ဘယ်သူတွေတာဝန်ခံလဲဆိုတော့ ဘဏ္ဍာရေးကျတော့ ရာထူးအလိုက်မခေါ်တော့ပါဘူး။ Controling Officer နဲ့ Drawing Officer က သေချာကြီးကြပ်ပြီး ဆောင်ရွက်ရတာ ဖြစ်ပါတယ်။ ဘဏ္ဍာရေးမှာ ကြီးကြပ်သူအရာရှိနဲ့ ငွေထုတ်သူအရာရှိက ငွေရေးကြေးရေးကို ဘဏ်နဲ့ဆက်သွယ်ပြီး တကယ်သွင်းတယ်။ ဘဏ်ထဲကထုတ်တယ်။ ထုတ်ပြီးတော့ အသုံးစရိတ်တွေသုံးစွဲတယ်။ ဒီပုဂ္ဂိုလ်တွေက စာရင်းစစ်ပြီးသွားပြီဆိုတော့မှ စိတ်အေးသွားပြီ။ သူတို့လုပ်ထားတာတွေက စည်းမျဉ်းနဲ့ကိုက်တယ်။ လုပ်ထားတဲ့ မှတ်တမ်းတွေကလည်း တကယ်ရှိတယ်။ စနစ်တကျနဲ့ အကုန်လုံးလာကြည့်ကြပါဆိုပြီး ပွင့်ပွင့်လင်းလင်း ဖြစ်သွားပါတယ်။

### သတ်မှတ်ထားတဲ့ စည်းကမ်းတွေရှိ

ဘဏ္ဍာရေးစည်းမျဉ်းမှာ ဘာအရေးကြီးလဲဆိုတော့ Implementation အပိုင်းမှာ ဒီငွေတွေကို သွင်းတယ် ထုတ်တယ်ဆိုရင် ရတဲ့ငွေတွေကို ပြည်သူ့ဘဏ္ဍာရန်ပုံငွေထဲ ထည့်ရတယ်။ သုံးစရာရှိလည်း ပြည်သူ့ဘဏ္ဍာငွေထဲက ထုတ်သုံးရတယ်။ ရတဲ့ပိုက်ဆံတွေ ထည့်လိုက်တာနဲ့ ရငွေကိစ္စ အမျိုးအစား တစ်ခုချင်း၊ တစ်ခုချင်းမှာ သတ်မှတ်ထားတဲ့ စည်းကမ်းတွေရှိတယ်။ ဘာလို့လဲဆိုတော့ အလေအလွင့် မဖြစ်သွားအောင်၊ အလွဲသုံးစားမှု မဖြစ်သွားအောင်၊ လိမ်လည်မှုတွေ မဖြစ်အောင် ယာယီအလွဲသုံးစားမှုကအစ မဖြစ်အောင် အဲဒါတွေကို ဘယ်လို လုပ်ရမလဲဆိုတဲ့ ရငွေ item တစ်ခုချင်းအတွက် သတ်မှတ်ချက်တွေ ရှိပါတယ်။

ထို့နည်းတူပဲ အသုံးစရိတ်တွေနဲ့ ပတ်သက်ပြီး ဥပမာ လစာနဲ့စရိတ်ဆို ဘယ်လိုလုပ်ရမယ်။ ခရီးစရိတ်တွေဆို ဘယ်လို လုပ်ရမယ်၊ ငွေလုံးငွေရင်းဆို ဘယ်လို လုပ်ရမယ်။ သတ်မှတ်ထားတာတွေအားလုံးက ဘဏ္ဍာရေးစည်းမျဉ်းပါပဲ။

နောက်တစ်ခုက အစိုးရစာရင်းထားနည်းဆိုတာ တချို့က အစိုးရစာရင်းကို နားလည်တာက တစ်ဖက်သွင်းစနစ်ပေါ့၊ တစ်ဖက်သွင်းစနစ်ကတော့ လွတ်လပ်ရေး မရခင်ကတည်းက နည်းစနစ်နဲ့ စခဲ့တာပေါ့။ အဲဒါဘယ်သူက စလုပ်လဲဆိုရင် မြန်မာနိုင်ငံ ငွေစာရင်းမင်းကြီးဆိုပြီးတော့ ငွေစာရင်းမင်းကြီးက သူ့ဆီကို နယ်မှာရှိတဲ့ ငွေတိုက်တွေက ဘောက်ချာစာရင်း၊ ချလန်စာရင်းအကုန်ပို့ရတယ်။ သူက အဲဒီအပေါ်မှာရှိတဲ့ ငွေစာရင်းခေါင်းစဉ်တွေ စနစ်တကျလုပ်ပြီး သာမန် ငွေလုံးငွေရင်း၊ ကြွေးမြီတွေကို အကုန်လုံး သူက စာရင်းလုပ်တယ်။ ၁၉၇၂ ခုနှစ်လည်းကျတော့ တကယ်လက်တွေ့လုပ်တဲ့သူက ငွေစာရင်းမင်းကြီးရုံးနဲ့ လုပ်ရတာ နှောင့်နှေးတယ်၊ ကြန့်ကြာတယ်။ အဲဒါကြောင့် စနစ်ပြောင်းလိုက်တယ်။ ဘယ်လိုပြောင်းလိုက်လဲဆိုတော့ ငွေထုတ်စာရင်းစနစ် Drawing Account စနစ်၊ ဘတ်ဂျက်အရ ခွဲဝေပေးလိုက်တဲ့ ခွင့်ပြုငွေတွေ ကောက်ခံမယ်။ သုံးစရာရှိတာကို အဲဒီထဲကသုံးမယ်။ သူ့ Account က ဘဏ်မှာရှိသွားပြီလေ။ Drawing Account ထဲမှာဝင်တယ်။ Drawing Account ထဲက ထုတ်တယ်။ ဒါတွေလုပ်ပါတယ်။ အဲဒါတွေကို ကျွန်တော်တို့ကစာရင်းမှတ်တယ်။ နယ်တွေမှာက စာရင်းပညာ ကျွမ်းကျင်တဲ့ပုဂ္ဂိုလ် ရှားနေတုန်းပဲ။ ၁၉၇၂ တုန်းကဆို ဘယ်လောက်ရှားပါးမလဲ စဉ်းစားကြည့်ပါ။ အဲဒီတော့ Single Entry ဆိုပေမယ့် သူတို့တွေရဲ့ စာရင်းတွေက တကယ်တိတိကျကျ မှန်မှန်ကန်ကန်ဖြစ်ကြောင်းကို proof လုပ်ထားတဲ့နည်း၊ ပုံစံ ၁၃ ခုနဲ့ ကျွန်တော်တို့ လုပ်ပေးထားတယ်။ သူ့ဆီက စာရင်းက မှန်ကန်ပါတယ်ဆိုပြီး သူကသက်သေပြပြီး စာရင်းချုပ်ပေးရတယ်။ ဘဏ်နဲ့လည်း ဆွေးနွေးရတယ်။ အောက်ခြေမှာ Single Entry ဆိုတာ အဲဒီမှာသုံးတာပဲ။ အစိုးရအလုပ်က Services လေ။ အုပ်ချုပ်ရေး၊ စီမံရေးလုပ်တယ်။ အောက်ခြေက Single Entry နဲ့ သေချာသက်သေပြပြီးတော့ ဘဏ်နဲ့လည်း ကိုက်ညီပြီးတော့မှ ဦးစီးဌာနကို ပို့ပါတယ်။ ဦးစီးဌာနကိုပေးပို့တော့ ဦးစီးဌာနကျမှ Contra Entry ပေါ့။ တစ်နည်းအားဖြင့် Double Entry လို့ ပြောလည်းရပါတယ်။ ဒါပေမယ့် Accrual တော့ မဟုတ်ဘူး၊ ဘာတွေပေးစရာရှိနေတယ်။ ယေဘုယျအားဖြင့်ပဲ မှတ်တယ်။ အကြွေးစာရင်းလည်းမှတ်တယ်။ အကြွေးစာရင်းတွေ ဘယ်လောက် Opening Balance ရှိတယ်။ ဒီနှစ် ဘယ်လောက်ရှိတယ်၊ ဘယ်လောက်ပေးတယ်၊ Closing Balance ဘယ်လောက်ရှိတယ်။ အဲဒီအထိတော့ မှတ်တယ်။

သို့သော်လည်း Accrual အနေနဲ့ မမှတ်ဘူး။ စာရင်းအနေနဲ့ ငွေအနေနဲ့ အဝင်အထွက်တွေပဲ မှတ်တယ်။ စာရင်းလုပ်တဲ့သူက ဘတ်ဂျက်ကိုမှီရတယ်။ စာရင်းမှာ ဘတ်ဂျက်ခေါင်းစဉ်အတိုင်းဖော်ရတယ်။ ငွေစာရင်းက ဘတ်ဂျက်အလိုက် လိုက်ပြီး လုပ်ရတယ်။ ခုနကဟာလေး ပြန်ဆက်ရရင် အခြေခံဌာနတွေဖြစ်တဲ့ မြို့နယ်ရုံးတွေက ဦးစီးဌာနကိုပို့ပြီး ဦးစီးဌာနက Contra နဲ့ သွားတယ်။ တစ်ဖက်ကသုံးတဲ့ စာရင်းပေါ့။ တစ်ဖက်က ဘဏ်ကပေးတဲ့စာရင်းပါ။ နှစ်ခုပေါင်းပြီး တစ်ခါတည်း ပြန်ကိုက်ညီတယ်။ အောက်ခြေမှာတုန်းကလည်း စာရင်းနှစ်ခုကို ကိုက်ညီအောင် လုပ်ပေးရတယ်။ ဦးစီးဌာနက ပြီးသွားပြီဆိုရင် ဦးစီးတစ်ခုချင်း တစ်ခုချင်းကနေပြီးတော့ ငွေတိုက်ဦးစီးဌာနကို ပို့ပေးရတယ်။ ငွေတိုက်ဦးစီးဌာနကလည်း ဘတ်ဂျက်ပုံစံအတိုင်း ပြုစုပြီးတော့ စာရင်းချုပ်လိုက်တော့ နိုင်ငံတော်ရဲ့စာရင်းတစ်ခု အဖြစ် ဖြစ်ပေါ်လာတာပါ။

**အစီအစဉ်မှူး ॥ ॥ ကျေးဇူးတင်ပါတယ်ဆရာ။ ဆက်လက်ပြီးတော့ ပြည်သူတွေ သဘာဝဘေးအန္တရာယ် ကြုံတွေ့ခဲ့မယ်ဆိုရင် ရသုံးမှန်းခြေငွေစာရင်းမှာ ဘယ်လို ထည့်သွင်းဆောင်ရွက်ထားတယ်ဆိုတာ သိပါရစေ။**

**ဒုတိယဝန်ကြီး ॥** ॥ အခုကတော့ အားလုံးလည်း ကြားသိနေရတဲ့အတိုင်းပဲ။ သဘာဝ ဘေးအန္တရာယ်က နှစ်စဉ်ကြုံတွေ့ရတယ်။ တချို့ နှစ်လည်းများတယ်။ တချို့နှစ်လည်း နည်းတယ်။ဒါပေမယ့် ကျွန်တော်တို့ ဘတ်ဂျက်မှာကတော့ အရင်ကတည်းက စဉ်းစားပြီး ထည့်ခဲ့တာရှိတယ်။ နောက်ပိုင်းမှာ သင့်လျော်တဲ့ ပမာဏတစ်ခုကို ဘတ်ဂျက်ထဲမှာ ထည့်ထားတယ်။ ကျပ်ငွေဘီလီယံတစ်ရာကို နှစ်စဉ်ထည့်သွင်းထားပါတယ်။ အရေးပေါ်ရန်ပုံငွေလို့ခေါ်ပါတယ်။ အဲဒီအရေးပေါ်ရန်ပုံငွေက အဓိကအားဖြင့် ဒီအတွက်မမျှော်လင့်တဲ့ သဘာဝဘေးအတွက် ရည်ရွယ်ပြီး ထည့်ထားတာဖြစ်ပါတယ်။ မမျှော်လင့်တဲ့ သဘာဝဘေးအန္တရာယ်တွေဖြစ်ခဲ့ရင် အစိုးရဌာနတွေက တစ်ဆင့် ပြည်သူတွေအတွက် သုံးစွဲနိုင်အောင်ပါ။ အခုကတော့ အမျိုးသား သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီကိုလည်း ဖွဲ့စည်းထားပါတယ်။ ဒီကော်မတီကို ဖွဲ့စည်းပြီးတဲ့အခါမှာ အမျိုးသား သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု ရန်ပုံငွေကို ထူထောင်ထားပါတယ်။ စနစ်တကျ ဒီလိုထူထောင်ပြီးတော့မှ နိုင်ငံတော် ဘတ်ဂျတ်ထဲကနေ စတင် initiate လုပ်ပြီး ဘီလီယံ ၂၀ စီ ထည့်ဝင်ပေးခဲ့တာ ယခုဆိုရင် သုံးနှစ်ရှိပြီ ဖြစ်ပါတယ်။ အခုလည်းပဲ ရေဘေးသင့်ပြည်သူတွေအတွက် နိုင်ငံတော်ကနေ ဒီရန်ပုံငွေထဲကနေ ခွဲဝေထောက်ပံ့ပေးနေတာကို တွေ့ရပါတယ်။

**အစီအစဉ်မှူး ॥ ॥ ဆွေးနွေးတဲ့ အကြောင်းအရာတွေ စုံနေပါပြီ။ ဒါကြောင့် ဒုတိယဝန်ကြီးအနေနဲ့ ပါဝင်ဆွေးနွေးပေးတဲ့သူတွေရဲ့ကိုယ်စား ပြည်သူတွေ သိရှိအောင် ပြောပြချင်တာရှိရင် ပြောပြပေးပါ။**

**ဒုတိယဝန်ကြီး ॥** ॥ ၂၀၁၈-၂၀၁၉ ခုနှစ် အတွက် တင်ထားတဲ့ ဥပဒေကြမ်းတွေနဲ့ ပတ်သက်ပြီး ဆွေးနွေးခွင့်ရတဲ့အတွက် ကျေးဇူးတင်ပါတယ်။ နိဂုံးချုပ်အနေနဲ့ ပြောချင်တာက ပြည်သူ့ဘဏ္ဍာရေးလို့ဆိုတဲ့ အတိုင်းပဲ ပြည်သူတွေရဲ့ဘဏ္ဍာငွေတွေကို ဘယ်လို စနစ်တကျ သုံးစွဲမယ်ဆိုတာ အမြဲတမ်း ကြိုးစားနေပါတယ်။ အဲဒီအတွက်ကို (Public Finance Management Modernization Project) ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှု ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းကို ချမှတ်ဆောင်ရွက်နေပါတယ်။ စီမံချက်အရ ပွင့်လင်းမြင်သာပြီး ကောင်းမွန်တောင့်တင်းတဲ့ ပြည်သူ့ဘဏ္ဍာ စီမံခန့်ခွဲမှုစနစ်ကို ဖော်ဆောင်မှာ ဖြစ်ပါတယ်။ စဉ်ဆက်မပြတ် တစိုက်မတ်မတ် အကောင်အထည်ဖော်သွားမှာ ဖြစ်ပါတယ်။ လွှတ်တော်က ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ အပါအဝင် ဌာနအဖွဲ့အစည်းတွေနဲ့လည်း ပူးပေါင်းဆောင်ရွက်နေပါတယ်။

### တစ်နှစ်ထက်တစ်နှစ်ကောင်းအောင်ဆောင်ရွက်

ကျွန်တော်တို့ ဘတ်ဂျက်တွေကို ဘယ်လိုရေးဆွဲကြမယ်၊ စီမံကိန်းနဲ့ဘတ်ဂျက် ဘယ်လိုချိတ်ဆက်ကြမယ်။ ဒါတွေကို ဘယ်လိုစိစစ်ပြီး ဘယ်လိုစစ်ဆေးကြမယ်။ အဲဒီလိုဟာတွေကို ဆောင်ရွက်နေပါတယ်။ အခုအခါမှာ ရသုံးမှန်းခြေ ငွေစာရင်း ဦးစီးဌာနကနေ Citizen Budget ဆိုတဲ့ ဘတ်ဂျက်အနှစ်ချုပ် စာစောင်လေးတွေကို ထုတ်ပြန်ပေးပါတယ်။ အဲဒီအပေါ်မှာ ပြည်သူတွေရဲ့အကြံပြုချက်တွေလည်း တောင်းခံပြီး တစ်နှစ်ထက် တစ်နှစ်ကောင်းအောင် ဆောင်ရွက်နေပါတယ်။ နိုင်ငံတော်ရဲ့ ဦးစားပေးလုပ်ငန်းတွေအတွက် ပိုမိုသုံးစွဲဖို့လုပ်မှာ ဖြစ်ပါတယ်။ စောစောက ဆွေးနွေးခဲ့သလို အစိုးရဘတ်ဂျက်က နိုင်ငံတစ်ခုလုံးမှာ စီးပွားရေးအတွက် ဦးဆောင် ဦးရွက်သဖွယ်ဖြစ်တဲ့အတွက် အစိုးရကဏ္ဍက သုံးစွဲလိုက်တဲ့ ငွေတွေဟာ တစ်နိုင်ငံလုံးက

**“ပြည်သူတွေရဲ့ အကြံပြုချက်တွေလည်း တောင်းခံပြီး တစ်နှစ်ထက်တစ်နှစ် ကောင်းအောင် ဆောင်ရွက်နေပါတယ်။ နိုင်ငံတော်ရဲ့ဦးစားပေးလုပ်ငန်းတွေအတွက် ပိုမိုသုံးစွဲဖို့လုပ်မှာ ဖြစ်ပါတယ်။ စောစောက ဆွေးနွေးခဲ့သလို အစိုးရဘတ်ဂျက်က နိုင်ငံတစ်ခုလုံးမှာ စီးပွားရေးအတွက် ဦးဆောင်ဦးရွက်သဖွယ်ဖြစ်တဲ့အတွက် အစိုးရကဏ္ဍက သုံးစွဲလိုက်တဲ့ငွေတွေဟာ တစ်နိုင်ငံလုံးက ကဏ္ဍအားလုံးကို ပျံ့နှံ့ရောက်ရှိသွားပြီးတော့ တိုင်းပြည်စီးပွားရေးအတွက် နှိုးဆော်အားတွေဖြစ်ပါတယ်။ အဲဒီသုံးစွဲမှုတွေကို ပုဂ္ဂလိကကဏ္ဍနဲ့ဆက်စပ်ပြီး တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ကြရမှာပါ”**

စာမျက်နှာ ၁၁ သို့

# ပဲခူးမြို့ ဒီမိုကရေစီကျောက်တိုင်ဖွင့်ပွဲသို့ ဝန်ကြီးချုပ် ဦးဝင်းသိန်း တက်ရောက်ဖွင့်လှစ်

**ပဲခူး ဩဂုတ် ၈**

ပဲခူးမြို့ ဟံသာဝတီရပ်ကွက် စည်ပင်သာယာရေးပိုင်ပန်းခြံတွင် ဩဂုတ် ၈ ရက် နံနက်ပိုင်းက ကျင်းပသည့် ဒီမိုကရေစီကျောက်တိုင်ဖွင့်ပွဲ အခမ်းအနားသို့ ဝန်ကြီးချုပ် ဦးဝင်းသိန်း တက်ရောက်ဖွင့်လှစ်ပေးခဲ့ပြီး အမှတ်တရစကားပြောကြားခဲ့သည်။

အဆိုပါ ဒီမိုကရေစီကျောက်တိုင်အား ဟံသာဝတီရပ်ကွက် ဖက်တန်းလမ်းမဘေးရှိ စည်ပင်သာယာပိုင် ပန်းခြံမြေ (၀ ဒသမ ၆၂)ဧက ခန့်ရှိသော မြေနေရာတွင် ပြည်သူထည့်ဝင် ငွေကျပ်သိန်း ၃၀၀ ကျော် အကုန်အကျခံဆောက်လုပ်ခဲ့ပြီး ပဲခူးတိုင်းဒေသကြီးအတွင်း ပထမဆုံးသော အထိမ်းအမှတ်ကျောက်တိုင်ဖြစ်ကာ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် တောင်ကြီးမြို့ရှိ ကျောက်တိုင်ပြီးလျှင် ဒုတိယမြောက် အထိမ်းအမှတ် ကျောက်တိုင်ဖြစ်ကြောင်း သိရသည်။




**ဟိန်းထက်(ခရိုင်ပြန်/ဆက်)**

# တောင်ငူမြို့၌ နှစ်(၃၀)ပြည့် ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံကြီး အောက်မေ့ဖွယ်အခမ်းအနားကျင်းပ

**တောင်ငူ ဩဂုတ် ၈**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တွင် ဩဂုတ် ၈ ရက် နံနက်ပိုင်းက နှစ် (၃၀) ပြည့် ပုလဲရတု ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံ အောက်မေ့ဖွယ် အခမ်းအနား ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားသို့ တောင်ငူမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးအကျဉ်းသားဟောင်းများ၊ NLD ပါတီဝင်များနှင့် ဝန်းရံအားပေးကြသူများ တက်ရောက်ကြကာ နံနက် ၉ နာရီက စတင်၍ ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံကြီးတွင် ပါဝင်ခဲ့ပြီး တောင်ငူမြို့သမိုင်းဝင်ရွှေဆံတော်ဘုရားကြီး မုခ်ဦးအနီးတွင် ကျဆုံးခဲ့ကြသူများအတွက် ရည်ရွယ်ကာ ဘုရားကြီးအရှေ့ဘက်မုခ်ဦးတွင် အမှတ်တရပန်းစည်းများချ၍ ဦးညွှတ်အလေးပြုခြင်း၊ ပုလဲရတုအောက်မေ့ဖွယ်အခမ်းအနားသို့ တက်ရောက်လာကြသူများက ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံနှင့် ပတ်သက်သော အမှတ်တရစကားများ ပြောကြားကြသည်။

ယင်းနောက် နံနက် ၉ နာရီခွဲခန့်၌ တောင်ငူမြို့တွင်း လမ်းများသို့ လမ်းလျှောက်ချီတက်ကြကာ ရှစ်လေးလုံးအရေးတော်ပုံကာလ၌ ပါဝင်ခဲ့ကြသော နိုင်ငံရေးသမားများ ပုန်းခိုရာဖြစ်သည့် စည်ပင်ဂိုဏ်းအုပ် စာသင်တိုက်ကြီးအတွင်းရှိ ရှစ်လေးလုံး အထိမ်းအမှတ်ကျောက်တိုင်တွင် ပန်းခွေချဦးညွှတ်အလေးပြုခြင်း၊ ကျဆုံးရဲဘော်များအတွက် ဆွမ်းကပ်အမျှအတန်းဝေခြင်းတို့လည်း ပြုလုပ်ခဲ့ကြသည်။




ထို့အပြင် ညနေ ၆ နာရီတွင် တောင်ငူမြို့ ကေတုရတနာခန်းမကြီး၌ ရှစ်လေးလုံး တိုက်ပွဲဝင်ကျဆုံးရဲဘော်များနှင့် နာမကျန်းရဲဘော်များအား ဂုဏ်ပြုခြင်း၊ အမှတ်တရ ကဗျာရွတ်ဆိုခြင်း၊ ရှစ်လေးလုံးအထိမ်းအမှတ် ဓာတ်ပုံပြပွဲ၊ သံချပ်ဖျော်ဖြေခြင်းနှင့် စာရေးဆရာ မောင်သာချို၊ ကာတွန်းဆရာ အော်ပီကျယ်တို့ပါဝင်သော စာပေဟောပြောပွဲများ ကျင်းပကြောင်း သိရသည်။

**သူရ(တောင်ငူ)**

# ညောင်ဦးမြို့နယ်၌ နှစ်(၃၀)ပြည့် ရှစ်လေးလုံး အရေးတော်ပုံ အခမ်းအနား ကျင်းပ

**ညောင်ဦး ဩဂုတ် ၈**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်တွင် ရှစ်လေးလုံးအရေးတော်ပုံအတွင်း ကျဆုံးသွားခဲ့သော ရဟန်းရှင်လူများနှင့် ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုသောအားဖြင့် ကျင်းပသည့် နှစ်(၃၀)ပြည့် ရှစ်လေးလုံးအရေးတော်ပုံ အခမ်းအနားကို ဩဂုတ် ၈ ရက် နံနက် ၁၀ နာရီက ညောင်ဦးမြို့သံလျက်ချောင်း ဘုန်းတော်ကြီးသင်ပညာရေးကျောင်းဝင်း၌ ကျင်းပသည်။

အခမ်းအနားတွင် တက်ရောက်လာကြသည့် ညောင်ဦးမြို့နယ် မဲဆန္ဒနယ်မြေ(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်ခိုင်၊ မဲဆန္ဒနယ်မြေ(၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိန်နှင့် ရှစ်လေးလုံး သပိတ်ခေါင်းဆောင်များ၊ နိုင်ငံရေးပါတီအဖွဲ့ဝင်များနှင့် ပြည်သူများက နိုင်ငံတော်အလံအား အလေးပြုခြင်းနှင့် ရှစ်လေးလုံးအရေးတော်ပုံအတွင်း ကျဆုံးသွားခဲ့သော ရဟန်းရှင်လူပြည်သူများနှင့် ကျောင်းသား ကျောင်းသူများအား တစ်မိနစ်ခန့် ငြိမ်သက်စွာ အလေးပြုခဲ့ကြသည်။

ဆက်လက်၍ ညောင်ဦးမြို့နယ် ရှစ်လေးလုံး သပိတ်ခေါင်းဆောင် ဦးဝင်းခိုင်က သမိုင်းအကျဉ်းကို ရှင်းလင်းဖတ်ကြားပြီး သပိတ်ခေါင်းဆောင် ဦးမောင်တင့်က ရှစ်လေးလုံးအရေးတော်ပုံ မြင်ကွင်းအချို့နှင့် စပ်လျဉ်းပြီး ပြောကြားခဲ့သည်။ အဆိုပါ အခမ်းအနားသို့ ညောင်ဦးမြို့နယ် ရှစ်လေးလုံးသပိတ်ခေါင်းဆောင်များနှင့် အဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ စုစုပေါင်း ၁၅၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# ရှစ်လေးလုံးအရေးတော်ပုံ နှစ်(၃၀)ပြည့် အခမ်းအနား အမြို့မြို့အနယ်နယ်၌ ကျင်းပ

**နတ်တလင်း**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့ရန်ကုန်-ပြည်လမ်း မြန်မာဆွေ ဆန်စက်ဝင်းအတွင်းရှိ NLD ပါတီရုံးတွင် ဩဂုတ် ၈ ရက် နံနက် ၅ နာရီ မိနစ် ၂၀ က နှစ် (၃၀)ပြည့် ရှစ်လေးလုံးနေ့အခမ်းအနား ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်သံဃနာယကဆရာတော် ဦးစင္ဒိလ (ဇေယျဝတီကျောင်းတိုက်)၊ ဦးနန္ဒမာလာ (ကဥ္စနာဘုံကျောင်းတိုက်)နှင့် သံဃာတော် ခြောက်ပါးတို့အား ပင့်ဖိတ်၍ ဆရာတော် ဦးနန္ဒမာလာထံမှ ငါးပါးသီလခံယူကြကာ ဆရာတော်များက အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်းနှင့် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချအမျှပေးဝေကြပြီး အရုဏ်ဆွမ်း ဆက်ကပ်ကြသည်။ အခမ်းအနားတွင် မြို့နယ် NLD ပါတီဥက္ကဋ္ဌ ဦးခင်အေး (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)၊ တိုင်းဒေသကြီး(၁) ဦးမောင်မောင်ဦး၊ (၂) ဦးကျော်ကျော်နိုင်၊ NLD ပါတီအလုပ်အမှုဆောင်များ၊ (၈၈)ဦးဘဲဥခေါ် ဦးအောင်ဝင်းထွန်းနှင့် ကျောင်းသားများ၊ ဖိတ်ကြားထားသောဧည့်သည်များ တက်ရောက်ကြကြောင်း သိရသည်။

**တင်မြင့်(နတ်တလင်း)**

**မိုးညှင်း**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် နန်းမားကျေးရွာရှမ်းစုရပ်ကွက် သစ်ပျံကျောင်းတိုက်လောကမှန်အောင်ဘုရားကြီး ကဇာတ်ရုံတွင် ဩဂုတ် ၈ ရက် နံနက် ၉ နာရီက ရှစ်လေးလုံးအရေးတော်ပုံ နှစ်(၃၀)ပြည့် အခမ်းအနား ကျင်းပသည်။ ရှေးဦးစွာ နိုင်ငံတော်အလံကို အလေးပြုကာ ကျဆုံးသွားသော ဗိုလ်ချုပ်အောင်ဆန်းနှင့် တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုပြီး ရှစ်လေးလုံး ဒီမိုကရေစီတိုက်ပွဲအတွင်း အသက်ပေးကျဆုံးခဲ့သော ရဟန်းရှင်လူ ကျောင်းသားပြည်သူများအား ဦးညွှတ်အလေးပြုကာ ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် တစ်မိနစ်ငြိမ်သက်၍ ဂုဏ်ပြုကြသည်။ အခမ်းအနားတွင် မိုးညှင်းမြို့နယ် ရှစ်လေးလုံး သွေးသစ်ဥက္ကဋ္ဌ ဦးစိန်အေးက ရှစ်လေးလုံးသမိုင်းကြောင်းကို လည်းကောင်း၊ ၈.၈.၁၉၈၈ ခုနှစ်မှ ၈.၈. ၂၀၁၈ ခုနှစ် အထိ ဖြတ်သန်းလာခဲ့သော နန်းမားဒေသနှင့် မိုးညှင်းဒေသမှ ပုံရိပ်လှုပ်ရှားမှုများကို မသန်းသန်းဦး၊ ကိုဇော်မင်းနှင့် ဦးတိုးမြင့်တို့က လည်းကောင်း ရှင်းလင်း ပြောကြားပြီး နာယက ဦးကျုံးတင့်က ကျေးဇူးတင်စကားပြောကြားသည်။ အခမ်းအနားသို့ မိုးညှင်းခရိုင်အတွင်းမှ (၈၈)မျိုးဆက် ကျောင်းသားဟောင်းများနှင့်အတူ ရန်ကုန်၊ မန္တလေး၊ မြစ်ကြီးနား၊ ဖားကန့်၊ မိုးကောင်းမြို့နယ်များမှ (၈၈)မျိုးဆက် ကျောင်းသားဟောင်းများနှင့် စောင့်ကြည့်လေ့လာကြသူများ စုစုပေါင်း ၅၀၀ ခန့် တက်ရောက်ကြကြောင်း သိရသည်။ **နီတိုး(မိုးညှင်း)**



**ကော့သောင်း (၈၈)မျိုးဆက်ကျောင်းသားများအဖွဲ့က ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံ နှစ်(၃၀)ပြည့် ပုလဲရတုအခမ်းအနားကို ဩဂုတ် ၈ ရက်က ကော့သောင်းမြို့မဥ္ဇူသကခန်းမ၌ ကျင်းပစဉ်။** (အခမ်းအနားတွင် တက်ရောက်လာကြသူများက အမှတ်တရအောက်မေ့လွမ်းဆွတ်ဖွယ်အဖြစ် နှင်းဆီပန်းချဂါရဝပြုခြင်း၊ သဝဏ်လွှာအားဖတ်ကြားခြင်း၊ အမှတ်တရစကားပြောကြားခြင်းနှင့် (၈၈)မျိုးဆက်သစ်များ၏ အောက်မေ့ဖွယ်တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခဲ့ကြပြီး (၈၈)အရေးခင်းကာလ မှတ်တမ်းဓာတ်ပုံများအား ခင်းကျင်းပြသခဲ့ကြကြောင်း သိရသည်။) **ကျော်စိုး (ကော့သောင်း)**

**စာမျက်နှာ ၁၀ မှ**

ကဏ္ဍအားလုံးကို ပျံ့နှံ့ရောက်ရှိသွားပြီးတော့ တိုင်းပြည် စီးပွားရေးအတွက် နှိုးဆော်အားတွေ ဖြစ်ပါတယ်။ အဲဒီသုံးစွဲမှုတွေကို ပုဂ္ဂလိကကဏ္ဍနဲ့ ဆက်စပ်ပြီး တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ကြရမှာပါ။

အခု တင်ထားတဲ့ ၂၀၁၈-၂၀၁၉ ခုနှစ် ဘတ်ဂျက်အနေအထားအရ ခန့်မှန်းအားဖြင့် ရငွေက ဂျီဒီပီရဲ့ ၁၉ ရာခိုင်နှုန်းလောက် ရှိပါတယ်။ သုံးတဲ့ငွေက GDP ရဲ့ ၂၃ ရာခိုင်နှုန်းလောက်ရှိပါတယ်။ ဒါဟာ နိုင်ငံတကာစံနှုန်းတွေနဲ့ယှဉ်ရင် မနည်းပါဘူး။ အစိုးရအနေနဲ့ ပြည်သူ့အတွက် သုံးပေးနေတယ်ဆိုတာ အသိပေးချင်ပါတယ်။ ဌာနအသီးသီးအတွက် အသင့်လျော်ဆုံးဖြစ်အောင် ခွဲဝေသုံးစွဲထားပြီး ဒီအပေါ်မှာ ဌာနတစ်ခုချင်းက အကောင်အထည်ဖော်တဲ့အခါ တချို့နေရာတွေမှာ အားနည်းချက်တွေ ရှိနိုင်ပါတယ်။ ဒီအားနည်းချက်တွေကို လွှတ်တော်ကလည်း အမြဲတမ်းစောင့်ကြည့်ပြီး ထောက်ပြနေတာဖြစ်တယ်။ ကျွန်တော်တို့က ချုံပြီးတော့ ဘတ်ဂျက်ကို အကောင်းဆုံး၊ အသင့်တော်ဆုံးအနေအထားဖြစ်အောင် ရေးဆွဲထားသော်လည်း လိုအပ်ရင်လည်း ဘဏ္ဍာရေးနှစ်ကစပြီး ခြောက်လကျော်တဲ့အချိန်မှာ ပြင်ဆင်ရေးဆွဲနိုင်အောင် Revise Estimate (RE) လို့ခေါ်တဲ့ ပြုပြင်ပြီး ခန့်မှန်းခြေစာရင်း ရေးဆွဲချိန်ကျရင် အရအသုံးတွေကို ထပ်မံပြင်ဆင်နိုင်ပါတယ်။ ဒါလေးတွေကို ပြည်သူတွေသိအောင် ပြောပြလိုပါတယ်။

**အစီအစဉ်မှူး ။ ။ ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်။**

**ရှင်မင်း၊ မွေးကြူ၊ ဓာတ်ပုံ-အေးသန်း**

# အာဆီယံ ယူ-၁၆ ပြိုင်ပွဲ ဆီမီးပွဲအဖြစ် မြန်မာနှင့် ထိုင်း၊ အင်ဒိုနီးရှားနှင့် မလေးရှားတွေ့ဆုံ

**ရန်ကုန် ဩဂုတ် ၈**

အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပလျက်ရှိသည့် ၂၀၁၈ အာဆီယံ ယူ-၁၆ ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲများကို ဩဂုတ် ၉ ရက် **(ယနေ့)** ကျင်းပမည်ဖြစ်ပြီး မြန်မာနှင့် ထိုင်း၊ အင်ဒိုနီးရှားနှင့် မလေးရှားအသင်းတို့ တွေ့ဆုံနေသည်။

ဆီမီးဖိုင်နယ်ပွဲများအဖြစ် မြန်မာစံတော်ချိန် ညနေ ၃ နာရီတွင် မြန်မာ ယူ-၁၆ အသင်းနှင့် ထိုင်း ယူ-၁၆ အသင်း၊ ညနေ ၆ နာရီခွဲတွင် အိမ်ရှင်အင်ဒိုနီးရှား ယူ-၁၆ အသင်းနှင့် မလေးရှား ယူ-၁၆ အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ ယူ-၁၆ အသင်းသည် အုပ်စု (က) တွင် ပါဝင်ခဲ့ပြီး ဒုတိယနေရာမှ တက်ရောက်လာခြင်းဖြစ်ပြီး အုပ်စု(ခ)တွင် ပထမနေရာရခဲ့သည့် ထိုင်းအသင်းနှင့် တွေ့ဆုံခဲ့ခြင်းဖြစ်သည်။ ထိုင်းအသင်းသည် အုပ်စုတွင် ရှုံးပွဲမရှိခဲ့ဘဲ သုံးပွဲနိုင်၊ တစ်ပွဲသရေကျခဲ့သောကြောင့် မြန်မာအသင်းသည် ဗိုလ်လုပွဲတက်ရောက်နိုင်ရန် ရုန်းကန်ရဖွယ်ရှိနေသည်။

မြန်မာ ယူ-၁၆ အသင်းသည် အုပ်စုပွဲများတွင် တီမောအသင်းကို သုံးဂိုး-နှစ်ဂိုး၊ ဖိလစ်ပိုင်အသင်းကို ခုနစ်ဂိုး-ဂိုးမရှိ၊ ကမ္ဘောဒီးယားအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရကာ ဗီယက်နမ်နှင့် နှစ်ဂိုးစီသရေကျပြီး အင်ဒိုနီးရှားအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ မြန်မာ ယူ-၁၆ အသင်းသည် ဗီယက်နမ်နှင့် ၁၀ မှတ်စီ တူညီခဲ့သော်လည်း ဂိုးကွာခြားချက်အသာဖြင့် အုပ်စုဒုတိယနေရာ ရခဲ့ခြင်းဖြစ်သည်။

မြန်မာ ယူ-၁၆ အသင်းသည် ယင်းပြိုင်ပွဲတွင် ခေတ်ဦးကာလဖြစ်သည့် ၂၀၀၂ နှင့် ၂၀၀၅ ခုနှစ်တွင် နှစ်ကြိမ်ဆက်တိုက် ဗိုလ်စွဲခဲ့သော်လည်း ယင်းနောက်ပိုင်းတွင် ချန်ပီယံဆုနှင့် ဝေးကွာလျက်ရှိသည်။ ဗိုလ်လုပွဲသို့ ၂၀၁၅ ပြိုင်ပွဲတွင် နောက်ဆုံးတက်ရောက်နိုင်ခဲ့ပြီး ယခုပြိုင်ပွဲတွင် တစ်ကျော့ပြန် အောင်မြင်မှုရရန် မြန်မာ ယူ-၁၆ အသင်းသားများ ကြိုးပမ်းရမည် ဖြစ်သည်။

**ညီမြတ်သော်တာ**

# KBZ BankWomen's League ပြိုင်ပွဲ လက်ရှိချန်ပီယံ မြဝတီအနိုင်ရ

**ရန်ကုန် ဩဂုတ် ၈**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ KBZ Bank ၏ အဓိကပံ့ပိုးကူညီမှုဖြင့် ကျင်းပလျက်ရှိသည့် ၂၀၁၇-၂၀၁၈ ရာသီ KBZ Bank Women's League ပြိုင်ပွဲ ပွဲစဉ် (၁၃) ဒုတိယနေ့ကို ယနေ့ညနေပိုင်းက အောင်ဆန်းကွင်း၌ ကျင်းပရာ လက်ရှိချန်ပီယံ မြဝတီအသင်းက တက္ကသိုလ်အသင်းကို ခြောက်ဂိုးပြတ် အနိုင်ရခဲ့သည်။ လက်ရှိချန်ပီယံ မြဝတီသည် ထိပ်ဆုံး၌ဆက်လက်ရပ်တည်လျက်ရှိပြီး ဇယားအောက်ဆုံးမှ တက္ကသိုလ်အသင်းသည် ရလဒ်ကောင်းရရန် ကြိုးပမ်းခဲ့သော်လည်း မြဝတီက ပွဲကိုထိန်းချုပ်ကစားခဲ့ပြီး ဂိုးဒါဇင်ဝက်ဖြင့် အနိုင်ရခဲ့ခြင်း ဖြစ်သည်။ **ရဲရင့်ရှိုင်း**

# ကြိုးတံတားများ စစ်ဆေးတွေ့ရှိချက်နှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၈**

တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ အစီအစဉ်ဖြင့် China Highway Construction Association (CHCA) မှ ကျွမ်းကျင်ပညာရှင်များနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အင်ဂျင်နီယာများ ပူးပေါင်းပြီး မြန်မာနိုင်ငံတစ်ဝန်းရှိ ကြိုးတံတားများ စစ်ဆေးတွေ့ရှိချက်နှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပွဲကို ဩဂုတ် ၇ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော် ဆောက်လုပ်ရေးဝန်ကြီးဌာန စုဝေးခန်းမဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က အမှာစကား ပြောကြားသည်။

ထို့နောက် China Highway Construction Association (CHCA) , Deputy Director of Expert Committee မှ Mr. CHUYILI က ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် Highway Construction Association (CHCA) မှ ပညာရှင်များက ကြိုးတံတားများစစ်ဆေးတွေ့ရှိချက်နှင့် ဆက်လက်ဆောင်ရွက်ရမည့် အစီအစဉ်များကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ဆွေးနွေးပွဲသို့ တက်ရောက်လာသူများက ကြိုးတံတားများ၏ စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များအပေါ် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ အပြန်အလှန်ဆွေးနွေးကြသည်။

ယနေ့ဆွေးနွေးပွဲသည် မြန်မာနိုင်ငံတစ်ဝန်းရှိ ကြိုးတံတားများ ကြံ့ခိုင်မှုရှိစေရေးနှင့် ထိန်းသိမ်းမှုအပိုင်းမြှင့်တင်နိုင်ရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Highway Construction Association (CHCA) မှ ကျွမ်းကျင်ပညာရှင်များနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အင်ဂျင်နီယာများ ပူးပေါင်းပြီးစစ်ဆေးတွေ့ရှိချက်များအပေါ် အကြံပြုဆွေးနွေးခြင်း ဖြစ်သည်။

ဆွေးနွေးရာတွင် နိုင်ငံတကာ၌ ကျင့်သုံးနေသည့် တံတားများနှင့်ပတ်သက်၍ စစ်ဆေးမှုအရတွေ့ရှိချက်အပေါ် မည်သို့ ပြုပြင်ထိန်းသိမ်းသွားမည်ကို စနစ်တကျဆောင်ရွက်နိုင်ရန် နည်းပညာပိုင်းကို အလေးထားဆွေးနွေးခဲ့ကြသည်။

တရုတ်ကျွမ်းကျင်ပညာရှင်များနှင့် ဆွေးနွေးခြင်းဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန အင်ဂျင်နီယာများအနေဖြင့် နည်းပညာရသလို လက်တွေ့လုပ်ဆောင်ရမည့် အစိတ်အပိုင်းများကိုလည်း အမြင်ချင်းဖလှယ် ဆွေးနွေးနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



မြန်မာနိုင်ငံတစ်ဝန်းရှိ ကြိုးတံတားများ စစ်ဆေးတွေ့ရှိချက်နှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပွဲ၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် အမှာစကား ပြောကြားစဉ်။

# မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား တမူး-မိုးရေးနှင့် ရိခေါဒါရ်-ဇိုခေါသာ အပြည်ပြည်ဆိုင်ရာနယ်စပ် ဝင်/ထွက် ဂိတ်များ ယနေ့ တစ်ပြိုင်တည်းဖွင့်လှစ်

နေပြည်တော် ဩဂုတ် ၈

**မြန်မာ-အိန္ဒိယ နှစ်နိုင်ငံဖြတ်သန်းသွားလာရေးဆိုင်ရာ သဘောတူစာချုပ်အရ အကောင်အထည်ဖော် ဆောင်ရွက်သည့် မြန်မာ-အိန္ဒိယနှစ်နိုင်ငံအကြား မြန်မာနိုင်ငံ စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ်နှင့် အိန္ဒိယနိုင်ငံ မဏိပူရပြည်နယ် မိုးရေးမြို့နယ်တို့ရှိ တမူး-မိုးရေးအပြည်ပြည်ဆိုင်ရာ နယ်စပ် ဝင်/ထွက်ဂိတ်နှင့် မြန်မာနိုင်ငံ ချင်းပြည်နယ် ရိခေါဒါရ်မြို့နှင့် အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ် ဇိုခေါသာမြို့တို့ရှိ ရိခေါဒါရ်-ဇိုခေါသာ အပြည်ပြည်ဆိုင်ရာနယ်စပ်ဝင်/ထွက်ဂိတ် ဖွင့်ပွဲများကို ယနေ့ နံနက် ၈ နာရီခွဲတွင် တစ်ပြိုင်တည်း ကျင်းပသည်။**

မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား တမူး-မိုးရေးအပြည်ပြည်ဆိုင်ရာ နယ်စပ် ဝင်/ထွက် ဂိတ်ဖွင့်ပွဲကို တမူးမြို့ရှိ ချစ်ကြည်ရေးတံတားအနီး အဆိုပါ ဝင်/ထွက် ဂိတ်မုခ်ဦး၌ကျင်းပရာ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအေးလွင်က မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား အပြည်ပြည်ဆိုင်ရာ နယ်စပ်




ဝင်/ထွက်ဂိတ်များ ဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မန္တလေးမြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံး ကောင်စစ်ဝန်ချုပ် Mr. Nandan Shigh Bhaisora နှင့် တမူးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်တို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် အမြဲတမ်းအတွင်းဝန်၊ ကောင်စစ်ဝန်ချုပ်နှင့် ခရိုင်အုပ်ချုပ်ရေးမှူးတို့က တမူး - မိုးရေးအပြည်ပြည်ဆိုင်ရာနယ်စပ် ဝင်/ထွက်ဂိတ်မုခ်ဦးအား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး ဝင်/ထွက်၏ ဂိတ်အတွင်း လူဝင်မှုကြီးကြပ်ရေးစစ်ဆေးရေးလုပ်ငန်း အခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အလားတူ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား ရိခေါဒါရ်-ဇိုခေါသာ အပြည်ပြည်ဆိုင်ရာနယ်စပ် ဝင်/ထွက်ဂိတ်ဖွင့်ပွဲကို ဩဂုတ် ၈ ရက် နံနက် ၈ နာရီခွဲတွင် ရိခေါဒါရ်မြို့ရှိ အဆိုပါ ဝင်/ထွက်ဂိတ်မုခ်ဦး၌ကျင်းပရာ အစီအစဉ်အရ ချင်းပြည်နယ်ဝန်ကြီးချုပ် ဆလိုင်းလျန်လွယ်နှင့် အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ် နယ်စပ်ကုန်သွယ်ရေးဝန်ကြီး Mr. H Bohluma တို့က အမှာစကားအသီးသီး ပြောကြားကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဆလိုင်းလျန်လွယ်၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဟန်ဝင်းအောင်၊ ပြည်နယ်စာရင်း စစ်ချုပ် ဦးလာလ်တင်မန်း၊ စစ်တွေမြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ ကောင်စစ်ဝန်ချုပ် Dr. Kumar Praveen နှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ပြည်နယ်ဦးစီးမှူး ဦးဝင်းနီဦးတို့က ရိခေါဒါရ်-ဇိုခေါသာ အပြည်ပြည်ဆိုင်ရာနယ်စပ် ဝင်/ထွက်ဂိတ် မုခ်ဦးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး လူဝင်မှု ကြီးကြပ်ရေး စစ်ဆေးရေးလုပ်ငန်းအခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

မြန်မာ - အိန္ဒိယ နှစ်နိုင်ငံအကြား တမူး - မိုးရေးနှင့် ရိခေါဒါရ် - ဇိုခေါသာ အပြည်ပြည်ဆိုင်ရာ နယ်စပ် ဝင်/ထွက်ဂိတ်များ ဖွင့်လှစ်နိုင်ခဲ့ခြင်းကြောင့် သက်တမ်းရှိသော နိုင်ငံကူးလက်မှတ်နှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ ထုတ်ပေးသည့် ပြည်ဝင်ဗီဇာနှင့် e-Visa ပါရှိသော မြန်မာနိုင်ငံသားများသည် အိန္ဒိယနိုင်ငံသို့ လည်းကောင်း၊ သက်တမ်းရှိသော နိုင်ငံကူးလက်မှတ်နှင့် သက်ဆိုင်ရာ နိုင်ငံ၏ မြန်မာနိုင်ငံသံရုံးမှထုတ်ပေးသည့် ပြည်ဝင်ဗီဇာ (သို့မဟုတ်) e-Visa ပါရှိသည့် အိန္ဒိယနိုင်ငံသားနှင့် အိန္ဒိယနိုင်ငံသားမဟုတ်သည့် အခြားနိုင်ငံခြားသား (တတိယနိုင်ငံသား) များသည် မြန်မာနိုင်ငံသို့ လည်းကောင်း ဝင်/ထွက် သွားလာနိုင်ပြီ ဖြစ်သည်။ မြန်မာနိုင်ငံအတွင်း ဝင်ရောက်လာသူများအနေဖြင့် မည်သည့်အပြည်ပြည်ဆိုင်ရာ ဝင်/ထွက် ပေါက်များမှမဆို ပြည်ပသို့ ပြန်လည်ထွက်ခွာနိုင်ကြောင်းနှင့် သံတမန်နိုင်ငံကူးလက်မှတ်နှင့် အထူးနိုင်ငံကူးလက်မှတ်ကိုင်ဆောင်ထားသည့် အိန္ဒိယနိုင်ငံသားများအား ပြည်ဝင်ဗီဇာကင်းလွတ်ခွင့်ပြုကြောင်း သိရသည်။

ထို့အပြင် အဆိုပါ အပြည်ပြည်ဆိုင်ရာ နယ်စပ်ဝင်/ထွက်ပေါက်များ တည်ရှိရာ နယ်စပ်ဒေသ၌ နေထိုင်သူ မြန်မာနှင့် အိန္ဒိယနိုင်ငံသားများသည် နယ်စပ်ဖြတ်သန်းခွင့်လက်မှတ်ဖြင့် နယ်စပ်မျဉ်းမှ (၁၆) ကီလိုမီတာ အကွာအဝေးအထိ ဝင်/ထွက်ခွင့်ပြုပြီး တစ်ကြိမ်ဝင်/ထွက် ခွင့်အတွက် ၁၃ ညအိပ် ၁၄ ရက် ခွင့်ပြုပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**
**ဓာတ်ပုံ-ခရိုင်(ပြန်/ဆက်)**

# မင်္ဂလာဒုံမြို့နယ်၌ ဖမ်းဆီးရမိခဲ့သည့် မူးယစ်ဆေးဝါးအမှုနှင့်ပတ်သက်၍ စွဲချက်တင်အမိန့်ချမှတ်

**ရန်ကုန် ဩဂုတ် ၈**

ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး ၂၀၁၅ ခုနှစ် ရာဇဝတ်ကြီးအမှုအမှတ် ၂၀၀ တရားလို ဒုတိယရဲမှူးဝင်းမြင့်၊ စွပ်စွဲခံရသူ ကိုမင်းဦးခိုင် ပါ- (၁၀) မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၂၀(က)/၂၁ အရ စွဲဆိုထားသောအမှုနှင့် ပတ်သက်ပြီး မြောက်ပိုင်းခရိုင်ရုံးတရားခွင် (၆) ခရိုင် ဒုတိယတရားသူကြီး ဦးရဲလွင်က ဩဂုတ် ၈ ရက်မွန်းလွဲပိုင်းတွင် စွဲချက်တင်အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

တရားစွဲဆိုထားသည်မှာ ၂၀၁၅ ခုနှစ် ဇူလိုင်လ အတွင်းက ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် ဇေကမ္ဘာဝင်းအနီး ကားလမ်းမပေါ်ရှိ ကုန်တင်ယာဉ်ငယ်ပေါ်မှ ငွေကျပ် ၁၃၃ ဒသမ ၅ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိခဲ့သည့်အပြင် ဆက်စပ်၍ ဒဂုံမြို့သစ် အရှေ့ပိုင်းရှိ ကုလားတန်မြစ်ဝှမ်း ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီရုံးချုပ်၌ ငွေကျပ် ၇ ဒသမ ၅ ဘီလီယံတန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့သည်။ ယင်းနောက် အဆိုပါကုမ္ပဏီအုပ်ချုပ်မှု ဒါရိုက်တာ ကိုမင်းဦးခိုင်၏ နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား နှစ်သန်းကျော် ထပ်မံသိမ်းဆည်းရမိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းအမှုနှင့်ပတ်သက်၍ ရန်ကုန်မြောက်ပိုင်းခရိုင် တရားရုံးသတင်းနှင့် ပြန်ကြားရေးအရာရှိ ဒုတိယခရိုင်တရားရုံး ဦးမောင်မောင်အေးက "ဒီအမှုနဲ့ ပတ်သက်လို့ ၂၀၁၅ ခုနှစ်ကတည်းက စစ်ဆေးနေတာပါ။ ခုဆို ရုံးချိန်းပေါင်း ၉၃ ချိန်းမြောက်ပါ။ တရားလိုပြသက်သေ ၄၈ ဦးစစ်ဆေးခဲ့ပြီး စွဲချက်တင်ရန်သင့်မသင့် နှစ်ဖက်လျှောက်လဲချက်ကို ကြားနာခဲ့ကာ ယနေ့ စွဲချက်အမိန့်ချမှတ်တာပါ။ စွပ်စွဲခံ ၁၀ ဦးထဲက မင်းဦးခိုင်ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၂၀ (က)အရနဲ့ စွဲချက်အမိန့်ချမှတ်ခဲ့ပါတယ်။ ကျန်ကိုးဦးဖြစ်တဲ့ ထွန်းကျော်ဇံ၊ ဇော်ဇော်မင်း၊ သန်းရွှေ(ခ)ဂျင်မီ၊ ညွန့်ဝင်း၊ မဝင်းငြိမ်းနိုင်(ခ)ငြိမ်းငြိမ်း၊ ရန်ရှောက်ဟွာ(ခ)စိုင်းအောင်၊ ရန်ယုံချင်း(ခ)ချိုချိုဝင်း၊ မောင်ဝင်း(ခ)ကျော်ထူးနဲ့ ခင်မောင်သန်း တို့ကိုတော့ မူး/စိတ် ဥပဒေပုဒ်မ ၂၀(က)/၂၁အရ စွဲချက်အမိန့် ချမှတ်ခဲ့တာဖြစ်ပါတယ်" ဟုပြောသည်။

"၁၉၉၆ ခုနှစ် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်အရ စွပ်စွဲခံရသူများက ပြန်ခေါ်သက်သေခေါ်ရမယ့် အခွင့်အရေး မဖြစ်မနေပေးရမှာဖြစ်တဲ့အတွက် တင်ပြထားတဲ့ဦးရေထဲက နှစ်ဦးကို ဩဂုတ် ၁၅ ရက်မှာ ချိန်းဆိုထားပါတယ်" ဟု ၎င်းက ထပ်မံပြောကြားသည်။

**မျိုးမင်းသိန်း**
**(မရမ်းကုန်း)**

# MFF U-14 ဘောလုံးပြိုင်ပွဲ အုပ်စုပွဲများ ပြီးဆုံး

**ရန်ကုန် ဩဂုတ် ၈**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် MFF U-14 Football Tournament ပြိုင်ပွဲအုပ်စုနောက်ဆုံးနေ့ကို ယနေ့နံနက်နှင့် ညနေပိုင်းက သုဝဏ္ဏမြက်ခင်းတုကွင်း၌ ကျင်းပရာ ထိုင်း ယူ-၁၄ အသင်းနှင့် ဖူကူရိုးမား အကယ်ဒမီ (ဂျပန်) အသင်းတို့ ဗိုလ်လုပွဲတက်ရောက်ခဲ့သည်။ ယနေ့ကျင်းပသည့် အုပ်စုပွဲကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော် တက်ရောက်ကြည့်ရှုအားပေးခဲ့သည်။

အုပ်စုနောက်ဆုံးနေ့တွင် ဖူကူရိုးမားအကယ်ဒမီ (ဂျပန်)က မန္တလေးအကယ်ဒမီ (မြန်မာ) ကို နှစ်ဂိုး-တစ်ဂိုး၊ ထိုင်း ယူ-၁၄ အသင်းက ပုသိမ်အကယ်ဒမီ (မြန်မာ) ကို ရှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ မန္တလေးအကယ်ဒမီအသင်းသည် နောက်ဆုံးပွဲတွင် ဖူကူရိုးမားအသင်းကို အနိုင်ရပါက ဗိုလ်လုပွဲတက်ရောက်နိုင်မည်ဖြစ်သော်လည်း ရှုံးနိမ့်ခဲ့သောကြောင့် တတိယလုပွဲသာ ကစားရမည် ဖြစ်သည်။

တတိယလုပွဲနှင့် ဗိုလ်လုပွဲကို ဩဂုတ် ၉ ရက် **(ယနေ့)** တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး နံနက် ၈ နာရီတွင် တတိယလုပွဲအဖြစ် မန္တလေးအကယ်ဒမီ (မြန်မာ) နှင့် ပုသိမ် အကယ်ဒမီ (မြန်မာ)၊ ညနေ ၃ နာရီခွဲတွင် ဗိုလ်လုပွဲအဖြစ် ထိုင်း ယူ-၁၄ အသင်းနှင့် ဖူကူရိုးမားအကယ်ဒမီ (ဂျပန်) အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **ရဲရင့်ရှိုင်း**

# ခမ်းပါတ်မြို့ နန်စပါတံတားအနီး လက်နက်နှင့် မူးယစ်ဆေးဝါးငွေကျပ်သိန်း ၂၉၇၀ ကျော်ဖိုး ဖမ်းမိ

**တမူး ဩဂုတ် ၈**

စစ်ကိုင်းတိုင်းဒေသကြီး ခမ်းပါတ်မြို့နန်စပါတံတားအနီးတွင် ခြောက်လုံးပြူးသေနတ်တစ်လက်၊ ကျည်လေးတောင့်၊ ငွေကျပ်သိန်း ၂၉၇၀ ကျော်တန်ဖိုးရှိ အိုက်စ်နှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ တမူးမြို့ မူးယစ်တပ်ဖွဲ့စု (၇) မှ တပ်ဖွဲ့ဝင်များနှင့် ခမ်းပါတ်မြို့နယ် မြေရဲစခန်းမှတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မူးယစ်ဆေးဝါးသတင်းအရ ဩဂုတ် ၇ ရက်က ခမ်းပါတ်မြို့ဘုက္ကန်ကျေးရွာနှင့် ထင်းဇင်ကျေးရွာအကြား နန်စပါတံတားအနီး၌ စောင့်ဆိုင်းနေစဉ် ကလေးမြို့ဘက်မှ တမူးမြို့ဘက်သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်၏နောက်ထိုင်ခုံပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား စုစုပေါင်း ၉၃၅၃၀၊ ဒေသပေါက်ဈေး ငွေကျပ် ၁၈၇၀ ဒသမ ၆ သိန်းကိုလည်းကောင်း၊ အိုက်စ် အလေးချိန် ၅ ဒသမ ၅ ကီလိုဂရမ်၊ ဒေသပေါက်ဈေး ငွေကျပ်သိန်း ၁၁၀၀ ကိုလည်းကောင်း စုစုပေါင်းငွေကျပ် ၂၉၇၀ ဒသမ ၆ သိန်း တန်ဖိုးရှိ မူးယစ်ဆေးဝါးများအား ဖမ်းမိခဲ့သည်။

ဆက်လက်ရှာဖွေရာ တူးဘောက်အတွင်းမှ 32 S ခြောက်လုံးပြူးသေနတ်တစ်လက်၊ ယင်းကျည်လေးတောင့်ကို သိမ်းဆည်းရမိခဲ့သဖြင့် မူးယစ်ဆေးဝါး၊ လက်နက်ခဲယမ်းများနှင့်အတူ တွေ့ရှိသူများဖြစ်သည့် ကလေးမြို့ ပင်လုံရပ်ကွက်နေ နောင်ရိုးနှင့် ချမ်းမြသာစည်မြို့နယ်နေသူများဖြစ်သည့် စိုင်းလော်ဝ်ထွန်းပါနှစ်ဦးတို့အား ခမ်းပါတ်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ထွန်းမင်းအောင်**
**(ကဘော်မြေ)**



## မြန်မာ့ရုပ်မြင်သံကြား

**၉-၈-၂၀၁၈ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

- ၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၈း၃၅ - "မင်္ဂလာပါအာဆီယံ"
- ၉း၁၀ - လုပ်ဖုံလင်အာဆီယံတစ်ခွင်
- ၉း၂၀ - ASEAN Spotlight (38)
- ၉း၃၅ - **"နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်နှင့်ဒေသခံပြည်သူများ စကားဝိုင်းတိုက်ရိုက် ထုတ်လွှင့်မှုအစီအစဉ်" (ပခုက္ကူမြို့နယ်၊ ချောက်ကန်ကျေးရွာ)**

**ညပိုင်း**

- ၁၆း၂၅ - သုံးသပ်ရှုမြင် မြန်မာ့ရုပ်ရှင် "ဣတ္ထိယ"
- ၁၆း၄၀ - သုံးသပ်ရှုမြင် မြန်မာ့ရုပ်ရှင် "မင်္ဂလာခုတင်"
- ၁၇း၃၅ - လူမှုစီးပွားမြင်ကွင်းများ
- ၁၈း၂၅ - မျက်မှောက်ရေးရာ အဖြာဖြာ
- ၁၉း၁၅ - မြန်မာဇာတ်လမ်းတွဲ " ဇနီးချောများကွန်ရက်" (အပိုင်း- ၂၂)
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ - Britain's Got Talent(9)
- - (ASEAN Day ဂုဏ်ပြုအစီအစဉ်) "ASEAN QUIZ" (အပိုင်း-၂)
- - မုတ်မုတ်ထင်ထင် မြန်မာ့ရုပ်ရှင် (အပိုင်း-၁) (ဒါရိုက်တာ-ကြည်စိုးထွန်း၊ ခင်မောင်ချင်း)

# စစ်တွေ၌ မူးယစ်ဆေးဝါးရောင်းဝယ်သူရှစ်ဦးအား စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ ကျော်နှင့်အတူ ဖမ်းဆီးရမိ

**စစ်တွေ ဩဂုတ် ၈**

ရခိုင်ပြည်နယ် စစ်တွေမြို့၌ ဩဂုတ် ၄ ရက်မှ ၇ ရက်အထိ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၂၀၂ ပြားနှင့်အတူ မူးယစ်ဆေးဝါး ရောင်းဝယ်သူရှစ်ဦးတို့ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဩဂုတ် ၄ ရက် ညနေ ၃ နာရီက စစ်တွေမြို့ မြို့မရဲစခန်းမှ ရဲအုပ်အေးခင်မောင်နှင့် တပ်ဖွဲ့ဝင်များသည် စစ်တွေမြို့ ပြည်တော်သာရပ်ကွက် ကမ်းနားလမ်းတြိဂံလမ်းဆုံအနီး လမ်းလျှောက်လာသူ လင်းချေနှင့် ဝင်းမောင်သိန်းတို့အား မသင်္ကာ၍ စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြားနှစ်ပြားနှင့် ဖုန်းတစ်လုံးတို့အား သိမ်းဆည်းရမိခဲ့သဖြင့် ဆက်လက်စစ်ဆေးရာ စစ်တွေမြို့ဘုမေကျေးရွာအနီး အမျိုးသားတစ်ဦးထံမှ ဝယ်ယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

ဆက်လက်၍ ဩဂုတ် ၇ ရက် မွန်းလွဲ ၁ နာရီက စစ်တွေမြို့ ပွိုင့်အပန်းဖြေစခန်း WESTERN PART POINT စားသောက်ဆိုင်အနီးတွင် ၅၁ယ/----- SUZUKICBR (လိုင်စင်စိစစ်ဆဲ)အား မောင်းနှင်လာသည့် ကျော်သူရဦး (ခ) သူရချေအား မသင်္ကာ၍ စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၁၄ ပြား၊ ငွေကျပ် ၁၆၀၀၀၊ ဖုန်းတစ်လုံးနှင့် ဆိုင်ကယ်တစ်စီး သိမ်းဆည်းရမိသဖြင့် အမှုဖွင့်အရေးယူ ဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ ကျော်သူရဦး(ခ) သူရချေအား အထူးအမှုစစ်အဖွဲ့ဖြင့် စစ်ဆေးခဲ့ရာ စိတ်ကြွရူးသွပ်ဆေးများကို စစ်တွေမြို့ ရွာကြီးတောင်ရပ်ကွက်ရှိ ခင်အေးမောင်ထံမှ ဝယ်ယူခဲ့ကြောင်း စစ်ဆေးသိရှိရသဖြင့် ဩဂုတ် ၇ ရက် မွန်းလွဲ ၂ နာရီ ၂၅ မိနစ်က စစ်တွေမြို့နယ် ရဲတပ်ဖွဲ့မှူး ဦးဆောင်သောအဖွဲ့က ရွာကြီးတောင်ရပ်ကွက်ရှိ ခင်အေးမောင်၏ အခန်းအားဝင်ရောက်ရှာဖွေရာ အခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၁၀၀၊ ငွေကျပ် ၅၀၀၀၀ နှင့် ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

ထို့နောက် ဖမ်းဆီးရမိသူ ခင်အေးမောင်အားစစ်ဆေးရာ မူးယစ်ဆေးဝါးများမှာ စစ်တွေမြို့မင်းဂံအကွက် (၄) နေ မစိုးစိုးအေးထံမှ ရရှိကြောင်း ပေါ်ပေါက်သဖြင့် ရဲတပ်ဖွဲ့ဝင်များသည် မစိုးစိုးအေး(ခ) မစိုးနေအိမ်သို့ ဝင်ရောက်ရှာဖွေရန် သွားရောက်စဉ် စစ်တွေမြို့မင်းဂံရပ်ကွက် မင်းစောမွန်လမ်းပေါ်တွင် ၎င်းကိုင်ဆောင်ထားသော လက်ကိုင်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၃၄ ပြားနှင့် ငွေကျပ် ၄၃၀၀၀၀၊ ဖုန်းတစ်လုံး၊ မစိုးစိုးအေးနေအိမ်သို့ ဝင်ရောက်ရှာဖွေစဉ် ကျော်မင်းထွန်း ရသေ့တောင်မြို့နေထိုင်သူအား စိတ်ကြွရူးသွပ်ဆေးပြား ၁၇ ပြား၊ ဖုန်းတစ်လုံးနှင့် ငွေကျပ် ၁၂၀၀ တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဆက်လက်၍ ခင်အေးမောင်၏ထွက်ဆိုချက်အရ မူးယစ်ဆေးများအား စစ်တွေမြို့ လမ်းမတော်တောင်ရပ်ကွက် ရွှေပြားကမ်းနားလမ်းနေခိုင်မင်းထံမှ ဝယ်ယူခဲ့ကြောင်းစစ်ဆေးပေါ်ပေါက်သဖြင့် ဩဂုတ် ၇ ရက် ညနေ ၆ နာရီ ၄၀ မိနစ်က ခိုင်မင်းနေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ခိုင်မင်းအားနေအိမ်တွင်တွေ့ရှိပြီး စိတ်ကြွရူးသွပ်ဆေးပြား စုစုပေါင်း ၈၀၃၅ ပြား၊ ငွေကျပ် ၃၂၆၄၀၀၊ ဖုန်းတစ်လုံးတို့ကိုသိမ်းဆည်းရမိခဲ့သည်။ မူးယစ်ဆေးဝါး လက်ဝယ်တွေ့ရှိသူ ခိုင်မင်းအား ဆက်လက်စစ်ဆေးရာ သိမ်းဆည်းရမိသောဆေးပြားများမှာ စစ်တွေမြို့ လမ်းမတော်မြောက်ရပ်ကွက် ဦးအောင်စံမြဆိုသူထံမှ ဝယ်ယူထားကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ဩဂုတ်၇ ရက် ည ၇ နာရီ မိနစ် ၅၀ က ဦးအောင်စံမြနေအိမ်ကို ဝင်ရောက်ရှာဖွေရာ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိမှုမရှိသော်လည်း မူးယစ်ဆေးဝါးများ အရောင်းအဝယ်ပြုလုပ်သူဦးအောင်စံမြနှင့် မူးယစ်ဆေးဝါးလက်ဝယ်တွေ့ရှိသူခိုင်မင်းတို့အား စစ်တွေမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ အဆိုပါ မူးယစ်ဆေးဝါးဖမ်းဆီးရမိမှု ခြောက်မှုမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၂၀၂ ပြားနှင့်အတူ မူးယစ်ဆေးဝါးရောင်းဝယ်သူ ရှစ်ဦးတို့ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ **တင်ထွန်း(ပြန်/ဆက်)**

# ကျောင်းကုန်းမြို့နယ်၌ ကားလမ်းဘေးတွင် ဖုန်းပြောနေသူနှစ်ဦး ကားတိုက်မိ၍ သေဆုံး

**ကျောင်းကုန်း ဩဂုတ် ၈**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ဆိပ်ဖူးနီအုပ်စု ဆိပ်ဖူးနီလေးကျေးရွာအနီး၌ ဩဂုတ် ၇ ရက် ည ၉ နာရီခန့်က ယာဉ်တိုက်မှုဖြစ်ပွား၍ နှစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ လှည်းဆိပ်ရဲကင်းစခန်းမှူး ဒုရဲအုပ်လှမိုးနှင့်အဖွဲ့ သွားရောက်စစ်ဆေးရာ ဆိပ်ဖူးနီ-ယိုဒယားတက်ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းပေါ်တွင် ဆိပ်ဖူးနီဘက်မှ ယိုဒယားတက်ကျေးရွာဘက်သို့ ယာဉ်မောင်း ဝင်းခိုင် (ခ) ကိုပေါက် မောင်းနှင်ပြီး ဇော်မင်းထက်(ခ)ဇော်ကြီး လိုက်ပါလာသည့် ယာဉ်အမှတ် 4E/---- ယာဉ်သည် လမ်းဘေးတွင်ဆိုင်ကယ်ရပ်၍ ဖုန်းပြောနေသော ဇော်ဟိန်းလတ်နှင့် ရဲထွဋ်ဝင်းတို့အား အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိခဲ့သည်။

ယင်းဖြစ်စဉ်ကြောင့် ၎င်းတို့နှစ်ဦးမှာ ဆိုင်ကယ်နှင့်အတူ လမ်းဘေးမြောင်းအတွင်းသို့ ထိုးကျပြီး အခင်းဖြစ်နေရာတွင်ပင် သေဆုံးသွားသဖြင့် ယာဉ်မောင်းအား ကျောင်းကုန်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း မြို့မရဲစခန်းမှ သိရသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**

# ကုန်တင်ယာဉ်မောင်းအိပ်ငိုက်ကာ ရပ်တန့်ထားသော ယာဉ်အားဝင်တိုက်မိ၊ တစ်ဦးဒဏ်ရာရ

**ရေတာရှည် ဩဂုတ် ၈**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သာဂရမြို့(အထက)ကျောင်းရှေ့ ရန်ကုန်-မန္တလေးကားလမ်းတွင် ဩဂုတ် ၈ ရက် နံနက် ၅ နာရီခွဲခန့်က ဝန်ထမ်းကြိုပို့ရပ်တန့်ထားသော ရေနီစက္ကူစက်ရုံဝန်ထမ်းကြိုပို့ဖယ်ရီယာဉ်အား ၁၈ ဘီးကုန်တင်ယာဉ်မှ အရှိန်လွန်ဝင်တိုက်မိခဲ့ရာ ကုန်တင်ယာဉ်မောင်း (စိုးရိမ်ရ) ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ယာဉ်တိုက်မှုဖြစ်စဉ်အရ သာဂရ နယ်မြေရဲစခန်းမှ တာဝန်မှူး ဒုရဲအုပ် ဘိုဘိုဆွေနှင့်အဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ သာဂရမြို့ ငါးခုံးချောင်းအနောက်ပိုင်းရပ်ကွက် (အထက) ကျောင်းရှေ့ ရန်ကုန်-မန္တလေးကားလမ်းမိုင်တိုင် ၂၀၅ တွင် ရေနီ စက္ကူစက်ရုံမှဝန်ထမ်းများကြိုပို့ရန် ရပ်တန့်ထားသည့် 5B/------ နစ်ဆန်း ၁၀ ဘီးယာဉ်၏ နောက်ဝဲဘက်ခြမ်းအား ကားလမ်းအတိုင်း မြောက်မှတောင်သို့ နေထွန်းဇော်(၄၄ နှစ်)၊ ရပ်ကွက်ကြီး(၁၂) ပြင်ဦးလွင်မြို့နေသူမောင်းနှင်လာသော 1M/-------ဖူဆို ၁၈ ဘီးယာဉ်သည်အခင်းဖြစ်နေရာအရောက် ယာဉ်မောင်းနှင်သူ အိပ်ငိုက်သွားရာမှ ဝင်ရောက်တိုက်မိခဲ့ခြင်းဖြစ်သည်။ ယာဉ်တိုက်မှုကြောင့် နေထွန်းဇော်တွင် (စိုးရိမ်ရ) ဒဏ်ရာများရရှိခဲ့ပြီး ဖြစ်စဉ်နှင့်ပတ်သက်၍ သာဂရနယ်မြေရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**



# နွားထိုးကြီးမြို့၌ ရွှေအတုပေါင်နှံသူနှစ်ဦးအား ဖမ်းဆီးအရေးယူ

**နွားထိုးကြီး ဩဂုတ် ၈**

နွားထိုးကြီးမြို့ အမှတ်(၃)ရပ်ကွက်ရှိ ကိုသိုက်အောင်ဒင်၏ ဆိုင်ရှေ့သို့ ဩဂုတ် ၅ ရက် နံနက် ၁၀ နာရီခန့်က ကားတစ်စီးဖြင့် အမျိုးသားနှစ်ဦး ရောက်ရှိလာပြီး လူတစ်ဦး ဆိုင်ထဲသို့ ရောက်ရှိလာကာ ရွှေလက်ကောက်နှစ်ကွင်းကို ပေါင်နှံလိုကြောင်းပြောဆိုထုတ်ပြသဖြင့် မသင်္ကာ၍ ပန်းထိမ်ဆရာက စစ်ဆေးခဲ့ရာ အတုများဖြစ်နေကြောင်း စစ်ဆေးသိရှိရ၍ မေးမြန်းနေစဉ် ကားပေါ်တွင်ထိုင်နေသောအမျိုးသားက ကားမောင်း၍ ထွက်ပြေးသွားခဲ့သည်။

ထို့ကြောင့် ရွှေအတုများအား လိမ်လည်ပေါင်နှံသူ တင်အောင်လွင်နှင့် ကားဖြင့်ထွက်ပြေးသွားသူ တစ်ဦးတို့အား ဥပဒေအရအရေးယူပေးရန် နွားထိုးကြီးမြို့မရဲစခန်းသို့ တိုင်တန်းခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ နွားထိုးကြီးမြို့မရဲစခန်းမှ ရဲစခန်းမှူး ဒုရဲမှူး ခင်မောင်ဦး ဦးစီးသော တပ်ဖွဲ့ဝင်များသည် အခင်းဖြစ်ပွားရာ ကိုသိုက်အောင်ဒင်၏ ရွှေဆိုင်သို့သွားရောက်စစ်ဆေးကာ ပြစ်မှုကျူးလွန်သူ တင်အောင်လွင်အား ဖမ်းဆီးခဲ့သည်။

ထို့နောက် ကားဖြင့်ထွက်ပြေးသွားသူအားလိုက်လံဖမ်းဆီးရာ မြို့အဝင်ဂိတ် CCTV မှတ်တမ်းများအရ ယင်းကားမှာ မန္တလေးဘက်သို့ ထွက်ပြေးတိမ်းရှောင်သွားကြောင်း သိရသဖြင့် တံတားဦးမြို့နယ် ရဲတပ်ဖွဲ့၊ အမြန်လမ်းမကြီးရဲတပ်ဖွဲ့စခန်းများအား ရဲအုပ်သိန်းထွန်းကျော်က ဆက်သွယ်အကြောင်းကြား ဖမ်းဆီးခဲ့ရာ အမြန်လမ်းမကြီးမိုင်တိုင်(၂၉၃/၄) ကြားတွင် CC/---- ယာဉ်နှင့်အတူ ပြစ်မှုကျူးလွန်ရာတွင် ပါဝင်သူ အောင်ကိုလတ်အား ဖမ်းဆီးရမိခဲ့သည်။

ထို့နောက် ၎င်းအားစစ်ဆေးရာ ရွှေအတုဟုယူဆရသော တစ်ကျပ်သားခန့်ဆွဲကြိုးတစ်ကုံးနှင့် ကားရှေ့ခန်းအံဝှက်အတွင်းမှ ၁၄ ပဲခန့်ရှိ ရွှေအတုဆွဲကြိုးတစ်ကုံးတို့ကို တွေ့ရှိသိမ်းဆည်းခဲ့သည်။ ဖြစ်စဉ်နှင့် ပတ်သက်၍ ပြစ်မှုကျူးလွန်သူနှစ်ဦးအား နွားထိုးကြီးမြို့မ ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**သန်းအောင်ဇော်**

# အင်းစိန်၊ ပင်လောင်းနှင့် လားရှိုးမြို့၌ မူးယစ်ဆေးဝါးများဖမ်းမိ

**နေပြည်တော် ဩဂုတ် ၈**

အင်းစိန်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၇ ရက် နံနက်ပိုင်းက အင်းစိန်မြို့နယ် မြို့သစ်(က+ခ)ရပ်ကွက်တွင် ရန်နိုင်ထွန်းအားရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြားခုနစ်ပြားနှင့် ဆေးခြောက် ၂ ဒသမ ၇ ဂရမ်တို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ အင်းစိန်မြို့နယ် ကမ်းနား (အနောက်)ရပ်ကွက် ပိတောက်ရွှေဝါလမ်းနေ မနီမာထွေး၏နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၀၀၊ ဆေးခြောက် ၁၄၉ ဂရမ်၊ ငွေကျပ် ၁၅ သိန်းနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ဩဂုတ် ၈ ရက် နံနက်ပိုင်းက မူးယစ်တပ်ဖွဲ့စု(၂၆)ပင်လောင်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ပင်လောင်းမြို့နယ် ပေါင်းလောင်းမြို့ ဖိုကုန်းနယ်မြေ(၃) အမှတ် (၄)ရပ်ကွက်ရှိ သန်းဌေး၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၆၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ပင်လောင်းမြို့နယ် တောင်ကျကျေးရွာရှိ မိုးချယ်ရီ(ခ)ကရင်မအား ဆက်လက်၍ သတင်းချိတ်ဆက်ပြီး ပင်လောင်း-နေပြည်တော်သွား ကားလမ်းတွင် မူးယစ်ဆေးဝါးများ ပိုင်ရှင်ဖြစ်သူ အမြင့် (ခ) ခွန်စိုးမြင့် (ခ) ကျော်မြင့်အား မော်တော်ဆိုင်ကယ်တစ်စီးနှင့်အတူ တွေ့ရှိရပြီး ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၈ ပြား၊ ငွေကျပ် ၄ သိန်းတို့ကိုလည်းကောင်း။

ယင်းနေ့ ညနေပိုင်းတွင် မူးယစ်တပ်ဖွဲ့စု (၂၄) လားရှိုးမှတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့အဝင် မူဆယ်-မန္တလေးသွား ပြည်ထောင်စုကားလမ်းတွင် အောင်ကျော်မင်း(ခ)ကျော်မင်း မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၉၂၅ ပြားတို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အီရန်နှင့် ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုကို ဆက်လက်ထိန်းသိမ်းသွားမည်ဟု ရုရှားပြော

**မော်စကို ဩဂုတ် ၈**

ရုရှားနိုင်ငံအနေဖြင့် အီရန်နိုင်ငံနှင့် နိုင်ငံတော်အဆင့် ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုကို ဆက်လက်ထိန်းသိမ်းသွားမည်ဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနမှ ဩဂုတ် ၇ ရက်က ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါထုတ်ပြန်ကြေညာချက်တွင် ရုရှားနိုင်ငံအနေဖြင့် အီရန်နျူကလီးယားအရေး ဘက်ပေါင်းစုံသဘောတူညီမှုစာချုပ်ကို အစွမ်းကုန်ထိန်းသိမ်းသွားမည်ဖြစ်ပြီး ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုကိုလည်း ထိန်းသိမ်းသွားမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။ ထို့အပြင် ရုရှားနိုင်ငံအနေဖြင့် အီရန်နျူကလီးယားအရေးသက်ဆိုင်ရာ နိုင်ငံအသီးသီးနှင့် အတူတကွ အီရန်နှင့် ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာစေရန် ဆောင်ရွက်မှုနည်းလမ်းကို ရှာဖွေသွားမည်ဖြစ်ကြောင်းနှင့် ရုရှားနိုင်ငံအနေဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီကို ကျော်လွှားပြီး ဆောင်ရွက်သည့် မည်သည့်တစ်ဖက်သတ် အရေးယူပိတ်ဆို့မှုမျိုးကိုမဆို ကန့်ကွက်ကြောင်း ဖော်ပြပါရှိသည်။



အီရန်နျူကလီးယားအရေး ဘက်စုံသဘောတူညီမှု စာချုပ်စတင်သက်ဝင်ချိန်မှစကာ သက်ဆိုင်ရာအဖွဲ့အစည်းများက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အီရန်နိုင်ငံမှ သဘောတူညီချက်ကို လိုက်နာကြောင်း တွေ့ရှိရသဖြင့် သဘောတူညီမှုစာချုပ်မှာ ဆက်လက်ပြီး အကျုံးဝင်နေသည်ကို သက်သေပြနိုင်ခဲ့ကြောင်း ထည့်သွင်းရေးသားဖော်ပြခဲ့သည်။ အမေရိကန်နိုင်ငံ အိမ်ဖြူတော်က အမေရိကန်နိုင်ငံအနေဖြင့် ဩဂုတ် ၇ ရက်မှစကာ အီရန်နိုင်ငံအပေါ် ငွေကြေး၊ သတ္တု၊ မော်တော်ယာဉ်စသည့် စွမ်းအင်မဟုတ်သည့် ကုန်စည်များအပေါ် အရေးယူပိတ်ဆို့မှုများ စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အီရန်နျူကလီးယားအရေး ဘက်စုံသဘောတူညီချက်စာချုပ်ကို ၂၀၁၅ခုနှစ် ဇူလိုင်လတွင် အီရန်နိုင်ငံနှင့် အီရန်နျူကလီးယားအရေး နိုင်ငံခြောက်နိုင်ငံဖြစ်သည့် အမေရိကန်၊ ဗြိတိန်၊ ပြင်သစ်၊ ရုရှား၊ တရုတ်နှင့် ဂျာမနီနိုင်ငံတို့က အတူတကွလက်မှတ်ရေးထိုးခဲ့ကြသည်။

သဘောတူညီချက်အရ အီရန်နိုင်ငံအနေဖြင့် ၎င်း၏ နျူကလီးယားအစီအစဉ်ကို ထိန်းချုပ်ပေးသွားရမည်ဖြစ်ပြီး နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့်လည်း အီရန်နိုင်ငံအပေါ် ပိတ်ဆို့အရေးယူမှုများကို ဖယ်ရှားပေးရမည်ဖြစ်ကြောင်း ပါရှိသည်။

သို့သော်လည်း အမေရိကန်က မေ ၈ ရက်တွင် အီရန်နျူကလီးယားစာချုပ်မှ နုတ်ထွက်ကြောင်းကြေညာခဲ့ပြီး အီရန်နိုင်ငံအပေါ် ပိတ်ဆို့အရေးယူမှုများ ပြန်လည်ဆောင်ရွက်ခဲ့သည်။

**ဆင်ဟွာ**

## တရားမဝင်ရွှေ့ပြောင်း ဝင်ရောက်လာသူ ၁၄၅ ဦးကို ပြည်နှင်ဒဏ်ပေး

**ထရီပိုလီ ဩဂုတ် ၈**

တရားမဝင်ရွှေ့ပြောင်း ဝင်ရောက်လာသူ ၁၄၅ ဦးကို လစ်ဗျားနိုင်ငံက ပြည်နှင်ဒဏ်ပေးလိုက်ကြောင်း လစ်ဗျားနိုင်ငံ တရားမဝင် ရွှေ့ပြောင်းနေထိုင်သူ တိုက်ဖျက်ရေးဌာနမှ မကြာသေးမီက ပြောခဲ့သည်။ နိုင်ငံတကာ ရွှေ့ပြောင်းသွားလာသူများအဖွဲ့၏ ပြန်လည်ပို့ဆောင်ရေးအစီအစဉ်တစ်စိတ်တစ်ပိုင်းအရ ကလေးငယ်များနှင့် အမျိုးသမီးများအပါအဝင် တရားမဝင် ရွှေ့ပြောင်းဝင်ရောက်လာသူ ၁၄၅ ဦးအား ထရီပိုလီမြို့ရှိ မီတီဂါနိုင်ငံတကာလေဆိပ်မှ ခါတွန်နိုင်ငံတကာလေဆိပ်သို့ လေယာဉ်ဖြင့် ပြန်လည်ပို့ဆောင်ခဲ့ခြင်းဖြစ်ကြောင်း ထုတ်ပြန်ချက်တစ်စောင်တွင် ဖော်ပြထားသည်။

သို့သော်လည်း အသေးစိတ်အချက်အလက်များကို ထုတ်ပြန်ဖော်ပြခြင်းမရှိခဲ့ကြောင်း သိရသည်။ နိုင်ငံတကာ ရွှေ့ပြောင်းသွားလာသူများ အဖွဲ့သည် ၂၀၁၇ ခုနှစ်အတွင်း တရားမဝင် ရွှေ့ပြောင်းနေထိုင်သူ ၁၉၀၀၀ ကျော်ကို မိခင်နိုင်ငံများသို့ ပြန်လည်ပို့ဆောင်ပေးခဲ့သည်။

လစ်ဗျားနိုင်ငံရှိ ရွှေ့ပြောင်းအခြေချဒုက္ခသည်စခန်းများတွင် လစ်ဗျားလုံခြုံရေးတပ်ဖွဲ့ဝင်များက ပင်လယ်ထဲတွင် ကယ်ဆယ်ခဲ့သည့် သို့မဟုတ် ဖမ်းဆီးခဲ့သည့် တရားမဝင် ဝင်ရောက်လာသူများနှင့် နိုင်ငံအတွင်း ပြည့်နှက်နေကြောင်း သိရသည်။

လစ်ဗျားနိုင်ငံသည် ၂၀၁၁ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် ယခင်နိုင်ငံရေးခေါင်းဆောင် မွမ်မာကဒါဖီအား ဖြုတ်ချသည့် လူထုအုံကြွမှုနှင့် နောက်ဆက်တွဲပြဿနာများကြောင့် နိုင်ငံအတွင်း မတည်ငြိမ်မှုများနှင့် မလုံခြုံမှုများကြုံတွေ့နေရသည်။ အဆိုပါ အခြေအနေများကြောင့် လစ်ဗျားနိုင်ငံသည် မြေထဲပင်လယ်ကို ဖြတ်ကာ ဥရောပတိုက်သို့ ဝင်ရောက်ရန်ကြိုးပမ်းနေသည့် တရားမဝင် ရွှေ့ပြောင်းနေထိုင်သူများအတွက် ခရီးတစ်ထောက်နားခိုရာ နေရာတစ်ခုဖြစ်လာကြောင်း သိရသည်။ **ဆင်ဟွာ**

# မြောက်ကိုရီးယားကို အရေးယူပိတ်ဆို့မှုများ ဆက်လက်ပြုလုပ်သွားရန် အာဘေးနှင့် ဂူတာရက်စ်တို့ ဆွေးနွေး

တိုကျို ဩဂုတ် ၈

**ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် ဂျပန်နိုင်ငံသို့အလည်အပတ်ရောက်ရှိနေသော ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်တို့သည် မြောက်ကိုရီးယားနိုင်ငံအနေဖြင့် နျူကလီးယားကင်းစင်ရေး အပြည့်အဝအကောင်အထည် မဖော်နိုင်သေးသရွေ့ မြောက်ကိုရီးယားနိုင်ငံကို အရေးယူပိတ်ဆို့မှုများ ဆက်လက်ပြုလုပ်သွားရန် သဘောတူခဲ့ကြောင်း သတင်းများတွင်ဖော်ပြခဲ့သည်။ ဂူတာရက်စ်သည် အာဘေးကို တိုကျိုမြို့တွင် ဩဂုတ် ၇ ရက်က တွေ့ဆုံခဲ့သည်။**

ဂူတာရက်စ်သည် ဂျပန်နိုင်ငံအနောက်မြောက်ပိုင်း နာဂါဆာကီတွင် ဩဂုတ် ၈ ရက်က ကျင်းပခဲ့သည့် အမေရိကန် နျူကလီးယားဗုံးထိမှန်ခဲ့သော နာဂါဆာကီမြို့၏ ၇၃နှစ်မြောက် နှစ်ပတ်လည်အထိမ်းအမှတ်ပွဲကို တက်ရောက်ခဲ့သည်။




အာဘေးက ဂူတာရက်စ်အနေဖြင့် ယခုပွဲကို တက်ရောက်လာသည့်အတွက် ဝမ်းမြောက်ဝမ်းသာ ကြိုဆိုပါကြောင်းနှင့် ယခုပွဲကို တက်ရောက်လာသည့် ပထမဆုံးကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဖြစ်ကြောင်း ချီးကျူးပြောကြားခဲ့သည်။ ဂျပန်ပြည်သူများ၏ ယခုလို ကြံ့ကြံ့ခံနိုင်စွမ်းကိုကြည့်လျှင် ငြိမ်းချမ်းရေးအတွက်အလွန်ရေးကြီးသည့် သတင်းစကားတစ်ခုကို ပါးလိုက်သကဲ့သို့ ဖြစ်ကြောင်း ဂူတာရက်စ်က ပြောခဲ့ သည်။

ထို့အပြင် အာဘေးနှင့် ဂူတာရက်စ်တို့သည် မြောက်ကိုရီးယားအရေးလည်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်ကို အခြေခံလျက် မြောက်ကိုရီးယားနိုင်ငံအပေါ် ချမှတ်ခဲ့သော ကုလသမဂ္ဂ၏ အရေးယူပိတ်ဆို့မှုများသည် မြောက်ကိုရီးယားနိုင်ငံအနေဖြင့် ၎င်း၏ ကတိကဝတ်ကို အပြည့်အဝအကောင်အထည်မဖော်နိုင်မချင်း နျူကလီးယားကင်းစင်ရေးအတွက် အရေးကြီးသည့် ရှေ့လုပ်ငန်းစဉ်များ မချမှတ်နိုင်မချင်း အရေးကြီးကြောင်း ဆွေးနွေးခဲ့ကြသည်။

ထို့အပြင် မြောက်ကိုရီးယားက ပြန်ပေးဆွဲခဲ့သည့် ဂျပန်နိုင်ငံသားများ အရေးနှင့်ပတ်သက်သည့် ကိစ္စရပ်များကိုလည်း ဖြစ်နိုင်သမျှ အမြန်ဆုံးဖြေရှင်းသွားနိုင်ဖို့အရေး ဆက်လက်ဆွေးနွေးခဲ့ကြသည်။

ထို့အတူ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ ကုလသမဂ္ဂဖွဲ့စည်းပုံပြောင်းလဲရေး လုပ်ငန်းစဉ်များကိုလည်း အားပေးထောက်ခံလျက်ရှိကြောင်း အာဘေးက ဖော်ပြခဲ့သည်။ ဂျပန်နိုင်ငံအနေဖြင့် ယခုကဲ့သို့ ကုလသမဂ္ဂ၏ ပြုပြင်ပြောင်းလဲမှုများနှင့် ပတ်သက်ပြီး အပြည့်အဝပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောခဲ့သည်။

နှစ်နိုင်ငံခေါင်းဆောင်များ ဆွေးနွေးပွဲပြီးနောက် ကမ္ဘာ့ခေါင်းဆောင်များအနေဖြင့် နျူကလီးယားဗုံးဒဏ်ခံ ဂျပန်နိုင်ငံ၏ မြို့တော်များသို့ လာရောက်လည်ပတ်ခြင်းသည် အရေးကြီးကြောင်း ထိုသို့ လာရောက်လည်ပတ်မှသာလျှင် နျူကလီးယားဗုံးအန္တရာယ် မည်မျှထိကြီးမားသည် ဆိုသည်ကို ပိုမိုပြီး နက်နက်နဲနဲ နားလည်လာမည်ဖြစ်ကြောင်းနှင့် နျူကလီးယားကင်းစင်သော ကမ္ဘာကြီးတစ်ခု ပေါ်ပေါက်လာရေးကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ**

# ဆော်ဒီနှင့် သံတမန်ဆက်ဆံရေး ဆိုးရွားနေသော်လည်း ကနေဒါက ရပ်တည်ချက်ကို ပြောင်းလဲမည် မဟုတ်

**အော့တဝါ ဩဂုတ် ၈**

ဆော်ဒီအာရေဗျနိုင်ငံနှင့် သံတမန် ဆက်ဆံရေးအခြေအနေ ဆိုးရွားနေသော်လည်း ကနေဒါနိုင်ငံအနေဖြင့် ရပ်တည်ချက်ကို ပြောင်းလဲမည်မဟုတ်ကြောင်း ကနေဒါနိုင်ငံခြားရေးဝန်ကြီး ခရိုက်စတီးနားဖရီးလန့်ဒ်က မကြာသေးမီက ပြောခဲ့သည်။ ကနေဒါနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒသည် နိုင်ငံ၏ တန်ဖိုးမြှင့်တင်ရန်ဖြစ်ကြောင်း၊ အဆိုပါမူဝါဒကို ဆက်လက်ကျင့်သုံးသွားမည်ဖြစ်ကြောင်း ကနေဒါနိုင်ငံခြားရေး ဝန်ကြီးက ပြောခဲ့သည်။

ဆော်ဒီအာရေဗျနိုင်ငံသည် ကနေဒါတွင် ပညာသင်ကြားနေသည့် ဆော်ဒီ ကျောင်းသား ကျောင်းသူများကို ပြန်လည်ခေါ်ယူပြီး ဗြိတိန်၊ ဩစတြေးလျ စသည့်နိုင်ငံများသို့ သွားရောက်ပညာသင်ရန်နှင့် ပြောင်းရွှေ့ပေးရန် ဆုံးဖြတ်ခဲ့သည်ဟု ကနေဒါရုပ်မြင်သံကြား၏ ထုတ်လွှင့်ချက်များအရ သိရသည်။ ကနေဒါနိုင်ငံ၏ ပညာတော်သင်ကျောင်းသားအများစုမှာ ဆော်ဒီမှဖြစ်ကြောင်း သိရသည်။

ကနေဒါနိုင်ငံသည် ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်သည်ဟု ဆော်ဒီနိုင်ငံခြားရေးဝန်ကြီးဌာနမှ မကြာသေးမီက ကြေညာချက်ထုတ်ပြန်ခဲ့သည်။ ကနေဒါ သံအမတ်ကိုလည်း ၂၄ နာရီအတွင်း ထွက်ခွာသွားရန် တောင်းဆိုထားကြောင်းနှင့် ဆော်ဒီသံအမတ်ကိုလည်း ခေါ်ယူမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ထို့အပြင် ကနေဒါနိုင်ငံ၏ စီးပွားရေးလုပ်ငန်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ်များအားလုံးကိုလည်း ပိတ်ဆို့သွားမည်ဖြစ်ကြောင်း အဆိုပါ ကြေညာချက်တွင် ဖော်ပြခဲ့သည်။

ကြေညာချက် ထုတ်ပြန်သည့်နေ့တွင် ဆော်ဒီအာရေဗျနိုင်ငံ၏ ပညာရေးဝန်ကြီးဌာနက ပညာတော်သင် ကျောင်းသားများကို ရွှေ့ပြောင်းမည်ဟု လည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာနက ဆေးကုသမှုခံယူသူများကို ရွှေ့ပြောင်းမည်ဟု လည်းကောင်း၊ လေကြောင်းကုမ္ပဏီများက ကနေဒါသို့ ပျံသန်းသည့် ခရီးစဉ်များကို ဖျက်သိမ်းသွားမည်ဟုလည်းကောင်း ကြေညာခဲ့သည်။

ဆော်ဒီဖမ်းဆီးထားသော လူ့အခွင့်အရေးလှုပ်ရှားသူများကိုလည်း ချက်ချင်းပြန်လွှတ်ပေးရန် တိုက်တွန်းကြောင်း ကနေဒါနိုင်ငံခြားရေးဝန်ကြီးဌာနက လူမှုမီဒီယာတွင် လွန်ခဲ့သည့် ရက်သတ္တပတ်က ရေးသားဖော်ပြခဲ့သည်။

**ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### မလေးရှားဝန်ကြီးချုပ်ဟောင်းအား ပြစ်မှုသုံးခုဖြင့် ထပ်မံစွဲချက်တင်

**ကွာလာလမ်ပူ ဩဂုတ် ၈**
မလေးရှားနိုင်ငံဝန်ကြီးချုပ် နာဂျစ်ရာဇတ်အား ဇူလိုင်လအစောပိုင်းက ယုံကြည်မှုဖောက်ဖျက်ခြင်းနှင့် အဂတိလိုက်စားခြင်း ပြစ်မှုများဖြင့် တရားရုံးများက တရားစွဲဆိုခဲ့သည့်အပြင် ဩဂုတ် ၈ ရက်ကလည်း အကြမ်းဖက်မှုတိုက်ဖျက်ရေး ဘဏ္ဍာငွေများအလွဲသုံးစားပြုမှုနှင့် ငွေကြေးခဝါချမှုများဖြင့်ဆက်စပ်သည့် ပြစ်မှုသုံးခုဖြင့် ထပ်မံစွဲချက်တင်လိုက်ကြောင်း သိရသည်။

မလေးရှားဝန်ကြီးချုပ်ဟောင်းသည် ဩဂုတ် ၈ ရက်နံနက် ၉နာရီတွင် ကွာလာလမ်ပူမြို့ရှိ တရားရုံးသို့ ရောက်ရှိလာပြီး ပမာဏကြားနာစစ်ဆေးမှုကို ခံယူခဲ့ကြောင်း သိရသည်။

တရားစွဲဆိုရေးအဖွဲ့က စွဲချက်အသစ်များကို ဖတ်ကြားခဲ့ပြီးနောက် နာဂျစ်က ၎င်းအနေဖြင့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့ကြောင်း ငြင်းဆိုခဲ့သည်။ ငွေကြေးခဝါချမှုအတွက် တစ်မှုလျှင် အမြင့်ဆုံးထောင်ဒဏ် ၁၅နှစ်နှင့် ငွေဒဏ်အဖြစ် တရားမဝင်ရရှိခဲ့သော ငွေပမာဏ၏ ငါးဆပေးဆောင်ရမည်ဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

### ဖိလစ်ပိုင်အနောက်တောင်ပိုင်း သင်္ဘောနစ်မြုပ်မှု ခုနစ်ဦးသေဆုံး

**မနီလာ ဩဂုတ် ၈**
လူ ၁၆ ဦးတင်ဆောင်လာသည့် သင်္ဘောတစ်စင်းသည် ဇူလိုင် ၃၀ ရက်က ဖိလစ်ပိုင်နိုင်ငံ အနောက်တောင်ပိုင်း မလေးရှားနိုင်ငံအနီး ပင်လယ်ပြင်တွင် နစ်မြုပ်ခဲ့ပြီး လက်ရှိအချိန်အထိ ခုနစ်ဦးသေဆုံးပြီး ရှစ်ဦးပျောက်ဆုံးနေဆဲဖြစ်ကြောင်း ဖိလစ်ပိုင် ကမ်းခြေစောင့်တပ်ဖွဲ့က ဩဂုတ် ၈ ရက်ကပြောခဲ့သည်။

အဆိုပါသင်္ဘောသည် ဇူလိုင် ၃၀ ရက်က ဖိလစ်ပိုင်အနောက်တောင်ပိုင်း တာဝီ-တာဝီပြည်နယ်မှ မလေးရှား ဆာဘာ့ အရှေ့ပိုင်းဒေသသို့ သွားရန်ထွက်ခွာလာစဉ် ဖိလစ်ပိုင်နှင့် မလေးရှားနယ်စပ် ပင်လယ်ပြင်သို့ အရောက်တွင် နစ်မြုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါသင်္ဘောပေါ်တွင် တာဝီ-တာဝီဒေသခံများ စီးနင်းလိုက်ပါလာကြောင်း ဖိလစ်ပိုင်ကမ်းခြေစောင့်တပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူ အာမန်ဘယ်လီလိုက ပြောခဲ့သည်။

**ဆင်ဟွာ**

### တီဟီရန်အမျိုးသားအိုလံပစ်အကယ်ဒမီ ပေါက်ကွဲမှု သုံးဦးသေဆုံး

**တီဟီရန် ဩဂုတ် ၈**
တီဟီရန်မြို့လယ်ရှိ အီရန်နိုင်ငံ၏ အမျိုးသားအိုလံပစ်အကယ်ဒမီ၌ ဩဂုတ် ၇ ရက် ညနေပိုင်းက ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ရာ အနည်းဆုံး သုံးဦးသေဆုံးခဲ့ကြောင်း အစိုးရတစ်ပိုင်း သတင်းအေဂျင်စီဖြစ်သည့် အစ်နာတွင် ဖော်ပြခဲ့သည်။

ပေါက်ကွဲမှုဖြစ်ပွားချိန်တွင် အိုလံပစ်အကယ်ဒမီ အဆောက်အအုံအတွင်း လူများစွာ ပိတ်မိနေကြကြောင်း သိရသည်။ ပေါက်ကွဲမှုသည် တီဟီရန်မြောက်ပိုင်းတွင်တည်ရှိသည့် ဆိုးလမ်းမပေါ်တွင် ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ ပေါက်ကွဲမှုနှင့်ပတ်သက်ပြီး သတင်းထုတ်ပြန်ဖော်ပြခြင်း မရှိသေးကြောင်း သိရသည်။ **ဆင်ဟွာ**

# သတိထားစရာ ဥရောပတစ်လွှား အပူချိန်လွန်ကဲမှုများ

*တင်လင်းအောင်*

**ဥရောပမှာ မကြာသေးမီက စံချိန်တင်လောက်တဲ့ အပူချိန် လွန်ကဲမှုတွေ ဖြစ်ပေါ်ခဲ့ပြန်ပါသေးတယ်။ ကမ္ဘာတစ်ဝန်းမှာ အပူချိန်လွန်ကဲမှုတွေကို မကြာခဏဆိုသလို သတင်းတွေမှာ တွေ့နေရ၊ ကြားနေရ၊ မြင်နေရတာဖြင့် မထူးဆန်းတော့သလိုတောင် ဖြစ်ပါတယ်။ သို့သော်လည်းပဲ ဒီလိုအပူလွန်ကဲမှုတွေကြောင့် သက်ရှိ၊ သက်မဲ့တွေ၊ ဒြပ်ရှိ၊ ဒြပ်မဲ့တွေရဲ့အခြေအနေတွေ၊ နေထိုင်မှုပုံစံတွေ ဆင့်ကဲပြောင်းလဲမှုတွေဖြစ်ပေါ်လာနိုင်ပါတယ်။ ထို့အတူပဲ အပူလွန်ကဲပြီး ရာသီဥတုဖောက်ပြန်မှုတွေဟာ ကမ္ဘာကြီးကို အမှီသဟဲပြု နေထိုင်သူတွေအတွက်လည်း ဆိုးကျိုးတွေ သက်ရောက်စေပါတယ်။**



**ပြင်သစ်**

ပြင်သစ်နိုင်ငံ တောင်ပိုင်းမှာ အပူချိန်ဟာ ဩဂုတ် ၆ ရက်မှာ ၃၇ ဒီဂရီ ဆဲလ်စီးရပ်စ်အထိ ရောက်ရှိခဲ့ပြီး မြောက်ပိုင်းမှာတော့ အပူချိန်ဟာ ဩဂုတ် ၇ ရက်မှာ ပိုမိုပြင်းထန်ခဲ့ပါတယ်။ လွန်ခဲ့တဲ့ ဩဂုတ် ၄ ရက်မှာတော့ အပူချိန်ဟာ ၎င်းနိုင်ငံရဲ့ အမြင့်ဆုံးအဆင့်အထိ ရောက်ရှိခဲ့ပါတယ်။ အခုလို အပူချိန်လွန်ကဲမှုဟာ လွန်ခဲ့တဲ့ ၂၀၀၃ ခုနှစ် အပူလှိုင်းဖြတ်သန်းလို့ သက်ကြီးပိုင်းထောင်ပေါင်းများစွာ သေဆုံးခဲ့ရတဲ့ ဖြစ်ရပ်ဖြစ်ပြီးနောက် ပထမဆုံးဖြစ်လာတဲ့ ဖြစ်ရပ်ပဲဖြစ်ပါတယ်။

ပြင်သစ်နိုင်ငံရဲ့ ကျန်းမာရေးဝန်ကြီးက ပြည်သူတွေအနေနဲ့ အပူချိန်ကို သက်သာစေမည့် သက်သောင့်သက်သာ နည်းလမ်းတွေနဲ့ နေထိုင်သွားကြဖို့ သတိပေးတိုက်တွန်းထားတာတွေလည်း ရှိပါတယ်။

အပူချိန်လွန်ကဲမှုကြောင့် ဖြစ်ပေါ်လာနိုင်တဲ့ အကျိုးဆက်ကို ကာကွယ်ဖို့အတွက် ရေများများသောက်ဖို့၊ ဆားသုံးဆောင်ဖို့ကိုလည်း အထိုက်အလျောက်လုပ်ဆောင်ဖို့ လိုအပ်ပါတယ်လို့ ကျန်းမာရေးဝန်ကြီး အေဂျင်းဘူဇန်က ပြောပါတယ်။

**စပိန်**

ဩဂုတ် ၅ ရက်က စပိန်နိုင်ငံ အရှေ့ပိုင်း အိတ်ထရီမာဒူရာဒေသမှာ အပူရှပ်ခြင်းကြောင့် အသက် ၄၀ လောက်ရှိတဲ့ ဂျာမန်ခရီးသွားတစ်ဦး သေဆုံးခြင်းအပါအဝင် စပိန်နိုင်ငံမှာလည်း အပူချိန်လွန်ကဲမှုနဲ့ဆက်စပ်ဖြစ်ပေါ်လာတဲ့ အခြေအနေတွေကြောင့် သေဆုံးသူဦးရေဟာ ခုနစ်ဦးအထိ တိုးလာပါတယ်။

ဒေသဆိုင်ရာ အာဏာပိုင်တွေလည်း အိတ်ထရီမာဒူရာဒေသနဲ့ ကက်တလိုနီးယားဒေသမှာ အလားတူ အပူရှပ်ခြင်းကြောင့် သေဆုံးခဲ့သူတွေကို မှတ်တမ်းတင်ထားခဲ့ကြောင်း ပြောကြားခဲ့ပါတယ်။

မီးသတ်သမားတွေဟာ အနောက်တောင်ပိုင်းပြည်နယ် ဟူလာဗာမှာ ဖြစ်ပွားခဲ့တဲ့ တောမီးလောင်ကျွမ်းမှုကိုတော့ ငြိမ်းသတ်နိုင်ခဲ့ပါတယ်။ သို့သော်လည်း အပူချိန်မြင့်တက်မှုတွေဟာ ဆက်လက်ဖြစ်ပေါ်နိုင်ကြောင်း သုံးသပ်ထားပြီး အထူးသဖြင့် အရှေ့တောင်ပိုင်းမှာ အပူချိန်ဟာ ၄၀ - ၄၂ ဒီဂရီ ဆဲလ်စီးရပ်စ်လောက်အထိ မြင့်တက်နိုင်ကြောင်း ခန့်မှန်းထားပါတယ်။

**ပေါ်တူဂီ**

ပေါ်တူဂီနိုင်ငံမှာ အပူချိန်လွန်ကဲမှုဟာ အနည်းငယ်လျော့နည်းခဲ့သလို ရှိသော်လည်း မီးသတ်သမားတွေ သက်သောင့်သက်သာ နေနိုင်လောက်တဲ့အထိတော့ မဟုတ်ခဲ့ပါဘူး။

မီးလောင်မှုကြောင့် ဩဂုတ် ၆ ရက်က ၂၄ ဦး ဒဏ်ရာရတဲ့အပြင် လူပေါင်းအတော်များများမှာ ညတွင်းချင်းရွှေ့ပြောင်းမှုတွေ လုပ်ခဲ့ပြီးနောက်မှာတော့ ပေါ်တူဂီနိုင်ငံတောင်ပိုင်း မွန်ချစ်မှာ ထူထဲတဲ့ မီးခိုးလုံးတိမ်တိုက်ကြီးတွေ ရစ်သိုင်းလျက်ရှိသေးတာကို တွေ့မြင်ရပါတယ်။

ဩဂုတ် ၄ ရက် နောက်ပိုင်းမှာတော့ အပူချိန်ဟာ ၄၅ ဒီဂရီ ဆဲလ်စီးရပ်စ်အထိ ပြန်လည်မြင့်တက်လာနိုင်ပြီး နောက်ပိုင်းမှာတော့ တဖြည်းဖြည်း လျော့နည်းသွားဖို့ အလားအလာရှိတယ်လို့ မိုးလေဝသဌာနက ပြောပါတယ်။

**ဂျာမနီ**

ဂျာမနီနိုင်ငံမှာလည်း အခုတလော အပူချိန်ဟာ ၃၉ ဒီဂရီ ဆဲလ်စီးရပ်စ်အထိ မြင့်တက်ခဲ့ပါတယ်။ တရားဝင်စာရင်းဇယားတွေအရ ယခုနှစ် ဧပြီ-ဇူလိုင် အပူချိန်ဟာ လွန်ခဲ့တဲ့နှစ် ၁၉၆၁- ၁၉၉၀ ခုနှစ် အပူချိန်ထက် ၃ ဒသမ ၆ ဒီဂရီ ဆဲလ်စီးရပ်စ်အထိ ပိုမို မြင့်တက်ခဲ့ပါတယ်။

တချို့ဒေသတွေမှာ ကောက်ပဲသီးနှံတွေဟာ ၇၀ ရာခိုင်နှုန်းလောက်အထိအရှုံးပေါ်နေတဲ့အတွက် အစိုးရအထောက်အပံ့ ယူရို ၁ ဘီလီယံလောက် ရရင်ကောင်းမှာပဲလို့ လယ်သမားကြီးတွေလည်း ဂျာမနီလယ်သမားများအဖွဲ့ဥက္ကဋ္ဌကို အကူအညီတောင်းခံခဲ့ပါတယ်။

ဩဂုတ် ၆ ရက်မှာ ဂျာမန်ပြည်နယ်သုံးခုက ကလေးငယ်တွေအတော်များများ ကျောင်းပြန်တက်ခဲ့သော်လည်း တချို့ပြည်နယ်တွေက ကလေးတွေကို အပူလှိုင်းအန္တရာယ်ကြောင့် ကျောင်းစောစောဆင်းပေးမှုတွေလည်း ပြုလုပ်ပေးတယ်လို့ သိရပါတယ်။

**ဗြိတိန်**

ဗြိတိသျှကျွန်းများမှာလည်း အပူချိန်လွန်ကဲမှုတွေ ဆက်လက်ဖြစ်ပေါ်ခဲ့ပါတယ်။ ဗြိတိန်တောင်ပိုင်းမှာတော့ အပူချိန်ဟာ ၃၂ ဒီဂရီ ဆဲစီးရပ်စ်အထိ ရှိခဲ့ပြီး မြောက်ပိုင်းမှာတော့ ၎င်းထက် အနည်းငယ်လျော့နည်းကာ လေးတဲ့ဘက်မှာ ရှိပါတယ်။

ဘရစ်စတိုရေလက်ကြား လန်ဒီကဲ့သို့ မြို့ကြီးပြကြီးနဲ့ အလှမ်းဝေးတဲ့ ကျွန်းလေးတွေမှာလည်း မိုးခေါင်တဲ့ ပြဿနာရှိတဲ့အတွက် အခုဆိုရင် ကျွန်းသူကျွန်းသားတွေဟာ ရေသန့်ဘူးတွေကိုသာ အားထားနေရကြောင်း သိရပါတယ်။

အခြား ကျွန်းတွေမှာလည်း သောက်သုံးရေလျှော့သုံးဖို့ တိုက်တွန်းထားတယ်လို့ ဒေလီအိတ်စ်ပရက်သတင်းစာမှာဖော်ပြထားပါတယ်။

**နယ်သာလန်**

နယ်သာလန်နိုင်ငံမှာလည်း အပူချိန်မြင့်မားမှုကြောင့် ယင်းနဲ့ ဆက်စပ်တဲ့ အပူလှိုင်းအန္တရာယ်ဟာ မြေနိမ့်ပိုင်း နယ်သာလန်ဒေသတွေကို ရိုက်ခတ်ခဲ့သော်လည်း ဆည်ရေသောက်စနစ်၊ ရေလက်ကြားစနစ်တွေ အားကောင်းနေတဲ့ သူ့လိုနိုင်ငံမှာ မှီတင်းနေထိုင်တဲ့ သူတွေအတွက်တော့ အပူချိန်လွန်ကဲမှုဆိုတာ ကြောက်ရကောင်းမှန်းမသိတဲ့ အရာတစ်ခုလို ဖြစ်ခဲ့ပါတယ်။

**ဂရိ**

ဂရိနိုင်ငံမှာ လတ်တလောအပူချိန် လျော့နည်းသွားသလို ရှိခဲ့သော်လည်း လွန်ခဲ့တဲ့လက နိုင်ငံအရှေ့မြောက်ပိုင်း အေသင်မြို့မှာ ဖြစ်ပွားခဲ့တဲ့ တောမီးလောင်ကျွမ်းမှုဟာ သေဆုံးသူ ၉၁ ဦး အထိ ရောက်ရှိလာခဲ့ပါတယ်လို့ သက်ဆိုင်ရာအာဏာပိုင်တွေက ပြောခဲ့ပါတယ်။

**ဆွီဒင်**

ဆွီဒင်နိုင်ငံတစ်ဝန်း တောမီးလောင်ကျွမ်းမှုတွေဟာ လျော့နည်းခဲ့သော်လည်း အရေးပေါ်ဌာနတစ်ခုဖြစ်တဲ့ အက်စ်အိုအက်စ်(ဆော့) အလန်ကတော့ တောမီးလောင်ကျွမ်းမှုတွေကြောင့် လူရှစ်ဦး သေဆုံးခဲ့ကြောင်း ပြောခဲ့ပါတယ်။

မိုးခေါင်ရေရှားမှုတွေဟာလည်း နိုင်ငံရဲ့ တခြားဒေသတွေမှာ ဖြစ်ပွားခဲ့ပါတယ်။ အာတိတ်စက်ဝိုင်းမှာ မှတ်တမ်းတင် အပူချိန်လွန်ကဲမှုတွေကြောင့် မိုးခေါင်မှုတွေနဲ့ တောမီးလောင်ကျွမ်းမှုတွေကို ဖြစ်စေတယ်လို့ ယူဆရပါတယ်။

**ဖင်လန်**

ဖင်လန်နိုင်ငံမှာလည်း ဈေးဝယ်သူတွေ အပူသက်သာဖို့ ဟယ်ဆင်စကီဈေးရဲ့ အမိုးကို ညလုံးပေါက် ဖွင့်ပေးခဲ့တယ်လို့ ဆိုပါတယ်။

ရာသီဥတုပြောင်းလဲမှုကြောင့် တောမီးလောင်ကျွမ်းမှုလို ပြင်းထန်တဲ့ အပူလှိုင်းတွေဟာ အခုတလော ကမ္ဘာပေါ်မှာ ခဏခဏအရှိန်အဟုန်ကောင်းကောင်းနဲ့ ဖြစ်ပွားလာတာကို မျက်မြင်ဒိဋ္ဌတွေ့မြင်ရတာဖြင့် စိတ်မအေးစရာပါ။

အခုလိုမျိုး ဆိုးရွားလှတဲ့ ရာသီဥတုပြောင်းလဲမှုတွေ ကမ္ဘာပေါ်မှာ ရှေးကထက် ပိုမိုဆိုးရွားစွာ ဖြစ်ပေါ်လာဖို့ အလားအလာရှိတယ်လို့ ကျွမ်းကျင်သူတွေလည်း သုံးသပ်ထားပါတယ်။

နောင်လာမယ့် အနာဂတ်မှာလည်း ရာသီဥတုဖောက်ပြန်မှုတွေဟာ ပိုမိုဆိုးရွားလာပြီး တစ်နှစ်ထက်တစ်နှစ် လူသားတွေအနေနဲ့ ပိုမိုသတိထားပြီး နေထိုင်ကြရမှာ ဖြစ်ပါတယ်။ ။ **ကိုးကား - အေအက်ဖ်ပီ**

**❐ အပူချိန်လွန်ကဲမှုကြောင့် ဖြစ်ပေါ်လာနိုင်တဲ့ အကျိုးဆက်ကို ကာကွယ်ဖို့အတွက် ရေများများ သောက်ဖို့၊ ဆားသုံးဆောင်ဖို့တို့ကိုလည်း အထိုက်အလျောက် လုပ်ဆောင်ဖို့လိုအပ်**

# လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် (မန္တလေး)၌ လူငယ်ဆိုင်ရာစကားဝိုင်းများ ကျင်းပမည်

မန္တလေး ဩဂုတ် ၈

**လူငယ်ဘက်စုံ ဖွံ့ဖြိုးရေးပွဲတော် (မန္တလေး)၌ နိုင်ငံကျော်အနုပညာရှင်များ၊ လူငယ်အဖွဲ့ အစည်းအသီးသီးမှ လူငယ်များက ဩဂုတ် ၁၁ ရက်မှ ၁၃ ရက်အထိ စကားဝိုင်းဆွေးနွေးပွဲများ ကျင်းပမည် ဖြစ်သည်။**

မန္တလေးတက္ကသိုလ် အင်း၀(၉)ခန်းမ၌ လူငယ်များ၏ အနုပညာဖန်တီးလိုမှု၊ အနုပညာရပ်များအပေါ် ခံစားသက်ဝင်မှုများနှင့်ပတ်သက်၍ အနုပညာလိုက်စားလူငယ်များ စကားဝိုင်းဆွေးနွေးပွဲများကို ဩဂုတ် ၁၁ ရက် မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီအထိ အကယ်ဒမီ ပိုင်ဖြိုးသု၊ စာရေးဆရာမ ချောအိမာန်(မန္တလေး) နှင့် ပန်းချီဆရာမ နန္ဒာမြင့် (မီးအိမ်ရှင်) တို့ကလည်းကောင်း၊ ဩဂုတ် ၁၂ ရက် မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီအထိ အဆိုတော်ယုန်လေး၊ J- Fire နှင့် စာရေးဆရာမ မေသကြိုန်ဟိန်းတို့က လည်းကောင်း၊ ဩဂုတ် ၁၃ ရက် မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီအထိ အဆိုတော် အောင်ထက်နှင့် စန္ဒရား ထက်လူဦးတို့က လည်းကောင်း ဆွေးနွေးကြမည် ဖြစ်သည်။

ထို့အပြင် မန္တလေးတက္ကသိုလ် လေးထပ်ဆောင်၌ ဩဂုတ် ၁၁ ရက် နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ စွန့်ဦးတီထွင်လူငယ်များ ခေါင်းစဉ်ဖြင့် ဒေါက်တာကေသရီကျော်၊ ကိုနိုင်ဝင်းထက်၊ ကိုစောရန်နိုင်၊ ဒေါက်တာ အင်ကြင်းခိုင်တင်၊ ကိုအေးမင်းထွေး တို့ကလည်းကောင်း၊ မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီအထိ Digital Literacy ခေါင်းစဉ်ဖြင့် ကိုနေဝင်းအောင်၊ မကြည်စင်ရွှေ၊ ကိုငြိမ်းချမ်းဝေ၊




အဆိုတော် ယုန်လေး

အဆိုတော် အောင်ထက်



အဆိုတော် J- Fire



အကယ်ဒမီ ပိုင်ဖြိုးသု

ကိုစိုင်းအွန်ခေး၊ မဇင်ငြိမ်းအေးတို့က လည်းကောင်း၊ ဩဂုတ် ၁၂ ရက် နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ လူငယ်နှင့် အနာဂတ် ဘ၀လမ်းကြောင်း ရွေးချယ်မှု ခေါင်းစဉ်ဖြင့် မမြတ်မွန်ဇော်၊ ဒေါက်တာဝေယံပိုင်၊ ဒေါက်တာမြကေခိုင်ဝင်း၊ မစုဇန်ဝင်းလတ်၊ ကိုအောင်ဌေးမြင့်တို့က လည်းကောင်း၊ မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီအထိ လူငယ်နှင့်ဘက်စုံဖွံ့ဖြိုးမှု ခေါင်းစဉ်ဖြင့် မနန်းသင်းမြတ်စုအောင်၊ ကိုကောင်းထက်သာ၊ မမြဖူးငုံ၊ ကိုမြတ်သိန်းထွန်း၊ ကိုအောင်ကိုကိုတိုး(မင်းသေ့)၊ မငုနွေ တို့ကလည်းကောင်း၊ ဩဂုတ် ၁၃ ရက် နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ လူငယ်ရေးရာမူဝါဒ၏ အကျိုးသက်ရောက်မှုများ ခေါင်းစဉ်ဖြင့် ကိုအောင်ဌေးမြင့်၊ ကိုလင်းသီဟ၊ ကိုမျိုးမြင့်ထွန်း၊ မမေစန္ဒာစိုးတို့ကလည်းကောင်း၊ မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီအထိ အနာဂတ်မြန်မာနိုင်ငံနှင့် လူငယ်များ၏အခန်းကဏ္ဍ ခေါင်းစဉ်ဖြင့် ကိုတေဇာစန်း၊ မဝင်းနန္ဒာထွဋ်ခေါင်၊ ကိုသန်းမြတ်စိုး၊ ကိုဒေးဗစ်၊ ကိုထန်းအော်တို့က လည်းကောင်း ပါဝင်ဆွေးနွေးကြမည်ဖြစ်ပြီး မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ ဆက်)**

# ကျေးလက်ဒေသအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံချက် ဆင့်ပွားသင်တန်းဖွင့်

**ဖြူး ဩဂုတ် ၈**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့မှ ကျေးလက်ဒေသအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံချက် ဆင့်ပွားသင်တန်းကို ဩဂုတ် ၇ ရက်က စံပြကျေးရွာများဖြစ်သော ရွာတန်းရှည်ကျေးရွာ ခေမာသီဝံ မဟာစည် သာသနာ့ရိပ်သာ ဓမ္မာရုံ၌ နံနက် ၁၀ နာရီက လည်းကောင်း၊ ဖြူးအရှေ့ကျေးရွာအုပ်စု ဘန်းလောင်ဥတုကျေးရွာ ဘန်းလောင်ဥတု ဘုန်းကြီးကျောင်းဓမ္မာရုံ၌ မွန်းလွဲ ၁ နာရီက လည်းကောင်း ကျင်းပခဲ့သည်။



သင်တန်းဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦးက အိမ်ရှင်မများအနေဖြင့် နေ့စဉ် ဆောင်ရွက်နေသောကိစ္စများဖြစ်သော်လည်း စံပြကျေးရွာများဖြစ်သည့်အတွက် အခြားရွာများ၏ စံပြဖြစ်အောင် မိမိတို့ပတ်ဝန်းကျင်၊ မီးဖိုချောင်များ၊ ကူးစက်ရောဂါကာကွယ်ရေးနှင့် သက်ကြီးရွယ်အိုစောင့်ရှောက်ရေး လုပ်ငန်းများကို တက်တက်ကြွကြွ ဆောင်ရွက်စေလိုကြောင်း အိမ်ထောင်ဦးစီးများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူးများ၊ ဆယ်အိမ်မှူးများကလည်း ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်စေလိုကြောင်း ပြောကြားခဲ့သည်။

အခမ်းအနားသို့ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နှင်းဝေလှိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး နည်းပြအဖြစ် မြို့နယ်ဥက္ကဋ္ဌဒေါ်နှင်းဝေလှိုင်က စီမံချက်ပါကဏ္ဍအလိုက် လုပ်ငန်းစဉ်ငါးရပ်ဖြစ်သည့် ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် စိမ်းလန်းစိုပြည်ရေး၊ ကူးစက်ရောဂါကာကွယ်ရေး၊ အာဟာရပညာရေးနှင့် သက်ကြီးရွယ်အိုစောင့်ရှောက်ရေး စသည့် လုပ်ငန်းစဉ်များကို ဟောပြောပို့ချပေးခဲ့ကာ အပြန်အလှန် ဆွေးနွေးခြင်း၊ အုပ်စုလိုက်ဆွေးနွေးခြင်းတို့ကို လက်တွေ့သရုပ်ပြသခဲ့ပြီး စံပြကျေးရွာများက ဆက်လက် အကောင် အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# တီဘီရောဂါ ကွင်းဆင်းရှာဖွေကုသ

**နေပြည်တော် ဩဂုတ် ၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏခရိုင် ဇမ္ဗူသီရိမြို့နယ် ခနသိဒ္ဓိ ရပ်ကွက်နှင့် သုခသိဒ္ဓိရပ်ကွက်များသို့ ဩဂုတ် ၇ ရက်က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာထွန်းကျော်စိုး (တီဘီ/ အနာကြီး) နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာ တင်မြထွေးတို့ ဦးဆောင်သော အခြေခံကျန်းမာရေးဝန်ထမ်းအဖွဲ့ တီဘီရောဂါနှင့် သွေးတိုး၊ ဆီးချိုရောဂါများကို ကွင်းဆင်းကုသပေးခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ခနသိဒ္ဓိရပ်ကွက်ရှိ ဝန်ထမ်း လုပ်သားပြည်သူ ၈၉ ဦးအား ဒစ်ဂျစ်တယ် ဓာတ်မှန်ရိုက်ကူးကာ စမ်းသပ်စစ်ဆေးရာ တီဘီဝေဒနာရှင် သုံးဦးကို တွေ့ရှိ၍ ကုသမှုပြုလုပ်ပေးပြီး သုခသိဒ္ဓိရပ်ကွက်၊ ဓမ္မာရုံ၌ ဝန်ထမ်းလုပ်သားပြည်သူ ၆၀ တို့က ကျန်းမာရေးစစ်ဆေးခံယူရာ တီဘီရောဂါလက္ခဏာရှိသူ နှစ်ဦး၊ သံသယရှိသူတစ်ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ဩဂုတ် ၈ ရက်တွင် မင်္ဂလာသိဒ္ဓိရပ်ကွက်၊ ဩဂုတ် ၉ ရက်တွင် ရွှေကြာပင်ရပ်ကွက်နှင့် ဩဂုတ် ၁၀ ရက်တွင် လက်ပံခါးလှရပ်ကွက်များသို့ ကွင်းဆင်း၍ တီဘီရောဂါနှင့် ဆီးချိုသွေးချိုရောဂါများကို စမ်းသပ်စစ်ဆေးရှာဖွေကုသပေးမည်ဖြစ်ကြောင်း သိရသည်။



**ကျော်လှိုင်သင်း(နေပြည်တော်)**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၈-၈-၂၀၁၈

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၉၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၃၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၈၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၂၇၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၂၅/၉၄၀ ကျပ် | ၉၆၀/၉၇၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၃၅/၉၅၀ ကျပ် | ၉၇၀/၉၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၈၉၀/၉၁၀ ကျပ် | ၉၅၅/၉၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၉၃၅/၉၆၀ ကျပ် | ၁၀၂၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၄၃၈ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၆၆၈ . ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၅၄ . ၁ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၈၆၀ . ၂ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၂၉၀ . ၈ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၆၈ . ၂ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၀ . ၄၉ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၀ . ၉၅၃ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၈ . ၄၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၅၂ . ၆၇ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၃ . ၂၈၇ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။


# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

လူမှုဝန်ထမ်းဦးစီးဌာန



မြန်မာ့အလင်း

| | |
|---|---|
| **စာတည်းမှူးချုပ်** | - အောင်နိုင်ဦး |
| **စာတည်းမှူး(တာဝန်)** | - ဝင်းကျော် |
| **စာတည်းမှူး** | - မြင့်ဆွေ (သတင်းထောက်ချုပ်) |
| **စာတည်းများ** | - မြင့်စိုး၊ ကြည်ဝင်း၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews
Presented by NPE
www.mdn.gov.mm

# မန္တလေးမြို့ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်တွင် အဓိကလှုပ်ရှားမှုကြီးငါးရပ် ထည့်သွင်းကျင်းပမည်

**မန္တလေး ဩဂုတ် ၈**

မန္တလေးမြို့တွင် ပထမဆုံးအကြိမ်ကျင်းပမည့် လူငယ်ဘက်စုံဖွံ့ဖြိုးရေး ပွဲတော်ကြီးတွင် အဓိက လှုပ်ရှားမှုကြီးငါးရပ်အဖြစ် အနုပညာ၊ အားကစား၊ စာပေ၊ နည်းပညာနှင့် အလုပ်အကိုင်အခွင့်အလမ်း ဆိုင်ရာ လှုပ်ရှားမှုများကို ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်ဝေဝေဖြိုးက ပြောသည်။

စာပေဆိုင်ရာ လှုပ်ရှားမှုအနေဖြင့် ဖွင့်ပွဲနေ့ နံနက် ၁၀ နာရီတွင် ပြုလုပ်မည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တက္ကသိုလ်ကျောင်းသား လူငယ်များ စာပေဆွေးနွေးပွဲစကားဝိုင်းအပြင် နေ့စဉ်နံနက် ၁၀ နာရီနှင့်မွန်းလွဲ ၂ နာရီတွင် ပြုလုပ်မည့် မန္တလေးမြို့မှလူငယ်များ၏ လူငယ်ဆိုင်ရာ ဆွေးနွေးပွဲများ၊ အင်္ဂလိပ်စာ စွမ်းရည်ပြိုင်ပွဲများ၊ မြန်မာကျပန်းစကားပြောနှင့် ကဗျာရွတ်ပြိုင်ပွဲများ ပါဝင်မည် ဖြစ်သည်။ အားကစားဆိုင်ရာ လှုပ်ရှားမှုများအဖြစ် အပန်းဖြေ အားကစားပြိုင်ပွဲများနှင့် သရုပ်ပြအားကစားနည်းများ၊ စုပေါင်းလမ်းလျှောက်ပွဲတို့ ပါဝင်ပြီး အနုပညာဆိုင်ရာ လှုပ်ရှားမှုများ အဖြစ် ပုံတူပန်းချီဆွဲခြင်း၊ ကယ်ရီကေးချား ရုပ်ပြောင်ပုံများ ရေးဆွဲခြင်း၊ တိုင်းရင်းသားဝတ်စုံ၊ ပျူ၊ ပုဂံ၊ အင်းဝခေတ်ဝတ်စုံများနှင့် ကုန်းဘောင်ခေတ် နန်းတွင်းဝတ်စုံများ၊ ရုပ်တုများနှင့် အမှတ်တရ ဓာတ်ပုံရိုက်ကူးခြင်းစသည်တို့ ပါဝင်မည်ဖြစ်သည်။

ထို့ပြင် နည်းပညာဆိုင်ရာလှုပ်ရှားမှုများအဖြစ် တက္ကသိုလ်၊ ကောလိပ်နှင့် အဆင့်မြင့်ပညာတို့မှ ပြသမည့် ပညာရပ်ဆိုင်ရာပြခန်းများ၊ အိုင်တီ ဆိုင်ရာပြခန်းများ ပါဝင်မည်ဖြစ်ပြီး အလုပ်အကိုင် အခွင့်အလမ်းဆိုင်ရာ လှုပ်ရှားမှုအဖြစ် ပြည်တွင်း ပြည်ပ ကုမ္ပဏီများက လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများပြသမည့် ပြခန်းများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

"မန္တလေးတက္ကသိုလ်ဝင်း အတွင်းမှာရှိတဲ့ အင်း၀-၉ အဆောင်မှာ နေ့စဉ် မွန်းလွဲ ၂ နာရီကနေ ၄ နာရီအတွင်း ရန်ကုန်နဲ့ မန္တလေးမြို့က အနုပညာရှင်တွေက ဆွေးနွေးသွားမှာပါ။ ၁၁ ရက်နေ့မှာ လူငယ်အနုပညာရှင် အကယ်ဒမီ ပိုင်ဖြိုးသု၊ စာရေးဆရာမ ချောအိမာန်နဲ့ ပန်းချီဆရာမ နန္ဒာမြင့်(မီးအိမ်ရှင်)၊ ၁၂ ရက်နေ့မှာ လူငယ်အဆိုတော် ယုန်လေး၊ J Fire နဲ့ စာရေးဆရာမ ချောအိမာန်၊ ၁၃ ရက်နေ့မှာ အဆိုတော် အောင်ထက်နဲ့ စာရေးဆရာမ ချောအိမာန်တို့က ဆွေးနွေးမှာ ဖြစ်ပါတယ်၊ ဒါ့အပြင် ၁၂ ရက်နေ့နဲ့ ၁၃ ရက်နေ့တွေမှာ တက္ကသိုလ် ကျောင်းသား ကျောင်းသူတွေ ယှဉ်ပြိုင်မယ့် အင်္ဂလိပ်စာနဲ့ မြန်မာစာ စွမ်းရည်ပြိုင်ပွဲတွေကို ကျင်းပသွားမှာပါ"ဟု ဒေါ်ဝေဝေဖြိုးက ပြောသည်။

ထို့ပြင် မြန်မာတစ်နိုင်ငံလုံးရှိ တက္ကသိုလ်များမှ နိုင်ငံတကာသို့ သွားရောက်ယှဉ်ပြိုင်ပြီး ဆုတံဆိပ်များ ရရှိခဲ့ကြသော တက္ကသိုလ်ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားလည်း ပွဲတော်အတွင်း ပါဝင်မည်ဖြစ်သည်။

မန္တလေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ သီတာဝင်းက "ဒီပွဲတော်ကြီးမှာ ထူးခြားတဲ့ အစီအစဉ်တစ်ခုက တစ်နိုင်ငံလုံးက ထူးချွန်တက္ကသိုလ် ကျောင်းသား ကျောင်းသူတွေကို ဖွင့်ပွဲအခမ်းအနားမှာ ဆုချီးမြှင့်မယ့်အစီအစဉ်ဖြစ်ပါတယ်၊ ထူးချွန်တဲ့လူငယ်လေးတွေကို ရွေးချယ်ပြီးတော့ ဆုချီးမြှင့်ခြင်းအားဖြင့် နိုင်ငံတော်က လူငယ်တွေကို အားပေးချီးမြှင့်မြှောက်စားနေတယ်ဆိုတဲ့ ပြယုဂ်လေးတစ်ခုလည်းဖြစ်သလို ဒီပွဲတော်ကြီးကို ပါဝင်ဆင်နွှဲ တက်ရောက်ကြမယ့် လူငယ်တွေအတွက် ကြိုးစားလိုတဲ့စိတ်ဓာတ်တွေ၊ ဒီလိုနေရာကို ကိုယ်တိုင်ရောက်ရှိနိုင်တယ်ဆိုတဲ့ စိတ်ဓာတ်လေးတွေ ထည့်သွင်းပေးချင်လို့ တစ်နိုင်ငံလုံးမှာရှိတဲ့ ထူးချွန်တဲ့လူငယ်လေးတွေကို ဆုချီးမြှင့်တဲ့ အစီအစဉ်လေးကို ထည့်သွင်းထားတာ ဖြစ်ပါတယ်"ဟု ပြောကြားသည်။

အဆိုပါ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကို ဩဂုတ် ၁၁ ရက်မှ ၁၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ပွဲတော်တွင် ဖျော်ဖြေရေးအနေဖြင့် နာမည်ကြီးအဆိုတော်များဖြစ်သည့် အိုင်းရင်း ဇင်မာမြင့်၊ ရင်ဂို၊ ယုန်လေး၊ မီမီဝင်းဖေတို့အပြင် ငြိမ်းချမ်းရေးဂီတပွဲတော်မှ ဆုရအဆိုရှင်များက သီဆိုဖျော်ဖြေသွားမည်ဖြစ်ကာ စာအုပ်အရောင်းဆိုင်နှင့် အခြားပြခန်းပေါင်း ၃၀၀ နီးပါးကိုလည်း ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# စပါးပျိုးပင် ဖာထေးစိုက်ပျိုးချိန်တွင် လုပ်သားရှားပါးခြင်းကြောင့် တောင်သူများအခက်တွေ့နေ

**ရေတာရှည် ဩဂုတ် ၈**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် မိုးစပါး စိုက်ခင်းများ စတင်စိုက်ပျိုးစဉ်က ရေဝပ်သည့်နေရာ ရေစားသည့်နေရာများ၌ အပင်မပေါက်သည့်အတွက် ယခုအချိန်ကာလသည် အဆိုပါ အပင်မပေါက်သည့် နေရာများတွင် ဖာထေးစိုက်ပျိုးခြင်းကို ဆောင်ရွက်ချိန်ဖြစ်သော်လည်း လယ်ယာလုပ်ငန်းခွင်များတွင် အလုပ်သမားရှားပါးမှုကြောင့် ဒေသခံတောင်သူများ အနေဖြင့် အခက်တွေ့နေကြရကြောင်း သိရသည်။



"မိုးစပါးဖြစ်ဖြစ် နွေစပါးပဲဖြစ်ဖြစ် စပါးကြဲပြီးတဲ့ နေရာတွေမှာ ရေပြောင်အောင်ထုတ်နိုင်မှ အပင်ပေါက်ကောင်းတယ်၊ ရေဝပ်တဲ့နေရာ ရေစားတဲ့နေရာတွေမှာ အပင်က မပေါက်တော့ဘူး၊ အဲဒီ အပင်မပေါက်တဲ့ ကွက်လပ်တွေကို စပါးပင်ထူတဲ့နေရာတွေက လက်ကြား ပြန်ခွဲပြီးစိုက်ရတာ၊ အလုပ်သမားက ရှားနေတယ်၊ တောင်သူတိုင်းက အခုချိန်မှာ တစ်ပြိုင်တည်းလိုလို ပြန်စိုက်ကြတာဆိုတော့ ကိုယ်လိုလို့ခေါ်ရင် အလွယ်တကူရအောင် လုပ်အားခငွေတွေကို တစ်လလောက်ကတည်းက ကြိုပေးထားရတာ၊ ကိုယ့်မှာငွေရှိလည်း အလုပ်သမားကို ငှားလို့ကိုမရတာ"ဟု ဆွာမင်းလမ်း ကျေးရွာအုပ်စု တံတားကြီးကျေးရွာနေ တောင်သူ တစ်ဦးက ပြောသည်။

ကျေးလက်နေ ဒေသခံလူငယ်များအနေဖြင့် ငွေရလွယ်ကူသည့် မြို့ပြရှိ လုပ်ငန်းခွင်များတွင်သာ လုပ်လိုကြပြီး ပင်ပန်းသလောက် ငွေအရနည်းသည့် တောင်သူလုပ်ငန်းကို စိတ်ဝင်စားမှု လျော့ကျလာလျက်ရှိရာ ထိုသို့ဖြစ်နေခြင်းသည် ရေရှည်တွင် တောင်သူများ၏ စိုက်ပျိုးရေးကဏ္ဍ၌ အခက်ခဲများစွာ ဖြစ်ပေါ်လာစေနိုင်ကြောင်းနှင့် လက်ရှိအချိန်တွင်ပင် လယ်ယာလုပ်ငန်းခွင်များကို အခက်အခဲအမျိုးမျိုးကြားမှ အဆင်ပြေသလို လုပ်ကိုင်နေကြရခြင်းဖြစ်ကြောင်း တောင်သူများက ပြောကြားလျက်ရှိသည်။

**ကိုလွင်(ဆွာ)**

# ရေကြီးမှုကြောင့် လှိုင်းဘွဲ့မြို့နယ်အတွင်း စိုက်ပျိုးပြီးသော မိုးစပါး ၂၂၇၈ ဧက ထိခိုက်ပျက်စီး

**လှိုင်းဘွဲ့ ဩဂုတ် ၇**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်အတွင်း ဇူလိုင် ၂၂ ရက်မှ စတင်ဖြစ်ပွားခဲ့သည့် ရေကြီးရေလျှံမှုများကြောင့် လူနေအိမ်များနှင့် မိုးစပါးစိုက်ပျိုးပြီးသော လယ်မြေများ အပါအဝင် သီးနှံစိုက်ခင်း ၇၇၄၅ ဧက ရေနစ်မြုပ်ခဲ့ပြီး ထိုအထဲမှ ၂၂၇၈ ဧကမှာ ရေလွှမ်းမိုးမှုကြောင့် ထိခိုက်ပျက်စီးမှုများရှိခဲ့ကြောင်း သိရသည်။

ကရင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးရေးပညာရှင်များသည် ရေကြီးနစ်မြုပ်နေသည့် လယ်ယာမြေများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လှိုင်းဘွဲ့မြို့နယ် ကော့လှိုင်းကျေးရွာသို့ ဩဂုတ် ၇ ရက်က သွားရောက်ပြီး တောင်သူ လယ်သမားများနှင့် တွေ့ဆုံကာ ရေပြန်ကျပါက လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးခဲ့ကြကာ ရေကြီးနစ်မြုပ်ခဲ့သည့်လယ်မြေများကို ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့သည်။

လှိုင်းဘွဲ့မြို့နယ်တွင် ရေကြီးရေလျှံမှုများကြောင့် မိုးစပါး ဧက ၄၆၀၀ ကျော်နှင့် ကြံစိုက်ခင်း ၉၃၅ ဧကခန့် ရေနစ်မြုပ်လျက်ရှိပြီး နစ်မြုပ်ပျက်စီးသည့် သီးနှံများကို အစားထိုးစိုက်ပျိုးနိုင်ရေးနှင့် ပြန်လည်ထူထောင်ရေး အတွက် ဆွေးနွေးခြင်းဖြစ်ကြောင်း၊ ဆက်လက်၍လည်း ရေနစ်မြုပ်သည့် လှိုင်းဘွဲ့မြို့နယ်အတွင်းမှ ကျေးရွာ ၂၇ ရွာနှင့် ပိုင်ကျုံမြို့ရှိ ကျေးရွာနှင့် ရပ်ကွက်များမှ ဒေသခံ တောင်သူ ၁၃၇၂ ဦးအား တွေ့ဆုံကာ နည်းပညာပေး လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန တာဝန်ခံ ဦးကြည်ဝင်းက ပြောကြားသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

# မိုးနဲမြို့မှ သက်တမ်း ၁၂၇ နှစ်ရှိ ရှေးဟောင်းမာလိန်တိုင်ကို ရှေးမူမပျက် ပြန်လည်ပြုပြင်



**မိုးနဲ ဩဂုတ် ၈**

ရှမ်းပြည်နယ်တောင်ပိုင်း မိုးနဲမြို့နယ် ဟော်ဝင်းအတွင်း ၁၈၉၁ ခုနှစ်က စိုက်ထူခဲ့သော ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်တစ်ခုဖြစ်သည့် မာလိန်တိုင်ကြီးကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ လွှဲပြောင်းပေးအပ်သော ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် ဩဂုတ် ၇ ရက်မှစ၍ ရှေးမူမပျက် ပြန်လည်ပြုပြင်လျက်ရှိကြောင်း သိရသည်။

မာလိန်တိုင်နှင့် တောင်ဘက်မြို့ရိုးတံခါးပြုပြင်ခြင်းလုပ်ငန်း အကောင်အထည်ဖော်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် အဆိုပါမာလိန်တိုင်ကြီးပြုပြင်ခြင်းကို ဆောင်ရွက်ခြင်းဖြစ်သည်။ အဆိုပါ မာလိန်တိုင်ကို မိုးနဲစော်ဘွားကြီး စဝ်ရွှေကြည်က ၁၈၉၁ ခုနှစ်က စိုက်ထူတည်ဆောက်ခဲ့ပြီး သီတင်းကျွတ်မီးထွန်းပွဲတော်တွင် ဗုဒ္ဓမြတ်စွာဘုရားအား ရည်စူး၍ မာလိန်တိုင်ထိပ်၌ အရပ်လေးမျက်နှာမှ မီးပုံးကြီးတစ်ချောင်းစီ ချိတ်ဆွဲလျက် မြတ်စွာဘုရားရှင်၏ ဝါတော် ၄၅ ဝါကို အောက်မေ့ကာ ဆီမီးခွက်နှင့် ရှမ်းစက္ကူမီးပုံးကြီး ၄၅ လုံးကို သီတင်းကျွတ်လဆန်း ၈ ရက်မှ လဆုတ် ၃ ရက်အထိအတွင်း ညစဉ် ညနေ ၆ နာရီမှ နံနက် ၆ နာရီအထိ ဆီမီးထွန်းညှိ ပူဇော်လှူဒါန်းခဲ့သော နေရာတစ်ခုဖြစ်ကြောင်း သမိုင်းအထောက်အထားများအရ သိရသည်။

**မျိုးညွန့်ရွှေ (မိုးနဲ)**

# ကာမိုင်းမြို့၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာပေးဟောပြော

**ကာမိုင်း ဩဂုတ် ၈**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ကာမိုင်းမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီး ဌာနနှင့် ပရဟိတအဖွဲ့များပူးပေါင်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သဘာဝဘေး အန္တရာယ် ကြိုတင်မျှော်မှန်းကာကွယ်တားဆီးရေး အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၇ ရက်က ကာမိုင်းမြို့ ထွယ်ဆန်ယန်ရပ်ကွက်ရှိ လိုင်နောင်နေရပ်စွန့်ခွာစခန်း၌ ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် ကာမိုင်းမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်သင်းမာဝင်းက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာနှင့် သက်ရှိလူသားတို့ ဆက်နွှယ်နေပုံ၊ လူသားတို့၏ မဆင်မခြင်နေထိုင်မှုများဖြစ်သည့် သစ်တောများခုတ်ထွင်မှု၊ ပလတ်စတစ်သုံးစွဲသည့်ပမာဏ များပြားလာမှုတို့ကြောင့် ဂေဟစနစ်များ ယိုယွင်းပျက်စီးလာပုံ၊ အေးချမ်းသာယာသည့် ကမ္ဘာလောကကြီးဖြစ်စေရန် လူသားတိုင်းတွင် တာဝန်ရှိကြောင်း၊ ပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းတွင် လုပ်ဆောင်ရမည့် လုပ်ငန်းကဏ္ဍကြီး ၁၀ ရပ်နှင့် ဆောင်ရန်ရှောင်ရန်များစသည်တို့ကို အသေးစိတ် ရှင်းလင်းဟောပြောခဲ့သည်။

ဆက်လက်၍ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများကလည်း သက်ငယ်မုဒိမ်းမှု မဖြစ်ပွားစေရေးအတွက် သိရှိလိုက်နာရမည့် အချက်များကို ဟောပြောခဲ့ကြပြီး အသိပညာပေး လက်ကမ်းစာစောင်များ ဝေငှပေးခဲ့သည်။

**ဝင်းနိုင် (ကချင်မြေ)**

# စစ်ကိုင်းမြို့ ရွှေမင်းဝံ အဆင့်မြင့် နှစ်ထပ်ဈေးသစ်ကြီးမှ ဆိုင်ခန်းများ မဲနှိုက်ရောင်းချ

**စစ်ကိုင်း ဩဂုတ် ၈**

စစ်ကိုင်းမြို့ရှိ ရွှေမင်းဝံဈေးဟောင်းနေရာတွင် တည်ဆောက်နေသည့် ရွှေမင်းဝံ အဆင့်မြင့် နှစ်ထပ်ဈေးသစ်ကြီးမှ ဆိုင်ခန်းများ လေလံစနစ်ဖြင့် မဲနှိုက်ရောင်းချခြင်းကို စစ်ကိုင်းမြို့မြို့မဈေးအပေါ်ထပ်၌ ဩဂုတ် ၇ ရက်က ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် စစ်ကိုင်းမြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းနိုင်က ရွှေမင်းဝံ အဆင့်မြင့်ဈေးသစ်ကြီး၏ တည်နေရာ၊ အကျယ်အဝန်းနှင့် ဈေးကြီး ဖြစ်ပေါ်လာပုံကို ရှင်းလင်းပြောကြားသည်။ ရွှေမင်းဝံ အဆင့်မြင့်နှစ်ထပ်ဈေးသစ်ကြီး တည်ဆောက်ရာတွင် ကုန်ကျစရိတ် ငွေကျပ် ၁၃၆၅၅ သိန်းရှိကာ ဈေးဆိုင်ခန်းများ ပြန်လည်ရောင်းရငွေမှာ ကျပ် ၁၅၈၄၀ သိန်း ရရှိမည်ဖြစ်၍ အကျိုးအမြတ် ကျပ် ၂၁၈၅ သိန်း ရနိုင်မည်ဖြစ်ကြောင်း သိရသည်။

ရပ်ကွက်အတွင်းမှ ယခင်ရှိပြီးသော ရွှေမင်းဝံပုံကျဈေးကို ပြန်လည်အဆင့်မြှင့်သည့်အနေဖြင့် ရွှေမင်းဝံ အဆင့်မြင့်နှစ်ထပ်ဈေးသစ်ကြီးကို တည်ဆောက်ခြင်းဖြစ်ပြီး လက်ရှိတွင် တည်ဆောက်ရေးလုပ်ငန်းများ စတင်နေကြောင်း၊ တည်ဆောက်မှုကို တစ်နှစ်အတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း၊ ဆိုင်ခန်းဈေးနှုန်းများအနေဖြင့် အနည်းဆုံး ကျပ် ၇၅ သိန်းမှ ကျပ်သိန်း ၂၀၀ အထိဖြစ်ပြီး အမိုးပါ အကာမဲ့ ဆိုင်ခန်းတစ်ခန်းလျှင် ကျပ် ၁၅ သိန်းဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း၊ ဆိုင်ခန်းများ ရောင်းချပေးရာတွင် လက်ရှိရောင်းချနေသည့် ဈေးသည်များကို ဦးစားပေးပြီး အရစ်ကျစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် စစ်ကိုင်းမြို့နယ် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးမျိုးအောင်က ရွှေမင်းဝံ အဆင့်မြင့်ဈေးသစ်ကြီးမှ ဆိုင်ခန်းများ၏ တည်နေရာများကို ရှင်းလင်းပြသပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းကြကာ ဆိုင်ခန်းများကို မဲနှိုက်၍ လေလံစနစ်ဖြင့် ရောင်းချပေးခဲ့သည်။ ရွှေမင်းဝံ အဆင့်မြင့်ဈေးသစ်ကြီးတွင် ယခင်က ရောင်းချထားပြီးသော ဆိုင်ခန်းပေါင်း ၈၈ ခန်းရှိပြီး ယခု မဲနှိုက်ရောင်းချသည့် ဆိုင်ခန်းများမှာ သိန်း ၂၀၀ တန် ရှစ်ခန်း၊ ၁၂၅ သိန်းတန် နှစ်ခန်း၊ သိန်း ၁၅၀ တန် နှစ်ခန်း၊ ၇၅ သိန်းတန် နှစ်ခန်းနှင့် အကာအရံမပါ ပုံကျဆိုင်ခန်း လေးခန်းတို့ဖြစ်ကြောင်း သိရသည်။

**ခိုင်ဇေယျ**

# အသည်းရောင်အသားဝါ (ဘီ) ကာကွယ်ဆေးထုတ်လုပ်မှုကို လေ့လာခြင်း

သိပ္ပံစာရေးဆရာကိုကိုအောင်

### အသည်းရောင်အသားဝါရောဂါများ

မျက်မှောက်ကမ္ဘာကြီး၌ ဒုတိယအဖြစ်အများဆုံးသော ကူးစက်ရောဂါမှာ Jaundice ဟု ခေါ်ဝေါ်သုံးနှုန်းနေကြသော Viral Hepatitis ရောဂါပင်ဖြစ်သည်။ မြန်မာဘာသာအားဖြင့် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်သော အသည်းရောင်ရောဂါဟု ပြန်ဆိုရပေမည်။ အများကမူ အသည်းရောင်အသားဝါရောဂါဟု အသိများကြသည်။ အသည်းရောင်အသားဝါရောဂါကို စတင်ဖော်ထုတ်တွေ့ရှိခဲ့ကြစဉ်က အေ(A)နှင့် ဘီ(B)နှစ်မျိုးကိုသာ ထုတ်ပြန်နိုင်ခဲ့ကြသော်လည်း ဆေးသိပ္ပံပညာ ပိုမိုတိုးတက်ထွန်းကားလာမှုကြောင့် ယခုအခါ၌ အေ(A)၊ ဘီ(B)၊ စီ(C)၊ ဒီ(D)၊ အီး(E)၊ အက်ဖ်(F)နှင့် ဂျီ(G)ဟူ၍ အုပ်စုများစွာ ခွဲခြားနိုင်ခဲ့ကြပြီဖြစ်သည်။

ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ရသော အသည်းရောင်အသားဝါရောဂါများအနက် အုပ်စု အေ၊ အီးနှင့် အက်ဖ်တို့မှာ အစားအသောက်နှင့် ရေတို့မှတစ်ဆင့် ကူးစက်နိုင်သောရောဂါများဖြစ်ကြပြီး ဘီ၊ စီ၊ ဒီနှင့် ဂျီတို့ကမူ သွေးသွင်းခြင်း၊ ဆေးထိုးခြင်းနှင့် နားဖောက်ခြင်းစသော အရေပြားကိုဖောက်ထွင်းခြင်းကြောင့် ကူးစက်နိုင်သလို လိင်ဆက်ဆံခြင်းကြောင့်လည်း ကူးစက်နိုင်သော ရောဂါများဖြစ်ကြသည်။

ဤကဲ့သို့ အသည်းရောင်အသားဝါ ရောဂါပိုးအုပ်စုများစွာရှိသည့်အထဲတွင် အသည်းရောင်အသားဝါ(ဘီ)မှာ လူအများစိတ်ဝင်တစားရှိကြသော ရောဂါပိုးဖြစ်သည်။ အလုပ်အကိုင်သစ်တစ်ခုအတွက် လျှောက်ထားရာ၌လည်းကောင်း၊ ရာထူးအဆင့်တိုးမြှင့်ရန် စိစစ်ရာ၌လည်းကောင်း၊ နိုင်ငံရပ်ခြား၌ အလုပ်သွားရောက်လုပ်ကိုင်ရန် အစစ်ဆေးခံရာတွင်လည်းကောင်း အသည်းရောင်အသားဝါ(ဘီ)ရောဂါပိုး ရှိနေပါက သို့တည်းမဟုတ် အသည်းရောင်အသားဝါ(ဘီ)ပိုးရှိနေကြောင်း စစ်ဆေးတွေ့ရှိရပါက ပယ်ချခြင်းကို ခံကြရသည်။

### အသည်းရောင်အသားဝါ(ဘီ)

ထိုသို့ဖြစ်ရခြင်းမှာ အသည်းရောင်အသားဝါရောဂါပိုး အုပ်စုများစွာရှိသည့်အနက် (ဘီ)ရောဂါပိုးမှာ ကူးစက်ရန် အလွယ်ကူဆုံးဖြစ်သလို ကာလရှည်အသည်းရောဂါ အဖြစ်အများဆုံးသော ပိုးတစ်မျိုးဖြစ်သောကြောင့်ပင်။ အရပ်အခေါ်အားဖြင့် နာတာရှည်အသည်းရောဂါဟု သုံးနှုန်းလေ့ရှိကြသော အသည်းခြောက်ရောဂါနှင့် အသည်းကင်ဆာတို့ကို ဖြစ်စေသည့် အသည်းရောင်အသားဝါ (ဘီ) ရောဂါပိုးသည် အကြောင်းအမျိုးမျိုးကြောင့် ခန္ဓာကိုယ်ထဲသို့ ဝင်ရောက်လာနိုင်သည်ကို သတိပြုကြရန် လိုအပ်သည်။

နာတာရှည်အသည်းရောဂါများ ဖြစ်စေနိုင်သော အသည်းရောင်အသားဝါ(ဘီ)ရောဂါပိုး ခန္ဓာကိုယ်ထဲသို့ ရောက်ရှိနေသည်ကို သိရသည့်အခါ၌လည်း လွန်ကဲစွာ စိုးရိမ်ထိတ်လန့်မှုဖြစ်ရန် မလိုအပ်ပေ။ အဆိုပါ(ဘီ)ပိုးကို ပြန်ထွက်သွားအောင် စနစ်တကျတိုက်ထုတ်ပစ်ရန်ကိုသာ စဉ်းစားလုပ်ဆောင်ကြရမည်ဖြစ်သည်။ ယင်းကဲ့သို့ တိုက်ထုတ်ပစ်နိုင်ရန် ခန္ဓာကိုယ်ထဲ၌ လုံလောက်သောခုခံအားရှိနေရန် လိုအပ်သည်။

အကယ်၍ (ဘီ)ပိုးကိုတိုက်ထုတ်ပစ်နိုင်ရန် လုံလောက်သည့်ခုခံအားမရှိပါက အဆိုပါ(ဘီ)ပိုးသည် ခန္ဓာကိုယ်ထဲ၌ ကာလရှည်ကြာစွာ ခိုအောင်းနေလိမ့်မည်ဖြစ်သည်။ ခိုအောင်းမှုကာလ ကြာရှည်လာသည့်အခါ (ဘီ)ပိုး၏မျိုးဗီဇ(DNA)သည် အသည်းတွင်းရှိ ဆဲလ်များ၏ မျိုးဗီဇ(DNA)ထဲသို့ ဖြည်းဖြည်းချင်း ဝင်ရောက်ပေါင်းစပ်သွားလိမ့်မည်ဖြစ်သည်။

### အသည်းခြောက်ရောဂါနှင့် အသည်းကင်ဆာ

ယင်းကဲ့သို့ လူ့ခန္ဓာကိုယ်၏ မျိုးဗီဇများအတွင်း၌ အသည်းရောင်အသားဝါ(ဘီ)ပိုး၏ မျိုးဗီဇများ ဝင်ရောက်ပေါင်းစပ်သွားမှု ကြာမြင့်လာသည့်အခါ အသည်းခြောက်ခြင်းနှင့် အသည်းကင်ဆာဖြစ်ခြင်းများကို ကြုံတွေ့ကြရဖွယ်ရှိသည်။ ထိုသို့သော သဘောသဘာဝကြောင့်ပင် အသည်းရောင်အသားဝါ(ဘီ)ပိုး ရှိသူသည် သာမန်လူတစ်ဦးထက် အသည်းခြောက်ရောဂါနှင့် အသည်းကင်ဆာဖြစ်ရန် အခွင့်အလမ်း ၂၉၅ ဆ ပို၍ရှိနေခြင်းဖြစ်သည်။

အသည်းခြောက်ရောဂါကိုဖြစ်စေနိုင်သော အကြောင်းရင်းများမှာ Hepatitis B ပိုး သို့မဟုတ် C ပိုး ရှိနေခြင်း၊ သည်းခြေပြွန်လမ်းကြောင်း၌ ကျောက်တည်နေခြင်း၊ ခန္ဓာကိုယ်ထဲသို့ Arsenic ခေါ် အဆိပ်စိန်များ ဝင်ရောက်နေခြင်း၊ ခန္ဓာကိုယ်ထဲ၌ သံဓာတ်များ ရှိသင့်သည်ထက် ပိုမိုလွန်ကဲစွာရှိနေခြင်း၊ ဘီယာ၊ အရက်၊ ဝိုင်၊ ဝီစကီနှင့် ထန်းရည်တို့ကို လွန်ကဲစွာနှင့် ကာလကြာရှည်စွာ သောက်သုံးခြင်းတို့ ဖြစ်သည်။ အကယ်၍ ခန္ဓာကိုယ်ထဲ၌ B ပိုး သို့မဟုတ် C ပိုးရှိနေချိန်မျိုး၌ ဖော်ပြပါ သေရည်များကို သောက်သုံးမည်ဆိုလျှင် အသည်းခြောက်ရောဂါဖြစ်ရန် အခွင့်အလမ်းက များစွာအလေးသာသွားလိမ့်မည် ဖြစ်သည်။




အသည်းကင်ဆာရောဂါကို ဖြစ်စေနိုင်သော အကြောင်းရင်းများကမူ Hepatitis B ပိုး သို့မဟုတ် C ပိုး ရှိနေခြင်း၊ သေရည်များကို လွန်ကဲစွာသောက်သုံးခြင်း၊ အသည်းအဆီဖုံးခြင်း၊ Haemo-chromatosis ခေါ် မွေးရာပါ သံဓာတ်များသည့်ရောဂါရှိနေခြင်း၊ Aflatoxcin ခေါ် မှိုစွဲနေသည့် အစားအစာများကို စားသောက်မိခြင်း စသည်တို့ပင်ဖြစ်ကြသည်။

အထက်၌ဆိုခဲ့သလိုပင် အသည်းရောင်အသားဝါ(ဘီ)ပိုး ရှိနေခြင်းသည် အသည်း၏ အနာဂတ်အလားအလာအတွက် ကောင်းခြင်းတစ်ရပ်မဟုတ်ပေ။ သို့ရာတွင် မျက်မှောက်ခေတ် ဆေးသိပ္ပံပညာများ တိုးတက်လာမှုကြောင့် အဆိုပါရောဂါကို ကြိုတင်ကာကွယ်နိုင်ကြပြီဖြစ်သလို ရောဂါပိုးရှိနေလျှင်လည်း သောက်ဆေး၊ စားဆေးများကို ဆရာဝန်ညွှန်ကြားချက်ဖြင့် စနစ်တကျမှီဝဲခြင်း၊ ရောဂါပိုးကိုတိုက်ဖျက်သော ထိုးဆေးများကို စနစ်တကျ၊ နည်းလမ်းတကျ ထိုးနှံခြင်းတို့ဖြင့် ပျောက်ကင်းချမ်းသာအောင် ကုသနိုင်ကြပြီဖြစ်သည်။

### အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေး

အသည်းရောင်အသားဝါ(ဘီ) ရောဂါသည် ကူးစက်ရန် အလွယ်ကူဆုံးသော ဗိုင်းရပ်စ်တစ်မျိုးဖြစ်သည့်အားလျော်စွာ ကြိုတင်ကာကွယ်မှုဖြင့် လက်ဦးမှုရယူထားကြရန် လိုအပ်မည်ဖြစ်သည်။ အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေးကို ဖော်စပ်ထုတ်လုပ်ရာ၌ နည်းလမ်းနှစ်မျိုးကို အသုံးပြုနိုင်သည်။ ပထမနည်းလမ်းမှာ ပင်မမျိုးစေ့(Master Cell)ကို ပွားယူခြင်းနည်းလမ်းဖြင့် ထုတ်လုပ်ခြင်းဖြစ်ပြီး ဒုတိယနည်းလမ်းကမူ Hepatitis B ရောဂါပိုး တစ်မျိုးတည်းသာရှိပြီး အခြားသောကူးစက်ရောဂါပိုးများ လုံးဝမရှိသူ၏ သွေးရည်ကြည်မှ ထုတ်လုပ်ခြင်းတို့ ဖြစ်သည်။

### ဆေးဝါးစက်ရုံခွဲ(ရွာသာကြီး)

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး(WHO)ကမူ ဒုတိယနည်းလမ်းသည် အလွန်အမင်းစွန့်စားရသည့် နည်းလမ်းဖြစ်သောကြောင့် မသုံးစွဲသင့်ကြောင်း တားမြစ်ထားသည်။ ထို့ကြောင့်ပင် အရည်အသွေးနှင့် စံချိန်စံညွှန်းများပြည့်မီပြီး ကောင်းမွန်သော ထုတ်လုပ်မှုနည်းစဉ်(GMP)၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ လမ်းညွှန်ချက်(WHO Guideline)တို့နှင့်အညီ အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေးများကို ထုတ်လုပ်နေသော စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးလုပ်ငန်း ဆေးဝါးစက်ရုံ(အင်းစိန်)(BPI)၏ စက်ရုံခွဲတစ်ခုဖြစ်သော ဆေးဝါးစက်ရုံခွဲ(ရွာသာကြီး)သို့ သွားရောက်လေ့လာခဲ့သည်။

ဆေးဝါးစက်ရုံခွဲ(ရွာသာကြီး)သည် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် စစ်ပင်မြောက်ကျေးရွာအုပ်စု မလစ်ကျေးရွာအနီး အမှတ်(၇)လမ်းမကြီးနှင့် ခရေပင်လမ်းဆုံထောင့်တွင် တည်ရှိပြီး စုစုပေါင်းအကျယ်အဝန်း ၂၉ ဒသမ ၇၅ ဧကပေါ်၌ သုံးဧကခန့်ကျယ်ဝန်းသော ပင်မစက်ရုံအဆောက်အအုံကို တည်ဆောက်ထားသည်။

### စမ်းသပ်လည်ပတ် ထုတ်လုပ်ခြင်း

အဆိုပါစက်ရုံကို ကိုရီးယားသမ္မတနိုင်ငံ Economic Development Corporation Fund(EDCF)၏ ချေးငွေ အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၆ သန်းဖြင့် ၂၀၀၂ ခုနှစ် မေလက ကျန်းမာရေးဝန်ကြီးဌာန ဆေးသုတေသန (အောက်မြန်မာပြည်)၏ ကြီးကြပ်မှုဖြင့် Samsung Co.,Ltd.က တာဝန်ယူကာ Chiel Jedang Co.,Ltd.က တည်ဆောက်ပေးခဲ့သည်။ ၂၀၀၄ ခုနှစ် ဒီဇင်ဘာလတွင် စက်ကိရိယာများ တပ်ဆင်စမ်းသပ်ခဲ့သည်။ ၂၀၀၅ ခုနှစ်တွင် စတင်စမ်းသပ် လည်ပတ်ထုတ်လုပ်ခဲ့ပြီး ၂၀၀၆ ခုနှစ်မှစ၍ စမ်းသပ်ထိုးနှံခဲ့ရာ ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလတွင် ဆေးအာနိသင်ထက်မြက်မှု ရာနှုန်းပြည့်ရရှိပြီး အောင်မြင်စွာပြီးဆုံးခဲ့သည်။

ယင်းသို့ စမ်းသပ်နေဆဲကာလအတွင်းမှာပင် ၂၀၀၆ ခုနှစ် ဩဂုတ် ၉ ရက်တွင် အဆိုပါစက်ရုံကို ကျန်းမာရေးဝန်ကြီးဌာနက စက်မှုဝန်ကြီးဌာနသို့ လွှဲပြောင်းပေးခဲ့သည်။ စက်မှုဝန်ကြီးဌာနက ယင်းစက်ရုံကို မြန်မာ့ဆေးဝါးလုပ်ငန်း ဆေးဝါးစက်ရုံ(အင်းစိန်)၏လက်အောက်သို့ သွတ်သွင်းကာ ဆေးဝါးစက်ရုံခွဲ(ရွာသာကြီး)အဖြစ် အမည်တွင်စေခဲ့သည်။ စက်မှုဝန်ကြီးဌာနလက်အောက်သို့ ရောက်ရှိလာသော အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေးစက်ရုံကို ကောင်းမွန်သော ထုတ်လုပ်မှုနည်းစဉ်များနှင့်အညီ ဆက်လက် အကောင်အထည်ဖော် လည်ပတ်နိုင်ရေးအတွက် ဝန်ထမ်းများအား လေ့ကျင့်သင်တန်းပေးခြင်း၊ စက်ကိရိယာများ မွမ်းမံပြင်ဆင်ခြင်း စသည်တို့ကို လုပ်ဆောင်ခဲ့ရာ ၂၀၀၇ ခုနှစ် မေလတွင် ထုတ်လုပ်မှုလုပ်ငန်းများကို စတင်ဆောင်ရွက်နိုင်ခဲ့သည်။

### ကာကွယ်ဆေးထုတ်လုပ်သည့် နည်းလမ်း

ဤသို့အားဖြင့် ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်မှစတင်၍ လည်ပတ်ထုတ်လုပ်ခဲ့သော အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေးစက်ရုံသည် ရောက်ဆဲဘဏ္ဍာရေးနှစ်အထိ ကာလအတွင်း အရွယ်ရောက်ပြီးသူများအား ထိုးနှံပေးနိုင်သည့် ထိုးဆေးအလုံးရေ ၁၄ သိန်းကျော်ကိုလည်းကောင်း၊ ကလေးငယ်များအား ထိုးနှံပေးနိုင်သည့် ထိုးဆေးအလုံးရေ ၂၂၀၀၀၀ ကျော်ကိုလည်းကောင်း ထုတ်လုပ်ပေးနိုင်ခဲ့ပြီဖြစ်သည်။ စက်မှုဝန်ကြီးဌာန လက်အောက်ရှိ အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေးစက်ရုံသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ လမ်းညွှန်ချက်များနှင့်အညီ ထုတ်လုပ်နေသည့် စက်ရုံဖြစ်သည့်အားလျော်စွာ WHO ၏ တားမြစ်ထားချက်ဖြစ်သော Hepatitis B ပိုးရှိနေသူ၏ သွေးရည်ကြည်မှ ထုတ်လုပ်ခြင်းမပြုဘဲ ပင်မမျိုးစေ့(Master Cell)ကို မွေးမြူထိန်းသိမ်း၍ ထိုမျိုးစေ့ကိုပွားယူသော နည်းလမ်းဖြင့်သာ ထုတ်လုပ်ပေးလျက်ရှိသည်။

### ကာကွယ်ဆေးထုတ်လုပ်မှု လုပ်ငန်းစဉ်များ

ပင်မမျိုးစေ့(Master Cell)မှ တဆေးဆဲလ်များ(Cell Cake) ရရှိလာသည်အထိ Culture in Shaking Incubator၊ Seed Fermentation၊ Main Fermentation စသည့် Fermentation Process များကိုလည်းကောင်း၊ ရရှိလာသော တဆေးဆဲလ်များကို ခွဲချေခြင်း (Homogenization)၊ ဆဲလ်ပါဝင်မှုပြင်းအားများလာအောင်ပြုလုပ်ခြင်း (Concentration & Diafiltration)၊ ပဋိလုံ့ဆော်ပစ္စည်းများခွဲထုတ်ခြင်း(Ultracentrifugation & Banding)၊ ပဋိလုံ့ဆော်ပစ္စည်းကို ပိုမိုသန့်စင်အောင်ပြုပြင်ခြင်း(Gel Filtration by Index Column)၊ စစ်ယူခြင်း (Sterile Filtration)၊ သန့်စင်သောပဋိလုံ့ဆော်ပစ္စည်းများရရှိလာခြင်း (Purified HBsAg)စသည့် Purification Process များကိုလည်းကောင်း အဆင့်ဆင့် လုပ်ဆောင်ကြရသည်။

နောက်ဆုံးအဆင့်ဟု ဆိုရမည်ဖြစ်သော Formulation Process ၌ လူတွင်ထိုးနှံပေးနိုင်သည့်အဆင့်အထိ ဖော်စပ်ခြင်းကို လေးရက်ကြာဆောင်ရွက်ကြရပြီး ထိုးဆေးရည်များဖြည့်သွင်းမည့် ပုလင်းများကို ဆေးကြောခြင်း၊ ပိုးသတ်ခြင်း၊ ပုလင်းထဲသို့ ဆေးရည်ဖြည့်သွင်းခြင်း၊ ထိုးဆေးပုလင်းကို ပိတ်ခြင်း၊ စစ်ဆေးခြင်း၊ တံဆိပ်ကပ်ခြင်းနှင့် ထုပ်ပိုးခြင်း အဆင့်များကို ၁၄ ရက်ကြာ ဆောင်ရွက်ကြရသည်။

ဤသို့အားဖြင့် ကောင်းမွန်သော ထုတ်လုပ်မှုနည်းစဉ်ဖြင့် အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေးကို ထုတ်လုပ်ရာတွင် ပင်မမျိုးစေ့မှ မျိုးစေ့များ စတင်ပွားယူသည်မှစ၍ ထုတ်လုပ်ပြီးသော ထိုးဆေးများကို ထုပ်ပိုးပြီးစီးသည်အထိ စုစုပေါင်း ၁၁၄ ရက် ကြာမြင့်သည်။

### ကာကွယ်ဆေးများထိုးနှံပေးခြင်း

စက်မှုဝန်ကြီးဌာနအနေဖြင့် ပြည်သူ့ကျန်းမာရေးအတွက် အဓိကကျသည့် လိုအပ်ချက်ကြီးတစ်ရပ်ဖြစ်သော အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေးများကို ကလေး၊ လူကြီးမရွေး ထိုးနှံပေးနိုင်ရန်အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ လမ်းညွှန်ချက်များနှင့်အညီ၊ ကောင်းမွန်သော ထုတ်လုပ်မှုနည်းစဉ်များနှင့်အညီ ထုတ်လုပ်ပေးနေရုံမျှမက မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၊ ကျောင်းများ၊ ကုမ္ပဏီများ၊ စက်ရုံများအထိ အရောက်သွား၍ သွေးစစ်ဆေးပေးခြင်း၊ အသည်းရောင်အသားဝါ(ဘီ)ကာကွယ်ဆေးများကို သတ်မှတ်ရက်များအတိုင်း ထိုးနှံပေးခြင်း၊ ထိုကဲ့သို့ ဌာနများနှင့် ကျောင်းများ၊ အဖွဲ့အစည်းများဆီသို့ အရောက်သွားပြီး ထိုးနှံပေးနိုင်ရန် မော်တော်ယာဉ်၊ ဆရာဝန်နှင့် သူနာပြုများကို တစ်ပါတည်းစီစဉ်ပေးခြင်း စသည်များကိုပါ ဆောင်ရွက်ပေးနေကြောင်း လေ့လာတွေ့ရှိရသည်။

ယင်းကဲ့သို့ အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေးများကို ထိုးနှံပေးရာ၌လည်း WHO က ထောက်ခံ အတည်ပြုပေးထားသော နည်းလမ်းသုံးသွယ်ကို လက်ကိုင်ပြုကာ ဆောင်ရွက်နေကြောင်းလည်း သိရသည်။

### ဆေးထိုးသည့် နည်းလမ်းသုံးသွယ်

ပထမနည်းလမ်းမှာ ကာကွယ်ဆေးစတင်ထိုးနှံပြီး တစ်လအကြာ၌ ဒုတိယအကြိမ်၊ နောက်ထပ် နှစ်လအကြာ၌ တတိယအကြိမ်၊ နောက်ထပ်ကိုးလ သို့မဟုတ် တစ်နှစ်အကြာ၌ စတုတ္ထအကြိမ်၊ နောက်ထပ် ငါးနှစ်အကြာ၌ ပဉ္စမနှင့် နောက်ဆုံးအကြိမ်အဖြစ် အဆင့်ဆင့်ထိုးနှံသည့် နည်းလမ်းဖြစ်သည်။

ဒုတိယနည်းလမ်းမှာ ကာကွယ်ဆေးစတင်ထိုးနှံပြီး တစ်လအကြာ၌ ဒုတိယအကြိမ်၊ နောက်ထပ် ခြောက်လအကြာ၌ တတိယအကြိမ်၊ နောက်ထပ် ငါးနှစ်အကြာ၌ စတုတ္ထနှင့် နောက်ဆုံးအကြိမ်အဖြစ် အဆင့်ဆင့်ထိုးနှံသည့် နည်းလမ်းဖြစ်သည်။

တတိယနည်းလမ်းကမူ ကာကွယ်ဆေးစတင်ထိုးနှံပြီး ခုနစ်ရက်အကြာ၌ ဒုတိယအကြိမ်၊ နောက်ထပ် ၂၁ ရက်အကြာ၌ ပဉ္စမအကြိမ်နှင့် နောက်ထပ်ငါးနှစ်အကြာ၌ ဆဋ္ဌမနှင့် နောက်ဆုံးအကြိမ်အဖြစ် အဆင့်ဆင့်ထိုးနှံသည့် နည်းလမ်းဖြစ်သည်။

အဆိုပါ နည်းလမ်းသုံးသွယ်အနက် ပထမနှင့် ဒုတိယနည်းလမ်းများသည် အသည်းရောင်အသားဝါ(ဘီ)ရောဂါကို ပုံမှန်ကာကွယ်မှုအတွက် အကောင်းဆုံးဖြစ်ပြီး တတိယနည်းလမ်းကမူ အကြောင်းအမျိုးမျိုးကြောင့် အရေးပေါ်ကာကွယ်မှု လိုအပ်သူများအတွက် ဖြစ်သည်။

ကမ္ဘာ့ဒုတိယအဖြစ်အများဆုံးရောဂါဟု ဆိုရမည့် အသည်းရောင်အသားဝါ(ဘီ)ရောဂါကို ကြိုတင်ကာကွယ်နိုင်သည့် ကာကွယ်ဆေးများကို ကောင်းမွန်သော ထုတ်လုပ်မှုနည်းစဉ်၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ လမ်းညွှန်ချက်များအတိုင်း တစ်သဝေမတိမ်း လိုက်နာကျင့်ကြံဆောင်ရွက်၍ ထုတ်လုပ်ပေးနေရုံမျှမက ၂၀၁၇ ခုနှစ် စက်တင်ဘာလမှ ၂၀၁၈ ခုနှစ် ဇူလိုင်လအထိ ကာလအတွင်း ဌာနဆိုင်ရာနှင့် အဖွဲ့အစည်းပေါင်း ၃၀ တို့မှ ကလေး၊ လူကြီး စုစုပေါင်း ၁၂၇၈၈ ဦးကို ကာကွယ်ဆေးများ စနစ်တကျထိုးနှံပေးနိုင်ခဲ့သည့် ပြည်သူ့ကျန်းမာရေးအထောက်အကူပြု စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးလုပ်ငန်းကို ချီးကျူးဂုဏ်ပြုလျက် မှတ်တမ်းတင်လိုက်ရပေသည်။ ။

**“လူ့ခန္ဓာကိုယ်၏ မျိုးဗီဇများအတွင်း၌ အသည်းရောင်အသားဝါ(ဘီ)ပိုး၏ မျိုးဗီဇများ ဝင်ရောက်ပေါင်းစပ်သွားမှု ကြာမြင့်လာသည့်အခါ အသည်းခြောက်ခြင်းနှင့် အသည်းကင်ဆာဖြစ်ခြင်းများကို ကြုံတွေ့ကြရဖွယ်ရှိသည်။ ထိုသို့သော သဘောသဘာဝကြောင့်ပင် အသည်းရောင်အသားဝါ(ဘီ)ပိုးရှိသူသည် သာမန်လူတစ်ဦးထက် အသည်းခြောက်ရောဂါနှင့် အသည်းကင်ဆာဖြစ်ရန် အခွင့်အလမ်း ၂၉၅ ဆ ပို၍ရှိနေခြင်း ဖြစ်သည်”**

# သမဝါယမတက္ကသိုလ် (သန်လျင်)တွင် Marketing Plan Contest ကျင်းပ

**ရန်ကုန်  ဩဂုတ်  ၈**

သမဝါယမတက္ကသိုလ်(သန်လျင်)တွင် Marketing Plan Contest ကို ဩဂုတ်လပထမပတ်က ဥတ္တရဆောင်ခန်းမ၌ ကျင်းပရာ သမဝါယမတက္ကသိုလ် (သန်လျင်) ပါမောက္ခချုပ်ဒေါက်တာ ရီရီဝင်းတက်ရောက်၍ အမှာစကား ပြောကြားသည်။

Marketing Plan Contest ကို ဈေးကွက် ဖော်ဆောင်ရေးစီမံခန့်ခွဲမှုပညာ (Marketing Management) အထူးပြု ကျောင်းသား ကျောင်းသူများ၏ ဆန်းသစ်တီထွင်နိုင်မှုစွမ်းအား နှင့် ဈေးကွက်ဖော်ဆောင်ရေးစီမံခန့်ခွဲမှု ဘာသာရပ်ကို လက်တွေ့နယ်ပယ်တွင် ကျွမ်းကျင်ပိုင်နိုင်စွာ ဖော်ပြနိုင်ရန် ရည်ရွယ်၍ ကျင်းပပေးခြင်းဖြစ်သည်။ Marketing Plan Contest ဖြစ်မြောက်ရေးအတွက် သမဝါယမတက္ကသိုလ် (သန်လျင်)နှင့်အတူ FUMAKILLA Myanmar Company Limited (JUMBO VAPE Brand) နှင့် WISE College တို့က ပူးပေါင်းပါဝင် ပံ့ပိုးပေးခြင်းဖြစ်သည်။ Marketing Plan Contest သို့ ဈေးကွက်ဖော်ဆောင်ရေးစီမံခန့်ခွဲမှုပညာ (Marketing Management) အထူးပြုဘာသာရပ်သင်ကြား တက်ရောက်နေသည့် ဒုတိယနှစ်မှ မဟာတန်း (ပထမနှစ်) အထိ ကျောင်းသား ကျောင်းသူများမှ အဖွဲ့တစ်ဖွဲ့လျှင် ငါးဦးစီဖြင့် အဖွဲ့ ၁၁ ဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ မောင်စောရန်နိုင် (မဟာတန်း၊ ပထမနှစ်)ခေါင်းဆောင်သောအဖွဲ့က ပထမဆု၊ မချိုမာလွင် (မဟာတန်း၊ ပထမနှစ်) ခေါင်းဆောင် သောအဖွဲ့က ဒုတိယဆုနှင့် မမွန်မွန်ဆန်း (မဟာတန်း၊ ပထမနှစ်) ခေါင်းဆောင်သောအဖွဲ့က တတိယဆုများရရှိခဲ့သည်။




ပထမဆုရရှိသည့် အဖွဲ့အား သမဝါယမတက္ကသိုလ် (သန်လျင်) ပါမောက္ခချုပ် ဒေါက်တာ ရီရီဝင်းက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုငွေကျပ် သုံးသိန်းကို လည်းကောင်း၊ ဒုတိယဆုရရှိသည့်အဖွဲ့အား ဒုတိယပါမောက္ခချုပ် (စီမံ)ဦးဦးတင် သိန်းက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုငွေကျပ် နှစ်သိန်းကို လည်းကောင်း၊ တတိယဆုရရှိသည့် အဖွဲ့အား FUMAKILLA Myanmar Company Limited မှ တာဝန်ရှိသူတစ်ဦးက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုငွေကျပ် တစ်သိန်းကို လည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့အပြင် Marketing Plan Contest ဖြစ်မြောက်ရေးအတွက် ပူးပေါင်းပါဝင်ပံ့ပိုးပေးခဲ့သည့် FUMAKILLA Myanmar Company Limited နှင့် WISE College တို့မှ တာဝန်ရှိသူများအား ပါမောက္ခချုပ်က ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါ Marketing Plan Contest သို့ FUMAKILLA Myanmar Company Limited နှင့် WISE College တို့မှ တာဝန်ရှိသူများ၊ ပါမောက္ခ၊ ဌာနမှူးများ၊ ဈေးကွက်ဖော်ဆောင်ရေး စီမံခန့်ခွဲမှုပညာဌာန (Department of Management Studies) မှ ဆရာ ဆရာမများ၊ ဈေးကွက်ဖော်ဆောင်ရေး စီမံခန့်ခွဲမှုပညာ (Marketing Management) အထူးပြုကျောင်းသား ကျောင်းသူများ စုစုပေါင်း ၄၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေးအခြေစိုက် တရုတ်လုပ်ငန်းရှင်များ လူမှုကူညီရေးဖောင်ဒေးရှင်းမှ ကယ်ဆယ်ရေးဆန်များ လှူဒါန်း

**လားရှိုး  ဩဂုတ်  ၈**

လားရှိုးမြို့ ပြည်နယ်အထွေထွေဒုတိယအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ယမန်နေ့က ရှမ်းပြည်နယ်မြောက်ပိုင်း သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ မန္တလေးအခြေစိုက် တရုတ်လုပ်ငန်းရှင်များလူမှုကူညီရေးဖောင်ဒေးရှင်းမှ ကယ်ဆယ်ရေးဆန်များ လှူဒါန်းခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးကျော်သူဇော်က အမှာစကားပြောကြားပြီး အလှူရှင်များကိုယ်စား မန္တလေးအခြေစိုက် တရုတ်လုပ်ငန်းရှင်များ လူမှုကူညီရေးဖောင်ဒေးရှင်းမှ ကျောက်ချီဖှော့(ခ)ဦးကြည်မြင့်က လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် အလှူရှင်များကိုယ်စား မန္တလေးအခြေစိုက် တရုတ်လုပ်ငန်းရှင်များ လူမှုကူညီရေးဖောင်ဒေးရှင်းမှ ငွေကျပ် သိန်း ၁၀၀ တန်ဖိုးရှိ ဆန်အိတ် ၃၃၃ အိတ်ကို လည်းကောင်း၊ မန္တလေးအခြေစိုက် ပေါက်ရှန်း ပြည်နယ်ခွဲ ကုန်သည်ကြီးများအသင်းမှ ငွေကျပ် သိန်း ၂၀ တန်ဖိုးရှိ ဆန်အိတ် ၆၇ အိတ်ကို ပေးအပ်လှူဒါန်းရာ ရှမ်းပြည်နယ်မြောက်ပိုင်း သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လက်ခံယူခဲ့ကြောင်း သိရသည်။

**ဟန်ဌေး (လားရှိုး)**



# ကျောက်ဖြူမြို့နယ်၌ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ သင်တန်းဖွင့်

**ကျောက်ဖြူ  ဩဂုတ်  ၈**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် လိပ်ခမော်ကျေးရွာအုပ်စု ရွာသစ်ကေကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ဩဂုတ်လပထမပတ်က ကျေးလက်နေပြည်သူများ စိုက်ပျိုးမွေးမြူရေး နည်းပညာများရရှိစေရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေး နည်းပညာပေးသင်တန်းဖွင့်ပွဲကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူးကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲမြတ်သိန်းက အမှာစကားပြောကြားပြီး အဆိုပါ သင်တန်းသို့ ခရိုင်၊ မြို့နယ်များမှ သင်တန်းသား သင်တန်းသူ ၆၀ ကျော် တက်ရောက်ပြီး သင်တန်းကာလမှာ ဩဂုတ် ၂၀ ရက်အထိ သင်ကြားပို့ချပေးမည်ဖြစ်သည်။

အဆိုပါသင်တန်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သားငါးကဏ္ဍတို့ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ ပညာရှင်များက သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**မောင်ကျော်ကြီး**

# တန့်ဆည်မြို့တွင် ဝန်ထမ်းအိမ်ရာများ နေရာချထားပေး



**တန့်ဆည်  ဩဂုတ်  ၈**

တန့်ဆည်မြို့ မေတ္တာမြိုင်ရပ်ကွက်တွင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာ ရန်ပုံငွေဖြင့် တိုင်းဒေသကြီး မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီး ဌာနမှ ဆောက်လုပ်သည့် ဝန်ထမ်းအိမ်ရာ လေးခန်းတွဲ နှစ်လုံး၌ ဝန်ထမ်းများကို ဩဂုတ်လပထမပတ်အတွင်း နေရာချထားပြီးဖြစ်သည်။

အဆိုပါ ဝန်ထမ်းအိမ်ရာ နှစ်လုံးတွင် အခန်းပေါင်း ၃၂ ခန်းပါရှိပြီး မြို့နယ်ဝန်ထမ်းအိမ်ရာ ရွေးချယ်ရေးအဖွဲ့မှ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၏ အိမ်ရာချထားရေးမူ ၁၀ ချက်နှင့်အညီ လျှောက်ထားသူ ၆၇ ဦးမှ အရာထမ်း ကိုးဦး၊ အမှုထမ်း ၂၃ ဦးတို့အား ရွေးချယ်ချထားခဲ့ကြောင်း အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ သိရသည်။ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနသည် မြို့နယ်များတွင် ဌာနများ၌ တာဝန်ထမ်းဆောင်လျက်ရှိသည့်ဝန်ထမ်းများ၊ အထူးသဖြင့် ရပ်ဝေးမှလာရောက် တာဝန်ထမ်းဆောင်ကြသည့် ဝန်ထမ်းများနှင့် မိသားစုများအတွက် ဝန်ထမ်းအိမ်ရာများ စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဗီဒီယိုလုပ်ငန်းများအား စည်းကမ်းသတ်မှတ်ချက်နှင့်အညီ လုပ်ငန်းလိုင်စင်ရယူဆောင်ရွက်ကြပါရန် နှိုးဆော်ခြင်း

ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေး ဗဟိုကော်မတီအနေဖြင့် ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေပါ ဗီဒီယိုထုတ်လုပ်ခြင်း၊ ဗီဒီယိုရိုက်ကူးခြင်း၊ ဗီဒီယိုတည်းဖြတ်ခြင်း၊ ဗီဒီယိုတိပ်ခွေကူးယူခြင်း၊ ဗီဒီယို တိပ်ခွေဖြန့်ချိခြင်း၊ ဗီဒီယိုတိပ်ခွေရောင်းချခြင်း၊ဗီဒီယိုတိပ်ခွေငှားရမ်းခြင်းနှင့်ဗီဒီယိုပြသခြင်းလုပ်ငန်းများ လိုင်စင်မဲ့ မရှိစေရေး၊ သက်တမ်းလွန်မရှိစေရေးနှင့် သတ်မှတ်ထားသော စည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရေးတို့အတွက် ကွင်းဆင်းစစ်ဆေးဆောင်ရွက်ရန် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီများသို့ အကြောင်းကြားထားရှိကြောင်းနှင့် ကွင်းဆင်းစစ်ဆေးစဉ် လိုင်စင်မဲ့၊ သက်တမ်းလွန်လိုင်စင်များဖြင့် လုပ်ငန်းဆောင်ရွက်ကြောင်း ပြစ်မှုထင်ရှားစွာ စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ၆ လမှ အများဆုံးသုံးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ကျပ်ဆယ်သိန်းထက် မပိုသောငွေဒဏ်ကိုလည်း ချမှတ်နိုင်ကြောင်း၊ ထို့ပြင် ပြစ်မှုနှင့်တိုက်ရိုက်သက်ဆိုင်သော ပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ကြောင်း၊ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ ပုဒ်မ ၃၂ အား ပြင်ဆင်သတ်မှတ်ထားပြီးဖြစ်ပါသည်။ မိမိဆောင်ရွက်လျက်ရှိသော ဗီဒီယိုလုပ်ငန်းများအား စည်းကမ်းသတ်မှတ်ချက်နှင့်အညီ လုပ်ငန်းလိုင်စင် ရယူဆောင်ရွက်ကြပါရန် အသိပေး နှိုးဆော်အပ်ပါသည်။

**ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးဗဟိုကော်မတီ၊ ရုပ်ရှင်နှင့်ဗီဒီယိုဆင်ဆာအဖွဲ့၊**
**ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန**

## ဗီဒီယိုတိပ်ခွေ၊ ဗီဒီယိုလေဆာဓာတ်ပြားများတွင် ဗီဒီယိုဆင်ဆာလက်မှတ် အသေးကပ်ထားရန်နှင့် ဆင်ဆာလက်မှတ်အသေးကပ်ထားသည့် ဗီဒီယိုတိပ်ခွေ၊ ဗီဒီယိုလေဆာဓာတ်ပြားများကိုသာ အသုံးပြုရန် နှိုးဆော်ခြင်း

ပြည်တွင်းဗီဒီယိုထုတ်လုပ်ရေးလုပ်ငန်းများမှ ရိုက်ကူးထုတ်ပြန်၍ ပြန်ကြားရေးဝန်ကြီးဌာန၊ ဗီဒီယိုဆင်ဆာအဖွဲ့က စစ်ဆေးခွင့်ပြုပြီးသော မြန်မာဗီဒီယိုဇာတ်လမ်း၊ ကာရာအိုကေသီချင်း၊ ဗီဒီယိုတိပ်ခွေ၊ ဗီဒီယိုလေဆာဓာတ်ပြားများတွင် ဗီဒီယိုဆင်ဆာအဖွဲ့က ထုတ်ပေးသည့် ခွင့်ပြုအမှတ်စဉ်ပါရှိသော ဗီဒီယိုဆင်ဆာလက်မှတ်အသေးကို ကပ်ထားရမည်ဖြစ်ကြောင်း ရုပ်မြင်သံကြားနှင့်ဗီဒီယို ဥပဒေပုဒ်မ ၂၅(ခ)တွင် ဖော်ပြထားရှိပြီးဖြစ်ပါသည်။ ဆင်ဆာလက်မှတ်အသေးမပါရှိသည့် ဗီဒီယိုတိပ်ခွေ၊ ဗီဒီယိုလေဆာဓာတ်ပြားများကို ကူးယူခြင်း၊ ဖြန့်ချိခြင်း၊ ငှားရမ်းခြင်း သို့မဟုတ် ပြသခြင်း ဆောင်ရွက်သဖြင့် ပြစ်မှုထင်ရှားစွာ စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ၆ လမှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ကျပ်ဆယ်သိန်းထက်မပိုသော ငွေဒဏ်ကိုလည်း ချမှတ်နိုင်ကြောင်း၊ ထို့ပြင် ပြစ်မှုနှင့် တိုက်ရိုက်သက်ဆိုင်သော ပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ကြောင်း၊ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ ပုဒ်မ ၃၂ အား ပြင်ဆင်သတ်မှတ်ထားပြီးဖြစ်ပါသည်။ မိမိဆောင်ရွက်လျက်ရှိသော ဗီဒီယိုပြသရေးလုပ်ငန်း၊ ဗီဒီယိုတိပ်ခွေ ဖြန့်ချိရေးလုပ်ငန်း၊ ဗီဒီယိုတိပ်ခွေ ငှားရမ်းခြင်းလုပ်ငန်း၊ ဗီဒီယိုတိပ်ခွေ ကူးယူခြင်းလုပ်ငန်း၊ ဗီဒီယိုကာရာအိုကေ လုပ်ငန်းများတွင် အသုံးပြုလျက်ရှိသော ဗီဒီယိုတိပ်ခွေများ၊ ဗီဒီယိုလေဆာဓာတ်ပြားများတွင် ဗီဒီယိုဆင်ဆာလက်မှတ်အသေးကပ်ထားရန်နှင့် ဗီဒီယိုဆင်ဆာလက်မှတ်အသေးပါရှိသည့် ဗီဒီယိုတိပ်ခွေများ၊ ဗီဒီယိုလေဆာဓာတ်ပြားများကိုသာ အသုံးပြုကြရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးဗဟိုကော်မတီ၊ ရုပ်ရှင်နှင့်ဗီဒီယိုဆင်ဆာအဖွဲ့၊**
**ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန**

## စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်း ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲစစ်ဆေးခြင်း

၁။ စစ်တက္ကသိုလ်ဗိုလ်လောင်း၊ တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းနှင့် တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်း လျှောက်လွှာတင်သွင်းထားသူများသည် ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို အောက်ပါအတိုင်းဖြေဆိုကြရမည်-

(က) **တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၈ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်နေ့**တွင် အောက်ပါအတိုင်းဖြေဆိုရမည်-

(၁) **အင်္ဂလိပ်စာ** **၀၉၀၀** နာရီမှ **၁၁၀၀** နာရီအထိ။

(၂) **ဇီဝဗေဒ** **၁၃၀၀** နာရီမှ **၁၅၀၀** နာရီအထိ။

(ခ) **တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၈ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့**တွင် အောက်ပါအတိုင်းဖြေဆိုရမည်-

(၁) **အင်္ဂလိပ်စာ** **၀၉၀၀** နာရီမှ **၁၁၀၀** နာရီအထိ။

(၂) **သင်္ချာ** **၁၃၀၀** နာရီမှ **၁၅၀၀** နာရီအထိ။

(ဂ) **စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၈ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့**တွင် အောက်ပါအတိုင်းဖြေဆိုရမည်-

(၁) **အင်္ဂလိပ်စာ** **၀၉၀၀** နာရီမှ **၁၁၀၀** နာရီအထိ။

(၂) **သင်္ချာ** **၁၃၀၀** နာရီမှ **၁၅၀၀** နာရီအထိ။

၂။ စာမေးပွဲများကို အောက်ဖော်ပြပါနေရာများတွင် ဖြေဆိုကြရမည်-

(က) **နေပြည်တော်** အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်းခန်းမ။

(ခ) **မြစ်ကြီးနားမြို့** တိုင်းစစ်ဌာနချုပ်၊ ဗလမင်းထင်ခန်းမ။

(ဂ) **လားရှိုးမြို့** တိုင်းစစ်ဌာနချုပ်ခန်းမ။

(ဃ) **တောင်ကြီးမြို့** တိုင်းစစ်ဌာနချုပ်၊ မိုးလုံလေလုံအားကစားခန်းမ။

(င) **နမ့်စန်မြို့** နမ့်စန်လေတပ်စခန်းဌာနချုပ်ခန်းမ။

(စ) **ကျိုင်းတုံမြို့** တိုင်းစစ်ဌာနချုပ်၊ ပြည်ငြိမ်းအေးခန်းမ။

(ဆ) **မော်လမြိုင်မြို့** အထက၊ ရွှေနတ်တောင်။

(ဇ) **မြိတ်မြို့** တိုင်းစစ်ဌာနချုပ်၊ တိုင်းရန်အောင်ခန်းမ။

(ဈ) **ရန်ကုန်မြို့** အထက(၂)၊ မင်္ဂလာဒုံ။

(ည) **ပုသိမ်မြို့** တိုင်းစစ်ဌာနချုပ်၊ ဇေယျာဝတီခန်းမ။

(ဋ) **အမ်းမြို့** တိုင်းစစ်ဌာနချုပ်၊ အမ်းတောင်ခန်းမ။

(ဌ) **မုံရွာမြို့** အထက(၂)၊ အလုံတပ်ကျောင်း။

(ဍ) **မန္တလေးမြို့** အထက(၁၈)၊ နန်းမြို့။

(ဎ) **တောင်ငူမြို့** တိုင်းစစ်ဌာနချုပ်၊ အေးချမ်းဖြိုးခန်းမ။

၃။ မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်၊စာစစ်ဌာနများတွင် ဖြေဆိုကြရမည်။ လျှောက်လွှာတင်သွင်းသူအားလုံး ဝင်ခွင့်စာမေးပွဲဖြေဆိုရန် အတည်ပြုရွေးချယ်သည်။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်ဖြစ်သည်။ မိမိတို့လျှောက်လွှာထုတ်ယူရာ တိုင်းစစ်ဌာနချုပ်များတွင် **ဖြေဆိုရမည့်ခုံအမှတ်နှင့်ဖြေဆိုရမည့်နေရာများ**ကို သွားရောက်ကြည့်ရှုနိုင်သည်။

၄။ စာမေးပွဲဖြေဆိုရန်လာရောက်သည့်အခါ **နိုင်ငံသားစိစစ်ရေးကတ်**ကို တစ်ပါတည်းယူဆောင်လာရမည်။ **နိုင်ငံသားစိစစ်ရေးကတ်** တင်ပြနိုင်ခြင်းမရှိသူများအား ဖြေဆိုခွင့်မပြုပါ။

၅။ အသေးစိတ်သိရှိလိုပါက **သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်၊စာစစ်ဌာနများ**တွင် စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေး အမျိုးသမီးများ အလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။

(ဂ) ၁-၁-၂၀၁၉ ရက်နေ့တွင် အသက် ၁၆ နှစ်ပြည့်ပြီး ၁၉ နှစ်ထက်မကြီးရ။

(ဃ) အရပ်(၅)ပေ(၂)လက်မ၊ ပေါင်(၁၀၀)နှင့်အထက် ရှိရမည်။
(အထက်ပါအတိုင်းကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)

(င) မိဘအုပ်ထိန်းသူ သဘောတူညီကြောင်းထောက်ခံချက်ပါရှိရမည်။

၂။ လျှောက်လွှာများကို နီးစပ်ရာစစ်ဌာနချုပ်များတွင် ၂၈-၆-၂၀၁၈ ရက်နေ့မှစတင်၍ အခမဲ့ရယူပြီး ၂၉-၆-၂၀၁၈ ရက်နေ့မှ ၂၄-၈-၂၀၁၈ ရက်နေ့အတွင်း စစ်ဌာနချုပ်များသို့ အောက်ပါစာရွက်စာတမ်းများနှင့်အတူ လူကိုယ်တိုင်လာရောက်သတင်းပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးလက်မှတ်။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး/ မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ တစ်လအတွင်းရရှိသော ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃)ပုံ။

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ရေးချုပ်ရုံး၊ စိစစ်ရွေးချယ်ရေးဘုတ်အဖွဲ့မှ ပဏာမရွေးချယ်ပါမည်။ ပဏာမရွေးချယ်ခံရသူများအား တိုင်းစစ်ဌာနချုပ်အစီစဉ်ဖြင့် လေ့ကျင့်ပေးမည့်သင်တန်းကျောင်းသို့ပို့ဆောင်ပေးမည်။ ၎င်းတွင် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ အခြေခံရုံးလုပ်ငန်းစည်းမျဉ်း၊ ကွန်ပျူတာနှင့် အင်္ဂလိပ်စာ ဘာသာရပ်တို့ကို ၂ နှစ်ကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip,C.S (Diploma in Computer Studies) ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ ၂ နှစ်အတွင်း ခြေလျင်တပ်သားသစ် သင်တန်းကာလတွင် တပ်သားသစ်လစာ ၁၄၄၀၀ဝိ/-ကျပ်ကိုလည်းကောင်း၊ ခြေလျင်တပ်သားသစ်သင်တန်း ပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည်အထိ တပ်သားအခြေခံလစာ ၁၅၀၀၀ဝိ/-ကျပ်ကိုလည်းကောင်းရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး (စာရေး/ကွန်ပျူတာ)(တတိယတန်း) (အခြေခံလစာ- ၂၀၄၀၀ဝိ + အရည်အချင်းလစာ ၄၀၀ဝိ + M.H.R.A = ၁၀၀၀ဝိ = ၂၁၈၀၀ဝိ)အဖြစ် ခန့်အပ်ပေးမည်။

၆။ တပ်မတော်(ကြည်း၊ ရေ၊ လေ) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) အဆင့်/အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ လုပ်သက် ၂ နှစ် ပြည့်သည့်အခါ အဆင့်/အတန်းတိုးမြှင့်ရေးစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ စာမေးပွဲအောင်မြင်ပါက အောက်ဖော်ပြပါ အဆင့်/အတန်းများတိုးမြှင့်ရရှိနိုင်ပြီး ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြပါ လစာ၊ စရိတ်များ ရရှိမည်-

| | **အဆင့်အတန်း** | **အခြေခံ လစာ** | **အရည်အချင်း လစာ** | **M.H.R.A** | **ပေါင်း** |
|---|---|---|---|---|---|
| (က) | တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) (ဒုတိယတန်း) | ၂၀၄၀၀၀ | ၆၀၀၀ | ၁၀၀၀၀ | ၂၂၀၀၀၀ |
| (ခ) | တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) (ပထမတန်း) | ၂၀၄၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၂၂၀၀၀ |
| (ဂ) | ဒုတိယအရာခံဗိုလ် (စာရေး/ကွန်ပျူတာ) | ၂၄၀၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၅၈၀၀၀ |
| (ဃ) | အရာခံဗိုလ် (စာရေး/ကွန်ပျူတာ) | ၂၅၈၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၇၆၀၀၀ |

**မှတ်ချက်။** နှစ်တိုးလစာကို ၂ နှစ်လျှင် ၂၀၀ဝိ/- နှုန်းဖြင့် ၁၀၀၀ဝိ/- အထိ ခံစားခွင့်ရှိသည်။

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေး**အတွက် အဆင်ပြေစွာဖြေဆိုနိုင်သည်။

**မှတ်ချက်။** အသေးစိတ်သိလိုပါက နီးစပ်ရာ စစ်ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။

# မြန်မာနှင့်နိုင်ငံတကာစီးပွားရေးနယ်ပယ်တွင် ဦးဆောင်နိုင်သူဖြစ်လိုသူများအတွက်

UNIVERSITY OF GLOUCESTERSHIRE

GUSTO COLLEGE

အင်္ဂလန်တက္ကသိုလ် University of Gloucestershire မှ တိုက်ရိုက်ချီးမြှင့်မည့်

## BA (Hons) International Business Studies (UK)

ပညာရေးဆွေးနွေးပွဲ



နေ့ရက် - ၂၀၁၈ ခုနှစ်၊ ဩဂုတ် ၁၂ ရက် (တနင်္ဂနွေနေ့)
အချိန် - နေ့လည် ၂ နာရီမှ ၄ နာရီထိ
နေရာ - နိုဗိုတယ်ဟိုတယ် (မန္တလေးခန်းမ)

လူဦးရေကန့်သတ်ထားပါသဖြင့် ပညာရေးဆွေးနွေးပွဲကို ကြိုတင်စာရင်းပေးသွင်း၍ (အခမဲ့) တက်ရောက်နိုင်ပါသည်။

Call Now
09 792380399

---

**အောင်ပြည့်စုံ**
အိမ်ပြောင်း၊အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကားမျိုးစုံဖြင့်
အလုပ်သမား စီစဉ်ပေးသည်။
09 250095114
09 421041338
09 73224763

---

**တက္ကသိုလ်ဝင်တန်း**
ENGLISH
ပြောင်းလဲလာသော မေးခွန်းပုံစံသစ်နှင့်အညီ ရေးသားပြုစုထားသော
Unseen Passage and Multiple Choice
Kyaw San Lin (The King's English)

---

**တက္ကသိုလ်ဝင်တန်း**
"မေးခွန်းပုံစံသစ်အတွက်"
ဘယ်ခေါင်းစဉ်အောက်မှာ ဘယ်လိုပုံစံနဲ့ မေးခွန်းတွေ မေးခဲ့သလဲ သိချင်ပါသလား။ တွက်ချက်မှုဆိုင်ရာ လေ့ကျင့်ခန်းတွေများများ လေ့ကျင့်လိုပါသလား
၂၀၀၂ ခုနှစ်မှ ယခုနှစ်အထိ စစ်ဆေးခဲ့သော ဘောဂဗေဒတွက်ချက်မှုများ
ဦးလှသိန်း(ဘောဂဗေဒ)စီးပွားရေးတက္ကသိုလ်

---

**ကံ့ကော်ရိပ်**
၂၀၀၉ ခုနှစ်မှ ယခုနှစ်အထိ တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာမေးခွန်းဟောင်း Essays & Letters များ
2009-2018
Old Questions Essays & Letters for Distinction Students
UTT

၂၀၁၈ ခုနှစ်
ပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ ခရိုင်အသီးသီးတွင် စစ်ဆေးခဲ့သော စတုတ္ထတန်း ဘာသာစုံ မေးခွန်းပေါင်းချုပ်နှင့် စံပြအဖြေများ
ပါမောက္ခ၊ တွဲဖက်ပါမောက္ခ၊ စာစစ်မှူးများ ကိုယ်တိုင် စာမေးပွဲမေးခွန်းပုံစံအတိုင်း တိကျရှင်းလင်းသည့် အဖြေများကိုအမှတ်ပေး စည်းမျဉ်းနှင့်အညီ ပြုစုထားပါသည်။

ကေရီစံစာပေ C/34 နေကြာသာယာကုန်းလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
09 - 73051114, 095129670, 09550 1154

---

### အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7J/8508 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)**

### ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3M/5878 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

### ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5D/5842 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

---

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ဦးတင်အောင်မိုး ၈/ငဖန(နိုင်)၀၂၇၅၄၀ ၏ Passport No (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၀၁၄၆၀၇၅**

---

### ဦးသန့်ဇင်ဦး (ဒို့ညီနောင် တာယာရောင်းဝယ်ရေးဆိုင်) ဘုရင့်နောင်ဈေး သိစေရန်

ဦးသန့်ဇင်ဦးသည် ရန်ကုန်မြို့၊ ဘုရင့်နောင်ဈေးရုံ (က/၆) အခန်း(၅)ရှိ ဒို့ညီနောင် တာယာရောင်းဝယ်ရေးဆိုင်တွင် ရောင်းချရန်အတွက် တာယာများကို အောင်သိန်းသန်းကုမ္ပဏီလီမိတက်မှ ဝယ်ယူခဲ့ရာတွင် အောင်သိန်းသန်းကုမ္ပဏီလီမိတက်သို့ တာယာဖိုးငွေကျပ် ၂၂၉၀၇၀၀၀၀/- (ကျပ်နှစ်ရာနှစ်ဆယ့်ကိုးသိန်းခုနစ်ထောင်တိတိ) ပေးသွင်းရန် ကျန်ရှိနေသဖြင့် ရှေ့နေမှတစ်ဆင့် အကြောင်းကြားစာပေးပို့ခဲ့သော်လည်း လက်ခံခြင်းမရှိသောကြောင့် သတင်းစာမှကြေညာခဲ့ရာ ဦးသန့်ဇင်ဦး၏ဖခင် ဦးခင်ဝင်းနှင့် အသိသက်သေသုံးဦးတို့က ၂၁-၇-၂၀၁၈ ရက်၌ ရှေ့နေရုံးခန်းတွင် ကုမ္ပဏီမှတာဝန်ရှိသူတို့နှင့် လာရောက်တွေ့ဆုံပြီး ပြေစာအထောက်အထားများကိုကြည့်ရှု၍ အကြောင်းပြန်မည်ဟု ပြောဆိုသွားခဲ့ပါသည်။ ဦးသန့်ဇင်ဦးမှာမူ လူကိုယ်တိုင်လာရောက်တွေ့ဆုံရှင်းလင်းခဲ့ခြင်းမရှိပါ။

ဤကြော်ငြာပါသည့်ရက်မှ ငါးရက်အတွင်း အထက်ဖော်ပြပါငွေကို ပေးအပ်ခြင်းမရှိပါက ဥပဒေအရ တရားစွဲဆိုအရေးယူတော့မည်ဖြစ်ကြောင်း နောက်ဆုံးအနေနှင့် အသိပေးကြေညာအပ်ပါသည်။

**အောင်သိန်းသန်းကုမ္ပဏီလီမိတက်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ကျော်ဟန် B.A(Law), LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၂၀၈၆/၈၁)**
**အမှတ် ၉/၁၁၊ အခန်း ၃၀၆(စ)ထပ်၊ ၃၆ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၀၂၈၂၆၀၄**

---

### သက်ဆိုင်သူများနှင့် အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ဇီးကုန်းမြို့နယ်နေ ဒေါ်အေးအေးအောင် ၇/ပမန(နိုင်)၁၆၈၉၆၃ နှင့် ဒေါ်အိမိုမိုအေး ၈/နမန(နိုင်)၁၃၀၆၇၈ တို့၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

အထက်အမည်ပါသူတို့သည် Online Facebook စာမျက်နှာ၌ AAA Group, Mo Mo Group အကောင့်ဖြင့် လေလံစုကြေးမဲ ရောင်း/ဝယ်လုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ရာ ၎င်းထံမှ ငွေကြေးများကို ဝယ်ရောင်းလုပ်ဖော်ကိုင်ဖက်များမှ ယုံကြည်အောင်ပြောဆို၍ ရယူသွားသောကြောင့် ငွေကြေးအခက်အခဲများ ဖြစ်နေရသည်ကို ဒေါ်အေးအေးအောင်နှင့် ဒေါ်အိမိုမိုအေးတို့၏ပြောကြားချက်များအရ သိရှိရပါသည်။

ထိုသို့ငွေကြေးအခက်အခဲများဖြစ်နေရသော်လည်း ၎င်းတို့မှ ပေးရန်ရှိသောသူများအား ပြန်လည်ပေးဆပ်နိုင်ရန် ငွေကြေးများရှာဖွေခြင်း၊ ၎င်းတို့၏ မိတ်ဆွေများထံမှ ငွေကြေးအကူအညီတောင်းခံခြင်းနှင့် ရရန်ရှိသူများထံသို့ ဥပဒေနှင့်အညီ တောင်းခံခြင်းများ ပြုလုပ်ဆောင်ရွက်နေသောကြောင့် အချိန်ကာလအနည်းငယ် ခေတ္တစောင့်ဆိုင်းပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

သို့ပါ၍ အထက်ဖော်ပြပါအတိုင်း အဆိုပါငွေကြေးများကို အချိန်တိုအတွင်း ပြန်လည်ရရှိရန် ဆောင်ရွက်နေစဉ် ၎င်းတို့ထံမှ ငွေရရန်ရှိသူများမှ စောင့်ဆိုင်းခြင်းမရှိဘဲ Online စာမျက်နှာပေါ်၌ ဓာတ်ပုံနှင့်တကွ ဂုဏ်သိက္ခာထိခိုက်စေရန် ရည်ရွယ်၍ ပို့စ်တင်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ မလျော်ကြဲဇာသုံးခြင်းတို့အပြင် ၎င်းတို့၏မိဘ၊ ဆွေမျိုးများနှင့် ၎င်းတို့၏နေအိမ်များသို့ လူမိုက်ဆန်ဆန် သွားရောက်ကာ ဥပဒေမဲ့ပြုလုပ်ခြင်းမပြုရန်နှင့် ပြုလုပ်ပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်သူများ-** | **လွှဲအပ်ချက်အရ-** |
| **၁။ ဒေါ်အေးအေးအောင်** | **ဦးသက်ဖြိုးမောင် LL.B** |
| **၇/ပမန(နိုင်)၁၆၈၉၆၃** | **တရားလွှတ်တော်ရှေ့နေ** |
| **၂။ ဒေါ်အိမိုမိုအေး** | **(စဉ်-၁၁၈၈၂)** |
| **၈/နမန(နိုင်)၁၃၀၆၇၈** | **အေးမြသုခ (၃)လမ်း၊ အမှတ် (၃)** |
| | **ရပ်ကွက်၊ ဇီးကုန်းမြို့၊** |
| | **ဖုန်း-၀၉-၄၂၃၇၃၇၇၅၅** |

---

### ကုန်အမှတ်တံဆိပ်အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ (၅)ရပ်ကွက်၊ ဗိုလ်ရွဲလမ်း၊ အမှတ် ၇၇၊ သုံးလွှာနေ ဦးနိုင်ဝင်း (ခ) ရန်နိုင်ဝင်းသည် အောက်ဖော်ပြပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို မိမိတစ်ဦးတည်းမူပိုင်အဖြစ် သုံးစွဲရန် ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ် ၄/၇၃၉၀ ဖြင့် မှတ်ပုံတင်ပြီးဖြစ်ပါသည်။

Shwe Bill

အထက်ဖော်ပြပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို တယ်လီဖုန်းအက်ပလီကေးရှင်း (Application) ဖြင့် ဖုန်းငွေဖြည့်ခြင်းလုပ်ငန်းများတွင် အသုံးပြုသွားမည်ဖြစ်ပါသည်။

သို့ပါ၍ အထက်ပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို အခြားမည်သူတစ်ဦးတစ်ယောက်ကဖြစ်စေ၊ အဖွဲ့အစည်း (သို့မဟုတ်) ကုမ္ပဏီတစ်ခုခုကဖြစ်စေ ဦးနိုင်ဝင်း (ခ) ရန်နိုင်ဝင်း၏ သဘောတူညီချက်မရရှိဘဲ အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား တုပပြုလုပ်သုံးစွဲခြင်း၊ ထုတ်လုပ်ဖြန့်ဖြူး၊ ရောင်းချခြင်း၊ အခြားတစ်နည်းနည်းဖြင့် အသုံးပြုခြင်းများမပြုလုပ်ကြပါရန်နှင့် အကယ်၍ အများပြည်သူများအား ထင်ယောင်ထင်မှားဖြစ်စေရန် တုပပြုလုပ်သုံးစွဲသည်ကို တွေ့ရှိပါက မိမိ၏အကျိုးစီးပွားကို ထိခိုက်နစ်နာမှုအတွက် တည်ဆဲဥပဒေများအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဦးနိုင်ဝင်း (ခ) ရန်နိုင်ဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးကျော်စွာမြင့်**
**တရားလွှတ်တော်ချုပ်ရှေ့နေ (စဉ်-၇၂၆၆)**
**အမှတ် ၁၀/၁၂၊ အခန်း ၂၀၁၊ ၃၅ လမ်း၊ အောက်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၄၀၂၉၉**

---

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ($21A^2$)၊ မြေကွက်အမှတ် Northern Portion of Northern $^1/_3$ of II 21၊ ဧရိယာ(15'.3"x60') ရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ၁၂၉၊ လသာလမ်း၊ လသာမြို့နယ်ဟုခေါ်တွင်သည့် အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးကြည်ဝင်း ၁၂/ဗတထ(နိုင်)၀၃၀၉၈၇ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါပစ္စည်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများသည် ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားများနှင့်တကွ၊ ယခုကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အထက်ပါပစ္စည်း၏ တရားဝင်အရောင်းအဝယ်ကိစ္စကို အပြီးအပြတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးသက်ထွန်း** | **ဒေါ်ကြည်ကြည်ဌေး** |
| **B.A(Law), LL.B (စဉ်-၃၅၅၇)** | **B.A(Law), LL.B (စဉ်-၂၃၆၇)** |
| **တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်** | **တရားလွှတ်တော်ရှေ့နေ** |

**အမှတ် (၆ စီ-၂)၊ ရန်ကင်းစင်တာ၊ ဆရာစံလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၅၅၆၈၁၂၊ ၀၉-၅၀၁၅၂၃၄၊ ၀၉-၅၀၃၁၂၃၄၊ E-mail:thettun.law@gmail.com**

---

### အများသိစေရန်ကြေညာချက်

ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်းတောင်အနောက်ရပ်ကွက်၊ မဏိမေခလာလမ်းနှင့် ဦးရွှေစိုးလမ်းထောင့်၊ အမှတ် (၂၁/၂၃)တွင် (၁)ခန်းတည်း (၈$\frac{၁}{၂}$) ထပ်တိုက် (Pitch Roof)(Lift-ပါ) ဆောက်လုပ်ခွင့်အား ဤဌာန၏ ၂၀-၁-၂၀၁၇ ရက်စွဲပါစာအမှတ် ၂၀၂၈/၂၀၂၉/စည်ပင်-ယာ(အုံ)အရ မြေရှင် ဦးစိုင်းစံနွန်း၊ လိုင်စင်ရကန်ထရိုက်တာ ဦးအောင်သိန်း(LC-၆၂၃) နှင့် လိုင်စင်ရအင်ဂျင်နီယာ ဒေါ်လှဲ့ယဉ်ဝင်း (LS-၂၂၁၅)တို့ဖြင့် ဆောက်လုပ်ခွင့်ပြုခဲ့ပါသည်။

အဆိုပါ(၈$\frac{၁}{၂}$)ထပ်အဆောက်အအုံ သက်တမ်းတိုးလျှောက်ထားရာတွင် လိုင်စင်ရကန်ထရိုက်တာ ဦးအောင်သိန်း (LC-၆၂၁) မှ လိုင်စင်ရကန်ထရိုက်တာ ဦးဇော်မင်းလွင်(LC-၅၆၆)ဖြင့်လည်းကောင်း၊ လိုင်စင်ရအင်ဂျင်နီယာ ဒေါ်လှဲ့ယဉ်ဝင်း (LS-၂၂၁၅)အစား မှတ်ပုံတင်အင်ဂျင်နီယာ ဦးအောင်ထွဋ် (PE-၀၅၈၇) ဖြင့်လည်းကောင်း ပြောင်းလဲ၍ ဆောက်လုပ်ခွင့်သက်တမ်းတိုးခွင့်ပြုပါရန် မြေရှင်၊ ပြောင်းလဲဆောင်ရွက်မည့် လိုင်စင်ရကန်ထရိုက်တာနှင့် မှတ်ပုံတင်အင်ဂျင်နီယာတို့မှ တင်ပြလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

### ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၈/ဒက္ခိဏသီရိအလယ်ရပ်)၊ မြေကွက်အမှတ် (ဒ-၃၀၁၁၆)၊ ဧရိယာ ၀ ဒသမ ၁၄၆ ဧကရှိ ဒေါ်အေးမြတ်သူ (ဘ)ဦးဘိုဝင်း မြတ် ၅/မရန(နိုင်)၁၆၂၃၈၃ အမည်ပေါက် ပါမစ်မြေကွက်အား ဦးဇော်မျိုးထွန်း (ဘ)ဦးတင်ကျန်း ၁/မစန(နိုင်)၀၂၅၉၄၂ မှ မြေပေးမိန့်(ပါမစ်)မူရင်း၊ မြေကွက်အရောင်းအဝယ် ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများ တင်ပြ၍ မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ဈ၊ မြေကွက်အမှတ် ၃၇၄၊ မြေကွက်တည်နေရာအမှတ် ၃၇၄၊ စက္ကဝတ် (၁)လမ်း၊ ဈ-ရပ်ကွက်၊ ဒေါ်ကြည် ၁၂/မရက(နိုင်)၁၈၁၀၃၉ အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက်သူ (မိခင်)ဒေါ်ကြည်သည် ၂၅-၁၁-၂၀၀၂ ရက်တွင်လည်းကောင်း၊ (ဖခင်) ဦးကျောက်စန်းသည် (၁-၁-၁၉၆၅)တွင်လည်းကောင်း၊ ကွယ်လွန်၍ ဒေါ်ခင်စန်း ၁၂/ဗဟန(နိုင်)၀၆၀၇၇၈ မှ တစ်ဦးတည်းသောသမီးတော်စပ်ကြောင်း မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံးကျမ်းကျိန်လွှာအမှတ် ၂/၁၄၈၈ (၁၉-၂-၁၈) ထောက်ခံကျမ်းကျိန်လွှာနှစ်စောင်၊ သေစာရင်း၊ သန်းခေါင်စာရင်း၊ ဂရန်မူရင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံး၏ ပါဝါမရပ်သိမ်းကြောင်း ကျမ်းကျိန်လွှာ - ၂/၁၆၃၀(၂၁-၂-၁၈) တို့တင်ပြ၍ ဒေါ်ခင်စန်း၏ G.P No -၅၈၃၅/၁၃ (၅-၄-၁၃)ဖြင့်ရရှိသူ ဦးထွန်းလင်း ၁၂/ဥကမ(နိုင်)၁၄၆၈၈၀ မှ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာသဖြင့် ကွင်းဆင်းစစ်ဆေးရာ မြေပြင်တွင် မြေကွက်လပ်ဖြစ်၍ လျှောက်ထားသူမှ တာဝန်ယူပါကြောင်း ဝန်ခံကတိပြုတင်ပြလာပါသဖြင့် G.P ဦးထွန်းလင်း ၁၂/ဥကမ(နိုင်)၁၄၆၈၈၀ မှ ပိုင်ဆိုင်+အရောင်းမြေပုံကူးလျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# ဘေးသင့်ဒေသများ အမြန်ပြန်လည်ထူထောင်ရေး ပေါင်းစပ်ညှိနှိုင်းမှုအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်သွားမည်

## ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်အမှာစကားပြောကြား



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**နေပြည်တော် ဩဂုတ် ၈**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဒုတိယသမ္မတဦးစီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အဖွင့်အမှာစကား ပြောကြားသည်။

ညှိနှိုင်းအစည်းအဝေးတွင် ဒုတိယသမ္မတက ၂၀၁၈ ခုနှစ် ဇွန်လနှင့် ဇူလိုင်လအတွင်း ဖြစ်ပွားခဲ့သည့် ရေကြီးရေလျှံမှုများကြောင့် မြန်မာနိုင်ငံအတွင်း တိုင်းဒေသကြီး/ ပြည်နယ်အချို့တွင် ရေဘေးအန္တရာယ် ကြုံတွေ့ခဲ့ရပါကြောင်း၊ အထူးသဖြင့် တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ထိခိုက်ခံစားရမှု များပြားခဲ့ပါကြောင်း။

*စာမျက်နှာ ၃ ကော်လံ ၁* ◆

# ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံ နှစ် (၃၀) ပြည့် အခမ်းအနား ရန်ကုန်တက္ကသိုလ်၌ ကျင်းပ

**ရန်ကုန် ဩဂုတ် ၈**

ရှစ်လေးလုံးဒီမိုကရေစီ အရေးတော်ပုံ နှစ် (၃၀)ပြည့် အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တက္ကသိုလ် အပန်းဖြေရိပ်သာ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) အလုပ်အမှုဆောင်များနှင့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံတကာသံရုံးများမှ သံအမတ်ကြီးများ၊ ရှစ်လေးလုံး အရေးတော်ပုံတွင် ပါဝင်ခဲ့ကြသူများ၊ ကျောင်းသား ကျောင်းသူများနှင့်

*စာမျက်နှာ ၅ ကော်လံ ၁* ❋



ရှစ်လေးလုံးဒီမိုကရေစီ အရေးတော်ပုံ နှစ် (၃၀)ပြည့် အခမ်းအနား ရန်ကုန်တက္ကသိုလ် အပန်းဖြေရိပ်သာ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပစဉ်။ သတင်းစဉ်

